မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်　၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၁၃ ရက်၊ တနင်္လာနေ့　အတွဲ (၅၉)၊ အမှတ် (၁၉၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သင်္ကြန်အကြိုနေ့တွင် ပြည်သူများအား နှုတ်ခွန်းဆက်စကားရေးသား



နေပြည်တော် ဧပြီ ၁၂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ယနေ့ သင်္ကြန်အကြိုနေ့တွင် ပြည်သူများအား ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ အောက်ပါအတိုင်း နှုတ်ခွန်းဆက်စကားရေးသားထားသည်-

ငယ်ငယ်က သင်ခဲ့ရတဲ့သီချင်းစာသားလေးနဲ့ ပြည်သူတွေကို သင်္ကြန်အကြိုနေ့မှာ နှုတ်ဆက်လိုက်ပါတယ်။

မာပါစေ၊ ကျန်းမာပါစေ၊
ပန်းလိုမွှေး၊ ရေလိုအေးကာ၊
ထာဝစဉ် ရွှင်လန်းကြပါစေ၊
အေး၊အေး၊ အေးချမ်းဖို့လေ၊
ဘေးဘယာတွေ ဝေးကွာစေဖို့လေ။

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား စားသောက်ရေးအဆင်ပြေစေရန်အတွက် နိုင်ငံတော်မှ အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေး

ဆီဆိုင် ဧပြီ ၁၂

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စားသောက်ရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးသော အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန်ငါးမျိုး ဖြစ်သည့် ဆန် ၈ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာတို့ကို ဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၁၂ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်မွန်ကျေးရွာအုပ်စု၊ ဘန်းယဉ်ကျေးရွာအုပ်စုနှင့် ပါလောပါကယ်ကျေးရွာအုပ်စုတို့ရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုဝင်များထံသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်နှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့သည်။ *စာမျက်နှာ ၄ ကော်လံ ၄* ❏



ဆီဆိုင်မြို့နယ်အတွင်းရှိ အခြေခံလူတန်းစားများအတွက် နိုင်ငံတော်မှထောက်ပံ့သည့် အခြေခံစားသောက်ကုန်ငါးမျိုးကို တာဝန်ရှိသူများက ပေးအပ်စဉ်။

ယနေ့ မာတိကာ

ကောင်းသော ခဏများ　စာ ၆

ကပ်ရောဂါ ထိန်းချုပ်ရေး ကြိုးပမ်းနေသည့် ကာလအတွင်း အာရပ်စော်ဘွားများ ပြည်ထောင်စုက အွန်လိုင်းပေါ် ထိမ်းမြားလက်ထပ်သည့် ဝန်ဆောင်မှုပေး　စာ ၁၃

တောင်အာရှအတွက် မုန်တိုင်းတစ်ခု ဖြစ်လာတဲ့ ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါ　စာ ၁၄

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

# တန်ဆေးလွန်ဘေး

ကူးစက်မြန်ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန် အသွားအလာကန့်သတ်ခြင်းကို မဖြစ်မနေပြုလုပ်ရသည်။ ယင်းသို့ ကန့်သတ်တားဆီးထားရခြင်းမှာလည်း ထိုသူသည် လတ်တလောအားဖြင့် ရောဂါလက္ခဏာပြသခြင်း မရှိသေးသည့်တိုင် ရောဂါပိုးကို သယ်ဆောင်သူဖြစ်နေနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများနှင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ဒေသများမှ ပြန်လည်ရောက်ရှိလာသူများကို ရောဂါပိုးသယ်ဆောင်လာသူများ ဖြစ်နိုင်ခြေရှိသူများအဖြစ် သတ်မှတ်ကာ အသွားအလာကန့်သတ်တားဆီးပြီး ရောဂါပျိုးချိန်ကာလတစ်ရပ်တွင် စောင့်ကြည့်ခြင်းအားဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ထိရောက်စွာ ကာကွယ်တားဆီးနိုင်သည်။

ရောဂါပိုးသယ်ဆောင်ထားသည့် ဖြစ်နိုင်ခြေရှိသူကို စောင့်ကြည့်ရသည့်ကာလ စုစုပေါင်း ၂၈ ရက်တွင် ပထမ ၂၁ ရက်သည် ပြည်သူလူထုပူးပေါင်းကူညီစောင့်ရှောက်မှုပေးထားသည့် သတ်မှတ်နေရာ အဆောက်အအုံတွင် ထားပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community Based Facility Quarantine)တွင် ပါဝင်ရမည်ဖြစ်ပြီး ၂၁ ရက်ပြီးမြောက်ပါက ၎င်း၏နေအိမ်တွင် ထပ်မံ၍ ခုနစ်ရက် Home Quarantine ဝင်ကြရမည်ဖြစ်သည်။ ကန့်သတ်စောင့်ကြည့်မှု ခံယူနေရဆဲကာလအတွင်း ရောဂါပိုးကူးစက်ပျံ့နှံ့မှုမှ ကာကွယ်ရန်အတွက် ထုတ်ပြန်ထားသည့် နည်းလမ်းများအတိုင်း နေထိုင်ရခြင်း၊ သီးခြားခွဲ၍ နေထိုင်ရခြင်းစသည်တို့က ကန့်သတ်စောင့်ကြည့်ခြင်း ခံရသူအဖို့ စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်ရမှုတို့ကို ဖြစ်ပေါ်စေသည်။ သို့ရာတွင် ယင်းသို့ ကန့်သတ်တားဆီးမှု၊ စောင့်ကြည့်စစ်ဆေးမှုတို့ကို ခံယူကြရခြင်းမှာ မိမိနှင့်တကွ မိမိ၏ မိသားစု၊ မိမိပတ်ဝန်းကျင်သို့ ရောဂါပိုးကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုပြုလုပ်ခြင်းဖြစ်သည်ကို မှန်ကန်စွာ နားလည်ခံယူပြီး စိတ်ဓာတ်တည်ငြိမ်ခိုင်မာစွာဖြင့် ၂၈ ရက်တာကာလကို ဖြတ်သန်းကြရမှာဖြစ်သည်။

သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine) နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ပိုင်းဆိုင်ရာ အကြံပြုချက်ကိုးချက်ကို ထုတ်ပြန်ပေးထားရာ ဂရုတစိုက်ဖတ်ရှုပြီး လိုက်နာကျင့်သုံးခြင်းအားဖြင့် အကျိုးရှိကြမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်တွင် မိုဘိုင်းဆက်သွယ်ရေးနည်းပညာများနှင့် လူမှုကွန်ရက်သုံးစွဲမှုများ ဖွံ့ဖြိုးထွန်းကားနေခြင်းက ကောင်းကျိုးရော၊ ဆိုးကျိုးပါ ကြီးကြီးမားမားရှိနေသည်။ သတင်းဆက်သွယ်ရေးနှင့် လူမှုကွန်ရက်တို့မှတစ်ဆင့် မိသားစုများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် အချိန်မရွေး ဆက်သွယ်နိုင်ခြင်း၊ သတင်းအချက်အလက်များနှင့် ဆောင်ရန် ရှောင်ရန် အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်သလို ကောလာဟလများ၊ သတင်းမှားများ၊ မဟုတ်မမှန်ရေးသားထားသည့် အချက်အလက်များ၊ ဆေးမြီးတိုများ စသည်တို့ကိုလည်း ရရှိနိုင်ရာ ဆင်ခြင်တုံတရား ဖြင့် ခွဲခြားနိုင်ရန် လိုအပ်သည်။

အထူးအားဖြင့် လူမှုကွန်ရက်များကို နေ့ရောညပါ အချိန်များစွာကြည့်ပြီး ကိုဗစ်-၁၉ ဆိုင်ရာ အချက်အလက်များနှင့် အချိန်ကုန်နေတတ်ခြင်းက တန်ဆေး လွန်ဘေးဆိုသည့် စကားကဲ့သို့ပင် အကျိုးရှိခြင်းထက် စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုတို့ကို ပိုမိုဆိုးရွားလာစေတတ်သည်ဟူ၍ အကြံပြုထားရာ ရှောင်ကြဉ်ကြဖို့ပင် ဖြစ်သည်။ မိမိတို့ ပြည်သူတစ်ဦးချင်းအနေဖြင့် သတင်းအချက်အလက်မှန်များကို မိမိအတွက်၊ မိမိ မိသားစုအတွက် လိုအပ်သလောက်သာ ရယူကြပြီး ကျန်းမာရေးအတွက် မှန်ကန်ကောင်းမွန်သည့် အကြံပြုချက်များကို အလေးထားလိုက်နာ ကျင့်သုံးကြခြင်းကသာ အခြေအနေအချိန်အခါနှင့်ကိုက်ညီပြီး အကျိုးရှိနိုင်မည်ဖြစ်သည်ဟု တိုက်တွန်းလိုပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## မြဝတီမြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၁၁၅၀ အတွက် တတိယနေ့အဖြစ် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးလျက်ရှိ

မြဝတီ မေ ၁၂

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန် ငါးမျိုးကို အိမ်တိုင်ရာရောက် ထောက်ပံ့ဖြန့်ဝေပေးလျက်ရှိရာ ယနေ့ တတိယနေ့အဖြစ် အိမ်ထောင်စု ၁၁၅၀ အား ဆက်လက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)



**ဖြန့်ဝေပေး**

ထိုသို့ ဖြန့်ဝေပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ဖြန့်ဝေပေးခြင်းဖြစ်သည်။

**ပထမဦးစားပေး**

ထိုသို့ဖြန့်ဝေရာတွင် အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန် ငါးမျိုးဖြစ်သော ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ဆား ၅၀ ကျပ်သား၊ ကြက်သွန်နီတစ်ပိဿာတို့ ပါဝင်ပြီး ပထမဦးစားပေးစာရင်းအရ ဖြန့်ဝေပေးခြင်းဖြစ်သည်။

မြဝတီမြို့နယ်အနေဖြင့် ပထမနေ့တွင် အိမ်ထောင်စု ၂၀၀ စု၊ ဒုတိယနေ့တွင် အိမ်ထောင်စု ၁၁၅၀ နှင့် ယနေ့ တတိယနေ့အဖြစ် ၁၁၅၀ အား ဆက်လက်ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန်လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်ခြင်း

တောင်သူလယ်သမားဦးကြီးများအနေဖြင့် လယ်ယာလုပ်သား အခက်အခဲများကြောင့် လယ်ယာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်မှု မထိခိုက်စေရန်တို့အတွက် လူအင်အားအနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်ရေး၊ စိုက်ပျိုးရေးနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြရန်အလို့ငှာ စက်မှုလယ်ယာဦးစီးဌာနက စွမ်းအားရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် နီးစပ်ရာ စက်မှုလယ်ယာစခန်းများတွင် လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့ လည်းကောင်း ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | - ၀၉ ၅၀၀၇၅၇၆၊ ၀၆၇ ၃၄၃၁၂၁၀ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | - ၀၉ ၂၅၀ ၂၈၉ ၂၉၉၊ ၀၆၇ ၃၄၃၁၂၁၂ |
| ညွှန်ကြားရေးမှူး(လုပ်ငန်း) | - ၀၉ ၄၂၂ ၀၀၀ ၂၂၁ |
| ညွှန်ကြားရေးမှူးချုပ်ရုံး | - ၀၆၇ ၃၄၃၁၂၃၄ |
| စက်မှုလယ်ယာဦးစီးဌာန (လုပ်ငန်းဌာနခွဲ) | - ၀၆၇ ၃၄၃၁၂၁၈ |

တိုင်းဒေသကြီးနှင့်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနရုံးများ
မြို့နယ်စက်မှုလယ်ယာစခန်းများ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး မြဝတီခရိုင်ပြည်သူ့ဆေးရုံ၊ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာများနှင့် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ် (၂) တို့သို့ သွားရောက်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် ဧပြီ ၁၂

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သည် ယမန်နေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ် မြဝတီခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ခဲ့ပြီး ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကုသမှု အထောက်အကူပြုပညာရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကရင်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် လူမှုရေးအဖွဲ့အစည်းများ ညီညွတ်စွာ လက်တွဲ ပူးပေါင်းဆောင်ရွက်နေမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများနှင့်မတူဘဲ ထိုင်းနိုင်ငံမှ နိုင်ငံတွင်းသို့ မြန်မာနိုင်ငံသားများ အစုလိုက်အပြုံလိုက် ပြန်လာမှုများကို လက်ခံလျက်ရှိနေပါကြောင်း၊ ထိုသို့ ဝင်ရောက်လာသူများအား အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာ နေရာများတွင်လည်း စည်းကမ်းလိုက်နာဆောင်ရွက်ရေးသည် အထူးအရေးကြီးပြီး ပြန်လည်ဝင်ရောက်လာသူ မည်သူတွင်မဆို ရောဂါပိုးပါရှိလာနိုင်သည်ဟူသော ထင်မြင်ချက်ဖြင့် အထူးသတိပြု ကြရမည်ဖြစ်ပါကြောင်း၊ ယခုအခါ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှု၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူမှုများကြောင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဆေး၊ ဆေးပစ္စည်းကိရိယာ၊ ရောဂါကာကွယ်ရေးအသုံးအဆောင်များ ပိုမိုရရှိလာသဖြင့် တိုင်းဒေသကြီး / ပြည်နယ် ကျန်းမာရေးဌာနများနှင့် ညှိနှိုင်းကာ လိုအပ်သည့် နေရာများသို့ ဦးစားပေးကာ ပေးပို့လျက်ရှိပါကြောင်း၊ မြဝတီခရိုင်ဆေးရုံကြီး၏ ကိုဗစ်-၁၉ ရောဂါ လူနာများ ကုသမှုပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်း ကျေနပ်မှုရှိပါကြောင်း၊ ပိုမိုကောင်းမွန်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆေးရုံရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆောင်ရွက်နေမှု အခြေအနေများနှင့် ဆေးရုံပိုင်းဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကာ ဖြည့်ဆည်းဆောင်ရွက်သည်။

ထို့နောက် ထိုင်းနိုင်ငံမှ ပြန်လာသူ မြန်မာနိုင်ငံသား ၂၆၅ ဦးအား အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိရာနေရာ (quarantine site) ဖြစ်သည့် မြဝတီမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (၁) သို့ သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား တွေ့ဆုံအားပေးပြီး မြဝတီ-မဲဆောက်၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)သို့ သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများနှင့် နီးနွယ်ဌာနများ ပူးပေါင်းဆောင်ရွက်မှုနှင့် အဖျားရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုဆောင်ရွက်ရန် စာရင်းမှတ်တမ်းများ စနစ်တကျပြုစုရေးအတွက် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းတို့နှင့် တွေ့ဆုံ၍ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိသူ မြန်မာနိုင်ငံသားများအား သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိ၍ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထိုင်းနိုင်ငံမှ ပြန်လာသူ မြန်မာနိုင်ငံသား ၈၃၈ ဦးအား အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိရာနေရာ (quarantine site) ဖြစ်သည့် မော်လမြိုင်တက္ကသိုလ်၊ အဆောင်များသို့ သွားရောက်၍ တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဌာနများမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား တွေ့ဆုံအားပေး၍ စနစ်တကျ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ရွှေဘိုမြို့ပေါ်ရှိ အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များ ထောက်ပံ့ပေး

မုံရွာ ဧပြီ ၁၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဧပြီ ၁၀ ရက်မှစတင်ပြီး အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်ဇနီး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူ၊ ရွှေဘိုခရိုင်/ မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ရွှေဘိုမြို့ပေါ်ရှိ အမှတ် (၁)၊ (၃)၊ (၄)၊ (၅)၊ (၇)၊ (၉) စသည့် ရပ်ကွက်များရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၃၆၉၃ စုအား သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြန့်ဝေပေးရာတွင် ရွှေဘိုမြို့ပေါ်ရှိ အမှတ်(၁)၊ (၃)၊(၄)၊ (၅)၊(၇)၊(၉) စသည့် ရပ်ကွက်များရှိ ပုံမှန် ဝင်ငွေမရှိသော အိမ်ထောင်စု ၃၆၉၃ စုအတွက် အိမ်ထောင်စု တစ်စုလျှင် နိုင်ငံတော်မှထောက်ပံ့သည့် အခြေခံစားသောက်ကုန် ငါးမျိုးဖြစ်သော ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**



အလားတူ အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်နီ စသည်တို့ကို ဧပြီ ၁၀ ရက်က ရွှေဘိုမြို့ပေါ်ရှိ အမှတ်(၂)၊(၆)၊(၈) စသည့် ရပ်ကွက်များမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၈၅၂ စုအား သွားရောက် ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ကျန်ရှိသည့် အမှတ်(၁၀)ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေ မရှိသော အိမ်ထောင်စု ၁၃၀၇ စုအား ယနေ့ မွန်းလွဲ ၂ နာရီတွင် ထောက်ပံ့ပေးအပ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်ထံမှ သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း နိုင်ငံတော်မှထောက်ပံ့ပေးသည့် အခြေခံစားကုန်ငါးမျိုးအား ပဲခူးမြို့ပေါ်ရှိ အခြေခံပြည်သူများထံ သွားရောက်ပေးအပ်

ပဲခူး ဧပြီ ၁၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ရွှေပုံ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ တာဝန်ရှိဌာနဆိုင်ရာများနှင့် အတူ ဧပြီ ၁၁ ရက်က ပဲခူးမြို့ပေါ် ရပ်ကွက်အချို့တွင် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေ မရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားသောက်ကုန် ငါးမျိုးကို သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ပေါ်ရှိ ရုံးကြီးရပ်ကွက်၊ လိပ်ပြာကန်ရပ်ကွက်နှင့် ဟံသာဝတီရပ်ကွက်များသို့ သွားရောက်ပြီး ရုံးကြီးရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၃၉ စုကို လည်းကောင်း။

လိပ်ပြာကန်ရပ်ကွက်ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၁၂၀ ကိုလည်းကောင်း၊ ဟံသာဝတီရပ်ကွက်ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၁၇၀ ကိုလည်းကောင်း နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန် ငါးမျိုးတို့အား သက်ဆိုင်ရာ မိသားစုများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား မိသားစု တစ်စုလျှင် နိုင်ငံတော်မှ အခြေခံစားသောက်ကုန် ငါးမျိုးဖြစ်သည့် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာတို့ကို ထောက်ပံ့ပေးခြင်းဖြစ်ပြီး ပဲခူးမြို့နယ်အတွင်း၌ ရပ်ကွက်/ ကျေးရွာအုပ်စု ၁၀၆ အုပ်စု ရှိရာ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၇၀၈၈၁ စု၊ လူဦးရေ ၂၈၈၉၇၇ ဦးရှိကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



# အနေးယာဉ်လုပ်သားများနှင့် စည်ပင်သာယာဝန်ထမ်းအချို့အား အခြေခံစားသောက်ကုန်များလှူဒါန်းသည့် "မျှဝေခြင်း အစီအစဉ်" ရန်ကင်းမြို့နယ်၌ပြုလုပ်

**ရန်ကုန် ဧပြီ ၁၂**

စေတနာရှင် အလှူရှင်များ၏ ကိုယ်စား We Love Yangon က အနေးယာဉ်လုပ်သားများနှင့် စည်ပင်သာယာဝန်ထမ်းအချို့အား အခြေခံစားသောက်ကုန်များ လှူဒါန်းသည့် "မျှဝေခြင်း အစီအစဉ်" ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

We Love Yangon မှ ဒုတိယဥက္ကဋ္ဌ ဦးအရည်ကြို(က) "ဒီနေ့ အလှူကိုတော့ ကျွန်တော့်သူငယ်ချင်း ကိုပြည့်မောင်နဲ့ စမိုင်းတို့က လှူဒါန်းတာပါ။ အခြေခံစားသောက်ကုန်ပစ္စည်း လေးမျိုးကို ဦးရေ ၇၀၀ အတွက် လှူတာပါ။ ဒီမှာကတော့ အနေးယာဉ်လုပ်သားနဲ့ စည်ပင်သာယာဝန်ထမ်းတွေကို လှူတာပါ။ ဒါ့အပြင် ယာဉ်ထိန်းတပ်ဖွဲ့ဝင် ၁၈၀ ကိုလည်း လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ပစ္စည်းအားလုံးရဲ့ တန်ဖိုးကတော့ ငွေကျပ် သိန်း ၇၀ ဖြစ်ပါတယ်" ဟု ပြောသည်။

လှူဒါန်းမှုအနေဖြင့် ရန်ကင်းမြို့နယ်မှ အနေးယာဉ်လုပ်သား ၃၈၀ နှင့် စည်ပင်သာယာဝန်ထမ်း ၁၄၀ တို့အား တစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာနှင့် ငရုတ်သီးမှုန့် စသည့် အခြေခံစားသောက်ကုန်လေးမျိုးကို သက်ဆိုင်ရာ၏ ကြီးကြပ်စီစဉ်ဆောင်ရွက်မှုဖြင့် လှူဒါန်းကြခြင်းဖြစ်သည်။

ရန်ကင်းမြို့နယ် ဘောက်ထော်မှ အနေးယာဉ်လုပ်သား ဦးအောင်ဝင်းက "ကျွန်တော်တို့ မိသားစုအတွက် စားဖို့ တစ်ပတ်စာလောက်တော့ ဖူလုံသွားပြီ။ အလုပ်အကိုင်တွေ မကောင်းတဲ့အချိန်မှာ အခုလို လာရောက်လှူဒါန်းတဲ့ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

We Love Yangon သည် လူထုအခြေပြုပရဟိတအဖွဲ့ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်တွင် စတင်ဖွဲ့စည်း ခဲ့ခြင်း ဖြစ်သည်။ ယခုအခါ အဆိုပါအဖွဲ့အနေဖြင့် စေတနာရှင်အလှူရှင်များ၏ကိုယ်စား "မျှဝေခြင်း အစီအစဉ်" အဖြစ် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အိမ်ထောင်စုပေါင်း နှစ်ထောင်ခန့်ကို အခြေခံစားသောက်ကုန်များ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – ဇော်ကြီး**

# ကျွန်းစုမြို့နယ်အတွင်း အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စားသောက်ကုန်များ ကျေးရွာများသို့ ဖြန့်ဖြူးပို့ဆောင်

**ကျွန်းစု ဧပြီ ၁၂**

ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် အရေးကြီးကာလ မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ထောက်ပံ့ကူညီမှု ငါးမျိုးကို တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၂၄၂၁၃ စုအတွက် ထောက်ပံ့ကူညီပေးနိုင်ရန် ကျွန်းစုမြို့နယ် ထုပ်ပိုး၊ ပို့ဆောင်၊ ဖြန့်ဖြူးရေးအဖွဲ့က ဧပြီ ၁၁ ရက်တွင် မြိတ်မြို့၌ရရှိသော ထောက်ပံ့ကူညီမှု ငါးမျိုးမှ ဆန်၊ ဆီ၊ ဆားများကို ကျေးရွာများသို့ စနစ်တကျ ထုပ်ပိုး၊ သယ်ယူ၊ ပို့ဆောင်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ကျွန်းစုမြို့နယ်တွင် ကျေးရွာအုပ်စု ၂၄ စုရှိပြီး အိမ်ထောင်စု ၃၅၆၇၂ စုရှိကာ အခြေခံလူတန်းစား အိမ်ထောင်စု ၂၄၂၁၂ စု၊ လူဦးရေ စုစုပေါင်း ၁၁၇၉၅၅ ဦးရှိ၍ ၎င်းတို့အတွက် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ထောက်ပံ့ကူညီမှု ငါးမျိုးတွင် မြိတ်ခရိုင်မှတစ်ဆင့် ဆန်၊ ဆီ၊ ဆားတို့ လုံလောက်မှုရှိ၍ ယနေ့တွင် ပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး လိုအပ်လျက်ရှိသည့် ပဲနှင့်ကြက်သွန်ကို ထောက်ပံ့မှုရရှိပါက သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဆက်လက် ပို့ဆောင်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ကျွန်းစုမြို့နယ် ထုပ်ပိုး၊ ပို့ဆောင်၊ ဖြန့်ဖြူးရေးအဖွဲ့မှ သိရသည်။

မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည် ၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား ၊ ပဲတစ်ပိဿာ ၊ ကြက်သွန်တစ်ပိဿာ ထောက်ပံ့ကူညီမှု ငါးမျိုးကို ဖြန့်ဖြူးထောက်ပံ့ပေးနိုင်ရန် မြို့နယ်အတွင်းရှိ ကျေးရွာများအား ထုပ်ပိုး၊ သယ်ယူ၊ ပို့ဆောင် ဖြန့်ဖြူးရေးအဖွဲ့က စနစ်တကျ ခွဲဝေပေးခဲ့ပြီး ရပ်ကွက်၊ ကျေးရွာများအလိုက် ပြည်သူများထံသို့ ဖြန့်ဖြူးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**



❑ ***ရှေ့ဖုံးမှ***

အိမ်တိုင်ရာရောက် ကွင်းဆင်းထောက်ပံ့ပေးရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက ဆီဆိုင်မြို့နယ် နောင်မွန် ကျေးရွာအုပ်စု နောင်မွန်ကျေးရွာ၊ ဘန်းယဉ်ကျေးရွာအုပ်စု ဘန်းယဉ်ကျေးရွာနှင့် ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာတို့ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုဝင်များထံသို့ အိမ်တိုင်ရာရောက် ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆီဆိုင်မြို့နယ်အတွင်း ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စုရှိပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၆၄၁ စု၊ လူဦးရေ ၁၃၇၉၅ ဦးအနက် အိမ်ထောင်စု ၅၀၀၊ လူဦးရေ ၁၉၄၇ ဦးအား ဖြန့်ဝေပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် အိမ်ထောင်စုဝင်များအား ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုအစီအစဉ်သို့ ချိတ်ဆက်မေးမြန်းလျက်ရှိ

**နေပြည်တော် ဧပြီ ၁၂**

ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန် အသွားအလာကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သည့် အကြောင်းများကြောင့် Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအနေဖြင့် စိတ်ဖိစီးမှုများ ခံစားရနိုင်ခြင်းကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine)နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှု ရယူနိုင်ရေးအတွက် နှစ်သိမ့်ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာတွင် စတင်ဆောင်ရွက်သည့် ဧပြီ ၉ ရက်တွင် ရန်ကုန်မှ ငါးဦး၊ ဧပြီ ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ မွန်ပြည်နယ်မှ သုံးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ ကရင်ပြည်နယ်မှ နှစ်ဦး၊ နေပြည်တော်မှ တစ်ဦး စုစုပေါင်း ရှစ်ဦး၊ ဧပြီ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ သုံးဦး စသည်ဖြင့် သုံးရက်တာကာလအတွင်း စုစုပေါင်း ၁၆ ဦး ဖုန်းဖြင့်ခေါ်ဆို ဆက်သွယ်မေးမြန်းလာခဲ့ကြောင်း သိရသည်။

သီးခြားနေထိုင်ရသည့်ကာလအတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် လူမှုရေး လိုအပ်ချက်များကို မျိုသိပ်မထားဘဲ အမှန်တကယ်လိုအပ်သော အကူအညီများကို တာဝန်ရှိသူများထံ ဖွင့်ဟဆွေးနွေးအကူအညီ ရယူနိုင်ရန်နှင့် စိတ်ခံစားချက်များ လျော့ပါးသက်သာစေနိုင်ရန်အတွက်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့တို့က ပူးပေါင်းစီစဉ်ထားသည်။

"အဓိကရည်ရွယ်ချက်ကတော့ ကိုဗစ်–၁၉ နဲ့ပတ်သက်ပြီး ရောဂါကူးစက်ပျံ့နှံ့ခြင်းကနေ ကာကွယ်ဖို့ ၁၄ ရက်တာ အသွားအလာအကန့်အသတ်ကနေ အခုဆိုရင် ၂၁ ရက်တာ အသွားအလာအကန့်အသတ်အဖြစ် ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ သီးခြားခွဲပြီးနေနေရတဲ့သူတွေ စိတ်ဖိစီးမှုခံရဖို့များလာတဲ့အတွက် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် လူမှုဖြစ်ရပ်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် လူမှုဝန်ထမ်းသမားများ မွေးထုတ်ပေးထားကာ နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးလျက်ရှိသည်။ ယခင်က မျက်နှာချင်းဆိုင် နှစ်သိမ့်ဆွေးနွေးမှုများ လုပ်ဆောင်ပေးခဲ့ပြီး လက်ရှိတွင် ကိုဗစ်–၁၉ ၏ အနေအထားအရ လူချင်းတွေ့ဆုံရှင်းလင်းပြဖို့ရန် အခက်အခဲရှိသည့်အတွက် ဖုန်းများနှင့် အွန်လိုင်းဝန်ဆောင်မှုပေးရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လေးယောက်စီဖြင့် လေးရက်ကြာ အထူးလေ့ကျင့်ပေးထားကာ စုစုပေါင်း ၆၀ နှင့် ပရဟိတအဖွဲ့ အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"စိတ်ပိုင်းဆိုင်ရာအကြံပြုချက်အနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့တို့က စိတ်ပိုင်းဆိုင်ရာ အကြံပြုချက်တစ်ရပ်ထုတ်ထားပါတယ်။ အဲဒီမှာ အချက်ကိုးချက်ပါပါတယ်။ အဲဒီအချက်ကိုးချက်က ကိုယ့်ရဲ့လူမှုအသိုက်အဝန်းတွေဖြစ်တဲ့ မိသားစုဝင်တွေ၊ မိတ်ဆွေသူငယ်ချင်းတွေ၊ ကိုယ်နဲ့ ဆက်သွယ်နေတဲ့ တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက် စတဲ့ လူမှုကွန်ရက်တွေကနေတစ်ဆင့် ဆက်သွယ်တာတွေကိုလည်း ပြုလုပ်ပါလို့ ပြောချင်ပါတယ်။ နေ့စဉ်လူမှုဆက်ဆံရေးမှာ Quarantine Site ထဲမှာ ဝင်နေလို့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ အချိန်ပေးပြီး နေနိုင်ပါတယ်လို့ ပြောချင်ပါတယ်။

"ဒါ့အပြင် အိမ်မှာ လုပ်ဆောင်နေကျအလုပ်တွေထဲကနေ လက်ရှိပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေရှိမယ့် သူတစ်ပါးကိုလည်း မထိခိုက်စေနိုင်တဲ့ ကိုယ့်ဝါသနာပါတဲ့ အလုပ်တစ်ခုကိုလည်း ဆက်ပြီးလုပ်ဆောင်ပါ။ စားသောက်တာတွေ၊ အိပ်စက်အနားယူတာတွေကို ကျန်းမာရေးနဲ့ ညီညွတ်မျှတအောင် သတိပြုပြီး ဆောင်ရွက်ဖို့ပါ။ ဒီနေရာမှာ အထူးပြုပြောချင်တာကတော့ ဆေးလိပ်၊ အရက်နဲ့ မူးယစ်ဆေးဝါးသုံးစွဲတာတွေကိုတော့ ရှောင်ကြဉ်ဖို့ပဲဖြစ်ပါတယ်။

"ကိုယ်နဲ့စိတ်ကို ဖြေလျှော့တဲ့ လေ့ကျင့်မှုတွေနဲ့ ကိုယ်လက်လှုပ်ရှားမှုတွေကိုလည်း မှန်မှန်ပြုလုပ်သင့်ပါတယ်ဆိုတာကိုလည်း အကြံပြုချင်ပါတယ်။ မိမိကိုးကွယ်ရာဘာသာတရားအလိုက် ကတိပြုဆုတောင်းတာတွေ၊ တရားမှတ်တာတွေနဲ့လည်း ကိုယ့်အတွက် အကျိုးရှိမယ့် လုပ်ငန်းတွေနဲ့ အချိန်ကိုအသုံးချစေချင်ပါတယ်။ ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေကို တစ်နေကုန်ထိုင်ပြီး စိုးရိမ်စိတ်နဲ့ ကြည့်နေရတဲ့ အနေအထားဟာ စိတ်ဖိစီးမှုကို ပိုများစေတဲ့အတွက် အဲဒါတွေကိုလည်း ဆင်ခြင်ပြီး ရှောင်ကြဉ်ဖို့လိုအပ်ပါတယ်။

"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်တဲ့ သတင်းများကိုလည်း သတိပြုလိုက်နာဆောင်ရွက်စေချင်ပါတယ်။ ကောလာဟလသတင်းတွေကိုလည်း အထူးသတိပြုပြီး ရှောင်ကြဉ်စေချင်ပါတယ်။ ယုံကြည်စိတ်ချရတဲ့ အရင်းအမြစ်တွေက ထုတ်ပြန်တဲ့ သတင်းအချက်အလက်တွေနဲ့ ညွှန်ကြားချက်တွေကိုတော့ လေ့လာမှတ်သားဖို့နဲ့ လက်လှမ်းမီပြီး အကျိုးရှိတဲ့ စာပေတွေကို ဖတ်ဖို့ဖြစ်ပါတယ်" ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ပြောကြားသည်။

ယခုအစီအစဉ်နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT,Mytel, Telenor နှင့် Ooredoo တို့က ကိုဗစ်–၁၉ ကူးစက်ရောဂါဘေးရင်ဆိုင်နေရစဉ် ကာလအတွင်း အခမဲ့ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကြည်**

# ပြည်ထောင်စုသားချင်းများ



တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများ ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား၊ စည်းလုံးညီညွတ်စွာနေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ ပြည်ထောင်စုတစ်ခု တည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine) နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများသို့ အသိပေးကြေညာချက်

၁။ COVID–19 ရောဂါပိုးကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် Community Based Facility Quarantine တွင် ပါဝင်စေခြင်း ဖြစ်ပါသည်။

၂။ မိမိတို့တွင် ရောဂါလက္ခဏာပြသခြင်းမရှိသော်လည်း ရောဂါပိုးကိုသယ်ဆောင်သူဖြစ်နေနိုင်ခြင်းကြောင့် အခြားသူများသို့ ပြန့်ပွားခြင်းမရှိစေရန် ရောဂါပျိုးချိန်ကာလဖြစ်သော (၂၈)ရက်တာကာလကို စောင့်ကြည့်ခြင်းဖြစ်ပြီး ဤအစီအစဉ်တွင် (၂၁) ရက် ပြီးမြောက်ပါက မိမိနေအိမ်တွင် (၇) ရက်ထပ်မံ၍ Home Quarantine ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်ကို ရောဂါပိုးမပြန့်ပွားအောင် ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို သိရှိစေလိုပါသည်။

၃။ ထိုသို့ သီးခြားနေထိုင်စဉ်ကာလအတွင်း COVID–19 ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်နည်းလမ်းများကိုစနစ်တကျ တိကျစွာ လိုက်နာကျင့်သုံးပေးစေလိုပါသည်။ (၂၈) ရက်တာအသွား၊ အလာကန့်သတ်ခြင်း (သို့) တားမြစ်ခြင်းတို့ ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သော အကြောင်းများကြောင့် စိတ်ဖိစီးမှုများခံစားရနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် ယုံကြည်စိတ်ချစွာ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်ရမည့်နည်းလမ်းများကို စေတနာလုပ်အားရှင်များက ကူညီဆောင်ရွက်ပေးပါမည်။

၄။ လူကြီးမင်းတို့အနေဖြင့် Quarantine ကာလပြီးဆုံးသွားပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဤအစီအစဉ်နှင့်အညီ လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးမည်ဖြစ်ပြီး မိမိနေအိမ်သို့ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း အခြားသူများနည်းတူ ရောဂါပိုးကူးစက်ခံရနိုင်ခြေရှိနေသေးသည့်အတွက် COVID–19 ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်နည်းလမ်းများကို ဆက်လက်လိုက်နာကျင့်သုံးရန် လိုအပ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community-Based Facility Quarantine) နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ပိုင်းဆိုင်ရာ အကြံပြုချက်

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ သတ်မှတ်နေရာများတွင် Facility Quarantine (၂၁) ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine (၇)ရက် စုစုပေါင်း (၂၈)ရက်တာ နေထိုင်ရသူများနှင့် ပြည်သူလူထုအများစုတွင် စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုစသည်တို့ ခံစားရလေ့ရှိပါသည်။ COVID–19 နှင့် ပတ်သက်၍ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် ရှေ့ရေးတို့အတွက် စိုးရိမ်ပူပန်ခြင်း၊ အိမ်တွင်ရှိသော မိသားစုဝင်များအတွက် စိုးရိမ်ပူပန်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။

သီးခြားနေထိုင်နေရသည့်ကာလအတွင်း အထီးကျန်သလိုခံစားရခြင်း၊ ငြီးငွေ့ခြင်း၊ စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အကူအညီမဲ့သလို ခံစားရခြင်းစသည့် ပိုမိုလွန်ကဲသောစိတ်ခံစားချက်များလည်း ဖြစ်ပေါ်လာတတ်ပါသည်။

သီးခြားနေထိုင်ရသည့်ကာလအတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို မျိုသိပ်မထားဘဲ အမှန်တကယ်လိုအပ်သောအကူအညီများကို တာဝန်ရှိသူများထံ ဖွင့်ဟဆွေးနွေးအကူအညီရယူသင့်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။

**ထိုစိတ်ခံစားချက်များ လျော့ပါးသက်သာစေနိုင်ရန် ယခုဖော်ပြထားသည်တို့ကို လုပ်ဆောင်နိုင်ပါသည်–**

- မိမိ၏လူမှုအသိုက်အဝန်းဖြစ်သော မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ ချစ်ခင်ရသူများနှင့် တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက်လူမှုကွန်ရက် စသည်များမှတစ်ဆင့် အဆက်အသွယ်ပြုလုပ်ပါ။
- နေ့စဉ်အိမ်တွင်လုပ်ဆောင်နေကျအလုပ်များထဲမှ လက်ရှိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိမည့် သူတစ်ပါးကိုလည်း မထိခိုက်စေနိုင်သည့် မိမိဝါသနာပါရာအလုပ်များကို ဆက်လက်လုပ်ဆောင်ပါ။
- စားသောက်ခြင်း၊ အိပ်စက်အနားယူခြင်းတို့ကို ကျန်းမာရေးနှင့်ညီညွတ်မျှတအောင် သတိပြု ဆောင်ရွက်ပါ။ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို ရှောင်ကြဉ်ပါ။
- ကိုယ်/ စိတ်ဖြေလျှော့သည့်လေ့ကျင့်မှုများနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ပါ။
- မိမိကိုးကွယ်ရာဘာသာတရားအလိုက် ဝတ်ပြုဆုတောင်းခြင်း၊ တရားမှတ်ခြင်းများ ပြုလုပ်ပါ။
- COVID–19 ရောဂါနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များဖြင့်သာ အချိန်ကုန်နေတတ်ခြင်းသည် စိုးရိမ်စိတ်နှင့် စိတ်ဖိစီးမှုများကို ပိုမိုဆိုးရွားစေနိုင်သဖြင့် ဆင်ခြင်ရှောင်ကြဉ်ပါ။
- ကောလာဟလသတင်းများကိုလည်း အထူးသတိပြုရှောင်ကြဉ်ပါ။
- ယုံကြည်စိတ်ချရသော၊ အသိအမှတ်ပြုထားသည့် သတင်းအချက်အလက် အရင်းအမြစ်များမှ ထုတ်ပြန်သော သတင်းများ၊ ညွှန်ကြားချက်များကိုသာ လေ့လာမှတ်သားလိုက်နာပါ။
- လက်လှမ်းမီသော အကျိုးရှိမည့်စာပေများကို ဖတ်ရှုပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့တို့ ပူးပေါင်းစီစဉ်သည်။**

## အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စားသောက်ကုန်များအား ပင်လောင်းမြို့နယ်အတွင်း ကျန်ရှိသည့် ကျေးရွာများသို့ ထောက်ပံ့ပေးအပ်

ပင်လောင်း ဧပြီ ၁၂

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအတွက် စာရင်းပြုစုတင်ပြထားသော သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အိမ်ထောင်စုများကို နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် စားသောက်ကုန်ငါးမျိုးကို ထောက်ပံ့ပေးအပ်ရန်ကျန်ရှိသည့် ကျေးရွာအုပ်စု ရှစ်စုအတွက် ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

စားသောက်ကုန်များထောက်ပံ့ရာတွင် ပင်လောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်တို့က အမှာစကားပြောကြားပြီး ကျန်ရှိသည့် ကျေးရွာအုပ်စု ရှစ်စုမှ အိမ်ထောင်စု ၈၇၄ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲတစ်ပိဿာ၊ ကြက်သွန်နီတစ်ပိဿာ၊ ဆား ၅၀ ကျပ်သားတို့ကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ပြည်သူလူထုများ ကိုယ်စား သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကောင်းသောခဏများ

## ဒေါက်တာသီတာအောင်(အမျိုးသားသွေးဌာန)

**ကျေးဇူးတော်ရှင် ဗုဒ္ဓဟောကြားခဲ့တဲ့ ပုဗ္ဗဏှသုတ်တော်မှာ –**

**"သုစရိုက်ကျင့်ရာ နေ့အခါကား ကောင်းသောနက္ခတ်၊ ကောင်းသော မင်္ဂလာချည်းသာ၊ ကောင်းသောမိုးလင်းရခြင်း၊ ကောင်းသောအိပ်ရာမှာနိုးထရခြင်း၊ ကောင်းသော ခဏ၊ ကောင်းသော မုဟုတ်ချည်းသာဖြစ်သည်။**

သုစရိုက်ကျင့်ရာ နေ့အခါ၌ ထိုသူသည် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုမှန်သမျှသည် တိုးတက်ကြီးပွားကြောင်း အကောင်းအမြတ်ချည်းသာတည်း။ ထိုသုစရိုက်ကျင့်သူတို့၏ ကံသုံးပါးတို့ကား တိုးတက်ကြီးပွားကြောင်းကောင်းမှု၌ ထားခြင်းမည်၏။

တိုးတက်ကြီးပွားကြောင်း ကောင်းမြတ်သော ကံသုံးပါးတို့ကို ပြုကြကုန်၍ ကောင်းမြတ်သော အကျိုးစီးပွားကို ရရှိကြကုန်၏။ သင်တို့သည် ကောင်းကျိုးကို ရရှိကြကုန်သည်၊ ချမ်းသာခြင်းရှိကြကုန်သည်၊ ဘုရားရှင်သာသနာတော်၌ တိုးတက်စည်ကားကြီးပွားကြကုန်သည်ဖြစ်၍ ဆွေမျိုးအပေါင်းနှင့်တကွ ရောဂါကင်းရှင်းချမ်းသာခြင်းသို့ ရောက်ကြကုန်သည်ဖြစ်ကြပါစေကုန်သတည်း" ဆိုတဲ့အဆိုအမိန့်၊ သစ္စာစကားကို နှလုံးသွင်းမိတဲ့အချိန်မှာ ကြုံတွေ့နေရတဲ့ ကောင်းသောခဏ ကောင်းသောကံသုံးပါးကို ဆောင်ရွက်နေသူများအတွက် အားရမိပါတယ်။

အခုလို ရောဂါဘေးနီးကပ်နေချိန်မှာ ပြည်သူများအတွက် စားဝတ်နေရေး အခြေခံလိုအပ်ချက်တွေကို တာဝန်ရှိသူများမှ ကြီးကြပ်ကွပ်ကဲပြီး ပြည်သူများစွာက စိတ်ဝင်စားစွာ တက်ညီလက်ညီဆောင်ရွက်နေတဲ့ ကောင်းသော လုပ်ဆောင်မှုများကို တွေ့ခွင့်ရလို့ လွန်စွာအားရမိပါတယ်။

အမျိုးသားသွေးဌာနအနေနဲ့ မျက်မြင်တွေ့ကြုံရတဲ့ ပီတိကိုလည်း မျှဝေလိုပါတယ်။ ယခုလို အချိန်မှာ လာရောက်ထောက်ပံ့ပေးကြတဲ့ သွေးလှူရှင်များရဲ့ ကောင်းသော လုပ်ဆောင်ခြင်းတွေကိုပါပဲ။

ယခုလို ကိုဗစ်–၁၉ ဘေးဒုက္ခကို စိုးရိမ်နေချိန်မှာ အမျိုးသားသွေးဌာနရဲ့ သက်တမ်းတစ်လျှောက် လုံးဝ မကြုံဖူးတဲ့ထောက်ပံ့မှုကို ပြည်သူများစွမ်းဆောင်သွားတာ တွေ့လိုက်ရပါတယ်။ နေ့စဉ်ရုံးဖွင့်ချိန်မှာ တစ်ဦးချင်း ထောက်ပံ့တဲ့သွေးလှူရှင်များ အများဆုံး ၇၀ – ၁၀၀ အထိသာ ရှိခဲ့ပါတယ်။ ဒါပေမယ့် မေ ၆ ရက် (တနင်္လာနေ့)မှာ သွေးလှူရှင် (၁၆၉) ဦး၊ ၇ ရက် (အင်္ဂါနေ့)မှာ (၁၈၆)ဦး၊ ၈ရက် (ဗုဒ္ဓဟူးနေ့) မှာ (၁၆၉) ဦး၊ ၉ ရက် (ကြာသပတေးနေ့) မှာ (၂၄၂)ဦး လာရောက်လှူဒါန်းမှုကို တွေ့ရလို့ လွန်စွာအားရမိပါ၍ ပြည်သူများပီတိဖြစ်စေရန် မျှဝေလိုက်ရခြင်းဖြစ်ပါတယ်။

**"အခုလို ရောဂါဘေးနီးကပ်နေချိန်မှာ ပြည်သူများအတွက် စားဝတ်နေရေး အခြေခံလိုအပ်ချက်တွေကို တာဝန်ရှိသူများမှ ကြီးကြပ်ကွပ်ကဲပြီး ပြည်သူများစွာက စိတ်ဝင်စားစွာ တက်ညီလက်ညီ ဆောင်ရွက်နေတဲ့ ကောင်းသောလုပ်ဆောင်မှုများကို တွေ့ခွင့်ရလို့ လွန်စွာအားရမိပါတယ်"**

လူငယ်များ(အသက် ၃၅နှစ်အောက်)ရဲ့ ထောက်ပံ့မှုဟာ အများဆုံးဖြစ်တာကို တွေ့ရှိလိုက်ပါတယ်။ ဒါပေမယ့် အသက်ကြီးတဲ့ အကြိမ်ကြိမ် သွေးလှူရှင်များလည်း လာရောက်ထောက်ပံ့ပါတယ်။ အထူးသဖြင့် သတိထားမိတာကတော့ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်မှ ဆရာဝန်လေးများ၊ သူနာပြုများ၊ သူနာပြုအကူများ လာရောက်လှူဒါန်းကြတာ တွေ့ရပါတယ်။

အခုအချိန်မှာ မိမိတို့အတွက် အရေးကြီးချိန်ဖြစ်လို့ မိမိတို့ဝန်ဆောင်မှုကို အားထားရမယ့်သူတွေ ရှိလာမှာဖြစ်လို့ အသက်ကြီးသူများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးရတဲ့ ဝန်ထမ်းများရဲ့ သွေးလှူဒါန်းမှုကို ဟန့်တားခဲ့ရပါတယ်။

လူငယ်များရဲ့ထောက်ပံ့မှုဟာ သွေးလှူဒါန်းမှုအတွက် အားကြီးတဲ့ အထောက်အပံ့ဖြစ်လာပြီမို့ ပိုမိုလိုအပ်တဲ့ နယ်ပယ်များမှာ စွမ်းအားတွေ ပြည့်ဝနေစေလိုလို့ ဖြစ်ပါတယ်။

ယခုလိုအချိန်မှာ သွေးထောက်ပံ့မှုပြုရတဲ့ သွေးဘဏ်များအနေနဲ့ အဓိကတာဝန်အရှိဆုံးကတော့ သွေးလှူရှင်များနဲ့ ဝန်ထမ်းများရဲ့ လုံခြုံစိတ်ချမှုရှိရေးပဲ ဖြစ်ပါတယ်။ လူနာတွေကို သွေးမှတစ်ဆင့် ကူးစက်ဖို့အခြေအနေနည်းပါးတာကြောင့် စမ်းသပ်စစ်ဆေးမှုအပိုင်းကို ထပ်မံအားဖြည့်စရာမလိုအပ်ပါ။

သွေးလှူရှင်များနဲ့ဝန်ထမ်းများအတွက် လုံခြုံစိတ်ချရမယ့် ပတ်ဝန်းကျင်ဖြစ်ဖို့ အရေးကြီးဆုံးဖြစ်နေပါတယ်။ ဒါကြောင့်လိုအပ်တဲ့ လိုအပ်ချက်တွေကို အဆင့်ဆင့်၊ တင်းကျပ်စွာ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ပြည်သူတွေကို သိရှိနိုင်အောင်လည်း သတင်းစကားများဖြန့်ဝေပြီးဖြစ်ပါတယ်။

သွေးရောဂါလူနာများ၊ ကင်ဆာရောဂါခံစားရလို့ ကုသမှုခံယူရတဲ့လူနာများ၊ အရေးပေါ်ခွဲစိတ်မှု၊ အရေးပေါ် အခြေအနေအတွက် သွေးလိုအပ်သူများ၊ တစ်ပါးသူတွေ သွေးနဲ့ ထောက်ပံ့မှ သက်တမ်းရှည်ပြီး နေထိုင်ရသက်သာမယ့် မွေးရာပါ သွေးလိုအပ်သူများ ယခုလို ကျပ်တည်းချိန်အထိ အပူအပင်မရှိ ကုသမှုခံယူနိုင်နေပါတယ်။ ပြည်သူများ ဝမ်းမြောက်နိုင်ရန် မျှဝေခြင်းဖြစ်ပါတယ်။

လူနာများအတွက် အပူအပင်ကင်းအောင် ကုသမှုခံယူနိုင်နေတာကတော့ မိမိတို့ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်ချိန်မှာ ကိုယ့်လိုကျန်းမာခြင်းနဲ့ မပြည့်စုံတဲ့ လက်ရှိဆင်းရဲဒုက္ခတွေ့နေရသော သွေးလိုအပ်နေသည့် လူနာများအပေါ် ဖြစ်ပေါ်လာတဲ့ သနားခြင်းကရုဏာရဲ့ အားကောင်းတဲ့ တွန်းပို့မှုနဲ့ စွမ်းဆောင်နိုင်ခဲ့ကြတဲ့ စေတနာရှင်ပြည်သူများရဲ့ ကောင်းသော ကံသုံးပါးကြောင့်ပဲ ဖြစ်ပါတယ်။

ဤအားကောင်းသည့် ကောင်းသောခဏများ၏ ပေါင်းစုမှုများကြောင့် အနာရောဂါကင်းရှင်းချမ်းသာခြင်းများ မလွဲမသွေရရှိနိုင်မည်ဟု ခံယူမိပါသောကြောင့် မျှဝေလိုက်ရခြင်းဖြစ်ပါတယ်။ ကျန်းမာသောလူငယ်များအားလည်း ဆက်လက်ထောက်ပံ့ပေးပါရန် နှိုးဆော်လိုက်ရပါတယ်။

" Let's keep saving life together "

## ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine) နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုရယူနိုင်ရေး အသိပေးကြေညာချက်

COVID–19 ရောဂါပိုးကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန် (၂၈) ရက်တာ အသွားအလာကန့်သတ်ခြင်း (သို့) တားမြစ်ခြင်းတို့ ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သော အကြောင်းများကြောင့် Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအနေဖြင့် စိတ်ဖိစီးမှုများ ခံစားရနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှု ဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် မိမိတို့ကိုယ်တိုင် စိတ်ချယုံကြည်စွာ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းကို နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အထူးလေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများက နေ့စဉ် နံနက်(၀၉:၃၀) နာရီမှ ညနေ (၁၆:၃၀) နာရီအထိ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ဤအစီအစဉ်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ဆက်သွယ်ရေးအော်ပရေတာများဖြစ်ကြသော MPT, Mytel, Telenor နှင့် Ooredoo တို့က COVID–19 ကူးစက်ကပ်ရောဂါဘေး ရင်ဆိုင်နေရစဉ်ကာလအတွင်း အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်ပါသည်။

နှစ်သိမ့်ဆွေးနွေးမှုခံယူသူများ၏ သတင်းအချက်အလက် မပေါက်ကြားရေးကို အထူးအလေးထား ကာကွယ်ပေးသွားမည်ဖြစ်ပြီး အခြားလူမှုရေးနည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါက ဆက်လက်ညွှန်းပို့ ချိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဖော်ပြထားပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

| စဉ် | တိုင်း/ပြည်နယ် | MPT | Mytel | Telenor | Ooredoo |
|---|---|---|---|---|---|
| ၁။ | ကချင် | 09-889900011 | 09-661015555 | 09-770771000 | 09980000101 |
| ၂။ | ကယား | 09-889900022 | 09-661025555 | 09-770772000 | 09980000102 |
| ၃။ | ကရင် | 09-889900033 | 09-661035555 | 09-770773000 | 09980000103 |
| ၄။ | ချင်း | 09-889900044 | 09-661045555 | 09-770774000 | 09980000104 |
| ၅။ | စစ်ကိုင်း | 09-889900055 | 09-661055555 | 09-770775000 | 09980000105 |
| ၆။ | တနင်္သာရီ | 09-889900066 | 09-661065555 | 09-770776000 | 09980000106 |
| ၇။ | ပဲခူး | 09-889900077 | 09-661075555 | 09-770677000 | 09980000107 |
| ၈။ | မကွေး | 09-889900088 | 09-661085555 | 09-770778000 | 09980000108 |
| ၉။ | မန္တလေး | 09-889900099 | 09-661095555 | 09-770779000 | 09980000109 |
| ၁၀။ | မွန် | 09-889911177 | 09-661105555 | 09-770771001 | 09980000117 |
| ၁၁။ | ရခိုင် | 09-889911188 | 09-661115555 | 09-770771100 | 09980000118 |
| ၁၂။ | ရန်ကုန် | 09-889911122 | 09-661125555 | 09-770770001 | 09980000112 |
| ၁၃။ | ရှမ်း | 09-889911133 | 09-661135555 | 09-770770010 | 09980000113 |
| ၁၄။ | ဧရာဝတီ | 09-889911144 | 09-661145555 | 09-770770011 | 09980000114 |
| ၁၅။ | နေပြည်တော် | 09-889911155 | 09-661155555 | 09-770770099 | 09980000115 |
| | ရုံးချုပ် | 09-889911166 | 09-661005555 | 09-770770100 | 09980000116 |

## ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ပစ္စည်းငါးမျိုးဖြန့်ဖြူး

နေပြည်တော် မေ ၁၂

Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ မဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ စုစုပေါင်းကူညီမှုငါးမျိုးစီကို ၁၀ ရက်မှ စတင်၍ အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၆၈၀၂၂၇ စုရှိရာ မေ ၁၂ ရက်အထိ အိမ်ထောင်စုပေါင်း ၇၉၅၉၂ စုအား ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းယောင်း၌ ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရန် ဟင်းသီးဟင်းရွက်များ အခမဲ့ ဝေမျှပေး

**မိုင်းယောင်း မေ ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အထောက်အကူဖြစ်စေရန် ဒေသခံပြည်သူများအား Home Garden မှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို မေ ၁၂ ရက်က အခမဲ့ ဝေမျှပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိမိကိုယ်ကိုယ်/ မိသားစု/ ပတ်ဝန်းကျင်/ တိုင်းပြည်ကို ကာကွယ်ဖို့အတွက် အိမ်၌နေရသော ကာလအတွင်း အချိန်တိုတိုနှင့် ခူးဆွတ်စားသုံးနိုင်သည့် ဟင်းသီးဟင်းရွက်မျိုးကောင်းမျိုးသန့် ပျိုးပင်များကိုလည်း အခမဲ့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ စားသုံးသီးနှံပင်များ မိမိတို့ အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားခြင်းဖြင့် လူများသော ဈေးသို့ သွားရောက်ဝယ်ယူခြင်းကို လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ Home Garden တွင် ခရမ်းချဉ်သီး၊ ခရမ်းသီး(အရှည်/အလုံးကြီး)၊ ငရုတ်၊ နံနံ၊ မုန်ညင်းနှင့် အခြားဟင်းသီးဟင်းရွက် ပျိုးပင်များ ပျိုးထောင်ထားရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း We Love Yangon စားနပ်ရိက္ခာ ပို့ဆောင်ကူညီရေး ပရဟိတအဖွဲ့ အခြေပြုရာသို့ သွားရောက်ကြည့်ရှုအားပေး

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မေ ၁၂ ရက် နံနက်ပိုင်းက We Love Yangon စားနပ်ရိက္ခာပို့ဆောင် ကူညီရေး ပရဟိတအဖွဲ့အခြေပြုရာ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အပြည်ပြည်ဆိုင်ရာဌာနချုပ်သို့ သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများအား We Love Yangon ပရဟိတအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကာလအတွင်း ပြည်သူများအား ဈေးနှုန်းသင့်တင့်မျှတစွာဖြင့် အခြေခံစားသောက်ကုန်များကို ကူညီရောင်းချပေးနေခြင်းကို ကျေးဇူးတင်ကြောင်း၊ စည်းကမ်းစနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ပြီး ကိုဗစ် ရောဂါပြီးဆုံးသွားမှု နောက်ပိုင်းတွင်လည်း ပြည်သူများအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးနိုင်သည့်ကိစ္စများကို အကြံပြုပြန်လည်ဆွေးနွေးခဲ့သည်။



ထို့နောက် We Love Yangon ပရဟိတအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။ ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်နှင့်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း We Love Yangon စားနပ်ရိက္ခာပို့ဆောင်ကူညီရေး ပရဟိတအဖွဲ့မှ ရန်ကုန်မြို့နေပြည်သူများ ရောဂါကူးစက်မှု နည်းနိုင်သမျှ နည်းစေရန်ရည်ရွယ်၍ အခြေခံစားသောက်ကုန် ရှစ်မျိုး ဖြစ်သည့် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ငရုတ်သီးမှုန့်၊ ကော်ဖီ + ကွေကာ၊ ခေါက်ဆွဲခြောက် တို့ကို အသင့်ထုပ်ပိုးပြီး ပြင်ပပေါက်ဈေးနှုန်းထက် သက်သာသော ဈေးနှုန်းများဖြင့် အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးသည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

ယခုလို ရောင်းချရာတွင် ဆန် ဧည့်မထအသွယ် ခြောက်ပြည်၊ နေကြာဆီ ၅၀ သား တစ်ဘူး၊ ကြက်သွန်နီ တစ်ပိဿာ၊ ငရုတ်သီးမှုန့် တစ်ဘူး၊ ငါးသေတ္တာ ငါးဘူး၊ ကြက်ဥ ၁၀ လုံး၊ ကော်ဖီ + ကွေကာ ငါး ထုပ်တွဲစီ၊ ခေါက်ဆွဲခြောက် ငါးထုပ်တို့ကို Package A ဟု သတ်မှတ်ပြီး တန်ဖိုးကျပ် တစ်သောင်းခြောက်ထောင်၊ ငါးသေတ္တာနှင့် ခေါက်ဆွဲခြောက်မပါသော Package B အား ကျပ်တစ်သောင်းနှစ်ထောင်၊ ဆန်၊ ဆီ၊ ကြက်သွန်နီ လေးမျိုး Package C ကို ကျပ်တစ်သောင်းတို့ဖြင့် ရောင်းချပေးလျက်ရှိပြီး မှာယူသူများအနေဖြင့် We Love Yangon Facebook Page မှတစ်ဆင့် မိမိလိပ်စာအတိုင်း မှာယူနိုင်ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန် / ဆက်)**

---

# မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ် အောင်မြေသာစံမြို့နယ်အတွင်းရှိ ဈေးများတွင် Mask Campaign ပြုလုပ်ခြင်းများ စတင်ဆောင်ရွက်

**မန္တလေး မေ ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ် အောင်မြေသာစံမြို့နယ်အတွင်းရှိ ဈေးများတွင် မေ ၁၂ ရက် နံနက် ၇ နာရီမှ စတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် Mask Campaign ပြုလုပ်ခြင်းကို လွှတ်တော် ကိုယ်စားလှယ်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှတာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဌာနနှင့် မီးသတ်ဦးစီးဌာနများမှ ဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဈေးများအတွင်း ရောင်းချနေကြသည့် ဈေးသည်များ၊ အလုပ်သမားများနှင့် လာရောက် ဈေးဝယ်ယူကြသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် နှာခေါင်းစည်းတပ်ဆင်ခြင်းဖြင့် ကာကွယ်ကြရန် စည်းရုံးပြောဆိုခြင်းများ ဆောင်ရွက်ကာ နှာခေါင်းစည်းများဝေငှပေးကြသည်။**(အောက်ပုံ)**

"ဈေးတွေမှာ ရောင်းချနေကြတဲ့ ဈေးဝယ်သူတွေ အားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့အတွက် နှာခေါင်းစည်းတွေ တပ်ဆင်ကြဖို့ စည်းရုံးပြောဆိုတဲ့ လှုပ်ရှားမှုတစ်ခုပါပဲ။ ဒီဆောင်ရွက်မှုမှာ ရောင်းသူဝယ်သူအားလုံး နှာခေါင်းစည်း တပ်ဆင်ကြဖို့ အသိပညာပေးမှုတွေနဲ့ စည်းရုံးပြောဆိုပြီး နှာခေါင်းစည်း မတပ်ထားရင် အိမ်ကိုပြန်ယူခိုင်းတာတွေ ဝယ်ပြီးတပ်ဆင်ခိုင်းတာတွေကို ပြုလုပ်ပါတယ်။ ဒါ့အပြင် နှာခေါင်းစည်းတပ်မထားရင် ဈေးအတွင်းကို ဝင်ရောက်ပြီး ဝယ်ယူရောင်းချခွင့်မပြုပါဘူး"ဟု မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

လက်ရှိကာလတွင် မန္တလေးမြို့ရှိ ဈေးများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီးရေးအတွက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မိသားစုတို့က ပြည်တွင်း၌ ချုပ်လုပ်သည့် နှာခေါင်းစည်းများကို သက်ဆိုင်ရာ ဈေးအကျိုးတော်ဆောင်များ၊ ဈေးဝန်ထမ်းများနှင့်အတူ ဈေးသည်များအား လိုက်လံဝေငှပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





# ဒလမြို့နယ်၌ ကိုဗစ် - ၁၉ ကူးစက်ရောဂါမဖြစ်ပွားစေရေး ဖျားနာလူနာများ အခမဲ့ကုသမှုဆေးခန်းဖွင့်

**ရန်ကုန် မေ ၁၂**

ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ မဖြစ်ပွားစေရေး ဖျားနာလူနာများအား အခမဲ့ကုသမှု ဆေးခန်းကို ယနေ့ နံနက် ၁၀ နာရီက ဒလ-တွံတေး ကားလမ်းမကြီးဘေးရှိ အောင်မင်္ဂလာရပ်ကွက် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း စိန်ပန်းဆောင်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဆေးခန်းဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒလမြို့နယ်အတွင်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးနဲ့ ပတ်သက်လို့ လုပ်ငန်းတွေလုပ်တဲ့ အခါမှာ မြို့နေပြည်သူလူထုအနေနဲ့ ဖျားနာကိစ္စရပ်တွေပေါ်ပေါက်လာရင် အခုလို အသွားအလာကန့်သတ်ထားတဲ့အချိန်တွေမှာ မေ ၁၀ ရက်ကနေ ၁၉ ရက်အတွင်း၊ သင်္ကြန်ကာလ ရုံးပိတ်ရက်ရှည်ကာလအတွင်း အိမ်ထဲမှာ နေထိုင်ကြဖို့၊ အပြင်မထွက်ကြဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက နှိုးဆော်ထားတဲ့ကာလမှာ ပြည်သူလူထုရဲ့ အထွေထွေကျန်းမာရေးကိစ္စရပ်တွေမှာ အခက်အခဲတွေ ဖြစ်ပေါ်နေမှာ ဖြစ်ပါတယ်၊ မြို့ထဲမှာရှိတဲ့ ပုဂ္ဂလိကဆေးခန်းတွေလည်း ပိတ်ထားတာဖြစ်တဲ့အတွက် ပြည်သူတွေ အခက်အခဲရှိပါတယ်။ ဒီလိုကျန်းမာရေး အခက်အခဲတွေကို စနစ်တကျ ဖြေရှင်းနိုင်ဖို့နဲ့ အဆင်ပြေစေဖို့အတွက် မြို့နယ်ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်ရေးနှင့် မြို့နယ်အထောက်အကူပြုကော်မတီက ဦးစီးပြီးတော့ ဒေသခံပြည်သူတွေ ကိုဗစ်-၁၉ ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက်ကို အခမဲ့ကုသမှုဆေးခန်း ဖွင့်လှစ်တာဖြစ်ပါတယ်။ ဒီဆေးခန်းအနေနဲ့ စေတနာ့ဝန်ထမ်း ဆရာဝန်တွေနဲ့ သူနာပြုဆရာမတွေက ကူညီဆောင်ရွက်ပေးမှာပါ။ မေ ၁၂ ရက်က စတင်ပြီး မြို့နယ်အတွင်း ဖျားနာလူနာတွေကို အခမဲ့ကုသမှု ပြုလုပ်ပေးတာဖြစ်ပါတယ်"ဟု ဒေါက်တာစိန်မြအေးက ပြောကြားသည်။

အဆိုပါ ဆေးခန်းတွင် ဆရာဝန်နှစ်ဦး၊ သူနာပြုများနှင့် ကြက်ခြေနီတပ်ဖွဲ့ သူနာပြု ဆရာမများက နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့စစ်ဆေး ကုသပေးသွားမည်ဖြစ်၍ မြို့နယ်အတွင်း ဖျားနာလူနာများအနေဖြင့် မည်သူမဆို လာရောက်ပြသကုသမှုခံယူနိုင်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

---

# ရွှေဘိုမြို့၌ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**ရွှေဘို မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက် နံနက် ၉ နာရီက ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့က ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် ရွှေဘိုမြို့ပေါ်ရှိ ရွှေပေါ်ကျွန်းဘုရား၊ ရန်မျိုးအောင်ကျောင်းတိုက်၊ ဂန္ဓာရုံကျောင်းတိုက်၊ ရောင်ခြည်ဦးကျောင်းတိုက်၊ ဖောင်တော်ဦးဘုရား၊ ရွှေဘုန်းပွင့်ဘုရား၊ စိန်ဂျိုးဇက်ခရစ်ယာန်ဘုရားကျောင်း၊ ဆင်ရုံဗလီ၊ မြို့မဗလီ၊ မင်္ဂလာဗလီ၊ ပြင်ဈေးဗလီ၊ ဒိုဘီတန်းဗလီတို့တွင် ကိုယ်အပူချိန်တိုင်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ကန်ကြီးထောင့် မေ ၁၂**

ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများကို မေ ၁၂ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာ၊ ပဲ တစ်ပိဿာ အခြေခံ စားသောက်ကုန်များကို အိမ်ထောင်စုများ၏ လက်ဝယ်အရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**



"ကန်ကြီးထောင့် မြို့နယ်မှာ မြို့ပေါ်ရပ်ကွက် ခုနစ်ခုနဲ့ ကျေးရွာအုပ်စု ၇၃ အုပ်စုရှိပြီး အဆိုပါရပ်ကွက်နဲ့ ကျေးရွာအုပ်စုတွေထဲက ပုံမှန်ဝင်ငွေမရှိတဲ့ အိမ်ထောင်စုပေါင်း ၁၆၂၃၇ စုကို အခြေခံစားသောက်ကုန် ငါးမျိုးစီ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ မေ ၁၁ ရက်ကစတင်ပြီး အခြေခံစားသောက်ကုန်တွေကို အခြေခံလူတန်းစားတွေ လက်ဝယ်အရောက် ဖြန့်ဝေပေးရာမှာ ဒီနေ့အထိ အိမ်ထောင်စုပေါင်း ၂၂၅ စုကို အခြေခံစားသောက်ကုန်ငါးမျိုးစီ ထောက်ပံ့ပေးအပ်ပြီး ဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ ပုံမှန်ဝင်ငွေမရှိတဲ့ အိမ်ထောင်စုတွေကိုလည်း အခြေခံစားသောက်ကုန်တွေ ဆက်လက်ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ပြောသည်။

**နန်းထိုက် (ပြန်/ဆက်)**

# သံတောင်ကြီးမြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စုများတွက် စားသောက်ကုန်ငါးမျိုး ပေးအပ်

**သံတောင်ကြီး မေ ၁၂**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်း သကြၤန်ရုံးပိတ်ရက်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်ငါးမျိုး ပေးအပ်ခြင်းကို ယမန်နေ့က သံတောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ပြုလုပ်သည်။

**အိမ်ထောင်စု ၁၀၀ အတွက် ထောက်ပံ့**

ထိုသို့ စားသောက်ကုန်များပေးအပ်ရာတွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများကို စားသောက်ကုန်ငါးမျိုးဖြစ်သော ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာ၊ ပဲ တစ်ပိဿာ တို့ကိုသံတောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ခရစ္စထွန်း၊ ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက အိမ်ထောင်စု ၁၀၀ အတွက် ထောက်ပံ့ပေးအပ်ခဲ့သည်။

**ကော်မတီများဖွဲ့စည်းကာ ပေးအပ်သွားမည်**

သံတောင်ကြီးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားမှာ သံတောင်ကြီးမြို့တွင် အိမ်ထောင်စု ၃၁၄၁ စု၊ သံတောင်မြို့တွင် အိမ်ထောင်စု ၈၈၂ စု၊ လိပ်သိုမြို့တွင် အိမ်ထောင်စု ၇၄၅၆ စု၊ ဘောဂလိမြို့တွင် အိမ်ထောင်စု ၉၈၂ စု စုစုပေါင်းအိမ်ထောင်စု ၁၂၄၆၁ စုရှိပြီး ရပ်ကွက်/ကျေးရွာများအလိုက် ကော်မတီများဖွဲ့စည်းကာ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာအုပ်စုများတွင်လည်း အဖွဲ့များဖွဲ့စည်း၍ စနစ်တကျသယ်ယူပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နော်လော်မူ (ပြန်/ဆက်)**

# မြောင်းမြမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများထံ စားသောက်ကုန်များ လက်ဝယ်အရောက် ဖြန့်ဝေ

**မြောင်းမြ မေ ၁၂**

မြောင်းမြမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်နီ စသော အခြေခံစားသောက်ကုန်များကို ယမန်နေ့ကစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအလိုက် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အမှတ် (၁) ရပ်ကွက်မှာ အိမ်ထောင်စုပေါင်း ၅၆၀ ရှိပါတယ်။ နိုင်ငံတော်က အခု ထောက်ပံ့ပေးတဲ့ စားသောက်ကုန်တွေကို လက်လုပ်လက်စား အခြေခံလူတန်းစား အိမ်ထောင်စု ၂၀၀၊ လူဦးရေ ၅၉၆ ဦးအတွက် ဖြန့်ဝေပေးသွားမှာဖြစ်ပြီး အိမ်တိုင်ရာရောက် လိုက်လံပေးအပ်သွားမှာ ဖြစ်ပါတယ်" ဟု အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက ပြောသည်။

အဆိုပါ ဖြန့်ဝေပေးမှုကို ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်း၊ မြောင်းမြခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

***ကျောဖုံးမှ***

ထောက်ပံ့မှုနှင့် ပတ်သက်၍ အဆိုပါရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသူရစိုးက "ကြိုတင်ကောက်ယူထားတဲ့စာရင်းအတိုင်း အားလုံးရရှိအောင် ဆောင်ရွက်ပေးပါတယ်။ လူစုလူဝေးမဖြစ်အောင် စနစ်တကျ လိုက်လံပြီး ဖြန့်ဝေပေးပါတယ်။ အခုလို ထောက်ပံ့ပေးမှုဟာ ပြည်သူတွေအတွက် အထောက်အပံ့တစ်ခုဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

ထိုသို့ထောက်ပံ့မှုများ ပြုလုပ်နိုင်ရန်အတွက် အမှန်တကယ် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စာရင်းကောက်ယူမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ရပ်ကွက်များရှိ ရပ်မိရပ်ဖများနှင့် ပူးပေါင်းကာ စာရင်းကောက်ယူမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ထောက်ပံ့ပေးတာဝမ်းသာ**

အဆိုပါရပ်ကွက်ရှိ မြို့ဟောင်း (၂) လမ်းနေ ဒေါ်မြအေးက "ကျွန်မတို့က တစ်နေ့လုပ်မှ တစ်နေ့စားသမားတွေပါ။ ကပ်ရောဂါကြီးဖြစ်နေတဲ့အချိန်မှာ အိမ်အပြင်ကို မထွက်ရဲကြဘူး။ အစားအသောက်အတွက် ခက်ခဲနေတဲ့အချိန်မှာ နိုင်ငံတော်အစိုးရက အခုလိုထောက်ပံ့ပေးတဲ့အတွက် ဝမ်းသာတယ်။ အခုဆိုရင် ကျွန်မတို့မိသားစုအတွက် ၁၀ ရက်စာလောက် စားစရာလုံလောက်သွားပြီ" ဟု ပြောသည်။

**လက်ဝယ်အရောက်ဖြန့်ဝေပေး**

ထိုသို့ ဖြန့်ဝေပေးမှုအစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မေ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင်လည်း တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရပ်ကွက်များတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုများဖြင့် ပြည်သူများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး**

# နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့

**နေပြည်တော် မေ ၁၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်အတွင်း နေထိုင်သည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်က ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်ငါးမျိုးအနက် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာတို့ကို ယနေ့ နံနက်ပိုင်းက ကိုင်းကလေးဘုန်းကြီးကျောင်းရှေ့၌ ရွှေနံ့သာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်၊ နယ်မြေ (၃) ရာအိမ်မှူး၊ ရွှေနံ့သာရဲကင်းမှူး တပ်ကြပ်ကြီး ကျော်မိုးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ယင်းသို့ ပေးအပ်ရာတွင် ရွှေနံ့သာရပ်ကွက် နယ်မြေ (၃) အတွင်းရှိ အိမ်ထောင်စုပေါင်း ၇၇ စုတို့ဖြစ်ကြပြီး ပေးအပ်ရန်ကျန်ရှိသေးသည့် ဆား ၅၀ ကျပ်သားနှင့် ပဲ တစ်ပိဿာတို့ကို အဆိုပါအိမ်ထောင်စုများထံသို့ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုပေါက် (ဥတ္တရမြေ)**

# အမျိုးသားသွေးဌာနမှ စေတနာသွေးအလှူရှင်များ အဆင်ပြေစေရန် ည ၇ နာရီအထိ ဖွင့်ထားပြီး ကြိုပို့ယာဉ် စီစဉ်ပေးထား

**ရန်ကုန် မေ ၁၂**

ရန်ကုန်မြို့ အမျိုးသားသွေးဌာနမှ စေတနာသွေးအလှူရှင်များ အဆင်ပြေစေရန် မနက် ၈ နာရီမှ ည ၇ နာရီအထိ လာရောက်လှူဒါန်းနိုင်ရန် အချိန်တိုးမြှင့်ပေးထားပြီး သွားလာရေးအခက်အခဲရှိသည့် သွေးအလှူရှင်များအတွက် မော်တော်ကားဖြင့် ကြိုပို့စီစဉ်ပေးထားသည်။

"မတ်လက သွေးလှူသူတော်တော်နည်းသွားပါတယ်။ ၂၀၁၉ နဲ့ယှဉ်ပါက ၃၀၀၀ လောက် နည်းသွားပါတယ်။ အခု ဆရာမတို့က ဆေးရုံများရဲ့ သွေးသုံးတာကို တတ်နိုင်သလောက် လျှော့ပေးတော့၊ သုံးတဲ့သူတွေက အရေးပေါ်လိုမှပဲ သုံးတယ်။ တော်တော်လိုအပ်တဲ့ ကင်ဆာသမားတို့၊ သွေးရောဂါသမားတို့၊ သွေးသွင်းတဲ့လူလောက်ပဲ သုံးပါတယ်။ သိပ်အဆိုးကြီး မကြုံရသေးပါဘူး။ အခုကြားထဲမှာ မီဒီယာကနေ အသိပေးလိုက်လို့ စေတနာသွေးအလှူရှင် တော်တော်လေး ပြန်ထောက်ပံ့လာတယ်။ မေ ၉ ရက်အထိက အဆင်ပြေပါတယ်။ ၁၀ ရက်နဲ့ ၁၉ ရက်ကြားမှာ ဆရာမတို့စိတ်ပူတာက ကင်ဆာသမားတွေနဲ့ သွေးရောဂါသမားတွေအတွက် သွေးဥမွှား ဆိုတာလိုတယ်။ အဲဒီ သွေးဥမွှားက လေးရက်ပဲ သိုလှောင်လို့ရတာ။ ရှိလည်း လေးရက်ကျော်ပြီဆိုရင် သုံးမရတော့ပါဘူး။ အခု အရေးပေါ်သမားတွေအတွက်က ပြဿနာမရှိဘူး။ စေတနာသွေးအလှူရှင်တွေ ထောက်ထားလို့ စီစဉ်ထားပြီးသားပါ။ လိုနေတာက သွေးဥမွှားအတွက် တတ်နိုင်တဲ့၊ ကျန်းမာတဲ့သူတွေက အဆင်ပြေရင် လူနာတွေကို လှူပေးဖို့ပါ။ ဒုက္ခရောက်တဲ့ အထိတော့ မဟုတ်ပါဘူး။ ဟိုဘက်ကထိန်းသုံးပေးနေရပါတယ်။ ဒီနေ့ ဒလ၊ မြောက်ဥက္ကလာနဲ့သန်လျင်ဘက်က စေတနာသွေးအလှူရှင်တွေကို ကားကြိုပေးပါတယ်။ တစ်နေ့ကို စေတနာသွေးအလှူရှင် ၅၀ ကျော်လောက် လှူပေးရင် အဆင်ပြေပါတယ်" ဟု အမျိုးသားသွေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်က ပြောသည်။




၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မတ်လကုန်အထိ ထောက်ပံ့ခဲ့သည့် သွေးအလှူရှင် အရေအတွက်မှာ ၂၈၂၇၀၊ ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိ သွေးအလှူရှင် ၂၃၂၅၃ ဦး ရှိသည့်အတွက် ယခုနှစ်မှာ သွေးအလှူရှင် ၅၀၀၀ ၁၇ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

၂၀၁၉ ခုနှစ် မတ်လတွင် ၈၈၈၅ ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် ၅၇၅၄ ဦးရှိသည့်အတွက် သွေးအလှူရှင် ၃၀၀၀ ဦး ၃၅ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း သွေးလှူဒါန်းမှုများ အနက် မွေးနေ့အထိမ်းအမှတ် ကုသိုလ်ပြုလှူဒါန်းမှုမှာ ယခုအချိန်တွင် ၃၅ ရာခိုင်နှုန်းအထိ တိုးတက်များပြားလာသည်။

စေတနာ သွေးအလှူရှင်များသည် နံနက် ၈ နာရီမှ ည ၇ နာရီအတွင်း လှူဒါန်းနိုင်ပြီး သွားလာရန် အခက်အခဲရှိပါက သွေးလှူလိုသူ အနည်းဆုံး ရှစ်ဦးခန့်အထိ ကားကြိုပို့ စီစဉ်ပေးလျက်ရှိရာ အမျိုးသားသွေးဌာန www-donatebloodmyanmar.org (သို့) ၀၁- ၃၇၂၇၅၃/ ၅၄ သို့ လှူဒါန်းလိုပါက အသိပေးဆက်သွယ်နိုင်ပါသည်။

ရာသီတုပ်ကွေး လက္ခဏာရှိပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို သတိထားလိုက်နာပေးစေလိုပါကြောင်း ကြေညာထားသည်။

**သန့်ဇင်ဝင်း**

# ကရင်ပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ကိုးသောင်းကျော်ကို စားသောက်ကုန်ငါးမျိုး ထောက်ပံ့



**ဘားအံ ဧပြီ ၁၂**

ကရင်ပြည်နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ကိုးသောင်းကျော်ကို နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ပစ္စည်းငါးမျိုးကို မြို့နယ် ခုနစ်မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာမကျန် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက ဘားအံမြို့ အမှတ် (၅) ရပ်ကွက်ရှိ အိမ်ထောင်စုများကို ထောက်ပံ့ပေးအပ်နေသည့် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ပြောသည်။

အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရာတွင် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်၊ ပြည်နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များက အမှတ် (၅) ရပ်ကွက်ရှိ အိမ်ထောင်စု ၃၀၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် ပဲတို့ကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ဓါတ်ပုံ)**

"ဧပြီ ၁၀ ရက်ကတည်းက ဝန်ကြီးချုပ်ကိုယ်တိုင် ရပ်ကွက်တွေအထိ သွားပြီး အိမ်တိုင်ရာရောက် ထောက်ပံ့ကူညီပေးလျက်ရှိပါတယ်။ ဒီနေ့ဆိုရင် သုံးရက်မြောက်နေ့ဖြစ်ပါတယ်။ သင်္ကြန်ပိတ်ရက်ရှည်ကာလအတွင်း လူထုအတွက် အကျိုးသက်ရောက်မှုတစ်ခုရှိမယ်။ လက်လုပ်လက်စားတွေအတွက် အထောက်အပံ့ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်။ ကျေးရွာတွေအထိကို လက်လုပ်လက်စားလူတန်းစားက ရှိနေတဲ့အတွက်ကြောင့် ကျေးရွာတွေအထိ ထောက်ပံ့ပေးသွားဖို့ ရှိပါတယ်။ ရပ်ကွက်/ကျေးရွာတွေမှာ လက်လုပ်လက်စားအိမ်ထောင်စုစာရင်းတွေကို ပေါင်းလိုက်တဲ့အခါမှာ တစ်ပြည်နယ်လုံးအတိုင်းအတာနဲ့ အိမ်ထောင်စုပေါင်း ကိုးသောင်းကျော် တစ်သိန်းနီးပါးခန့် ရှိပါတယ်။ အိမ်ထောင်စုတစ်စုကို တစ်ခါပဲပေးနိုင်တာဖြစ်တဲ့အတွက်ကြောင့် ထောက်ပံ့ပစ္စည်းမရလိုက်တဲ့ အိမ်ထောင်စုတွေ မနစ်နာရလေအောင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေကို စိစစ်ပြီး ပြန်လည်တင်ပြပေးဖို့ ညွှန်ကြားထားပါတယ်" ဟု ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စားဝတ်နေရေးအဆင်ပြေစေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတော်က ထောက်ပံ့ပေးခြင်းဖြစ်ပြီး ကရင်ပြည်နယ်ရှိ မြို့ပေါ်ရပ်ကွက်များတွင် ဧပြီ ၁၀ ရက်မှ စတင်ထောက်ပံပေးခဲ့ကာ ကျေးလက်ဒေသပါမကျန် ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း (ပြန်/ဆက်)**

◆ *ကျော့ဖုံးမှ*

ရှေးဦးစွာ ငဝန်ရပ်ကွက် ပိုက်သောင်လမ်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုဝင်များ၏ နေအိမ်များသို့ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကံညွန့်၊ မြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဌေးနှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ငါးမျိုးကို အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကုလားပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာနှုန်းဖြင့် အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ ပေးအပ်ခဲ့ကြောင်းနှင့် ဆက်လက်၍ ရွှေဘိုရပ်ကွက်၊ ရွှေဘို အ-မ-က ကျောင်း၌ ရပ်ကွက်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုဝင်များသို့ အလားတူထောက်ပံ့မှုများကို သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပြီး ငဝန်ရပ်ကွက်တွင် အိမ်ထောင်စု ၄၈၇ စုနှင့် ရွှေဘိုရပ်ကွက်တွင် အိမ်ထောင်စု ၅၀၀အား ယနေ့ နံနက်ပိုင်းက ထောက်ပံ့ပေးအပ်ခဲ့သည်။ **စိုးမင်းဦး (ပြန်/ဆက်)**

## လှိုင်သာယာ၌ သင်္ကြန်အကြိုနေ့ စားသောက်ကုန်များပေးဝေ

**ရန်ကုန် ဧပြီ ၁၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလနှင့် သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံပြည်သူများအား Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုးကို ဧပြီ ၁၀ ရက်မှ စတင်ပေးဝေလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၌ အခြေခံပြည်သူ အများဆုံးနေထိုင်ရာ လှိုင်သာယာမြို့နယ်တွင်လည်း စားသောက်ကုန်ပစ္စည်းများကို ပေးဝေလျက်ရှိသည်။

လှိုင်သာယာမြို့ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတွင် စာရင်းကောက်ယူထားသော အခြေခံပြည်သူ ၃၂၇၇၉ ဦးရှိပြီး အရှေ့ပိုင်းတွင် ၄၇၅၇၉ ဦး နှင့် အနောက်ပိုင်းရှိ အခြေခံပြည်သူ ၃၂၇၇၉ ဦးအား ဧပြီ ၁၀ ရက်၌ အရှေ့ပိုင်းရှိ အမှတ် (၆) ရပ်ကွက်မှ စတင်ပေးဝေခဲ့ပြီး ဧပြီ ၁၁ ရက်၌ အနောက်ပိုင်းမှ အမှတ် (၁၇) ရပ်ကွက်နှင့် ကျေးရွာအချို့ကို ပေးဝေခဲ့၍ ယနေ့ ဧပြီ ၁၂ ရက်တွင် လှိုင်သာယာ အရှေ့ပိုင်းရှိ အမှတ် (၄) ရပ်ကွက်၊ အမှတ် (၈) ရပ်ကွက်၊ ရှမ်းချောင်းကျေးရွာနှင့် ရွှေလင်ပန်းကျေးရွာတို့မှ အခြေခံပြည်သူတို့အား စားသောက်ကုန်ပစ္စည်းငါးမျိုးကို ပေးဝေခဲ့သည်။

"ဧပြီ၁၃ ရက်မှာ ကစင်ကျေးရွာကို ဆက်ပြီးပေးဝေမှာပါ။ အခက်အခဲဘာမှမရှိပါဘူး။ အားလုံးအဆင်ပြေပါတယ်။ အစိုးရကထောက်ပံ့တယ်။ ရပ်/ကျေးတွေကလည်း တက်ကြွကြတယ်။ ကူညီတဲ့သူတွေ အပြည့်ရှိတယ်။ အားလုံးအဆင်ပြေပါတယ်" ဟု လှိုင်သာယာမြို့နယ် အရှေ့ပိုင်းအုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ပြောသည်။

ယနေ့တွင် လှိုင်သာယာအနောက်ပိုင်း အမှတ် (၉) ရပ်ကွက်ရှိ အခြေခံပြည်သူများအား စားသောက်ကုန်များ ပေးဝေခဲ့ပြီး ဧပြီ ၁၃ ရက်တွင် အမှတ် (၁၁) ရပ်ကွက်နှင့် (၁၃) ရပ်ကွက်တို့၌ ဆက်လက်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

"မနေ့က (၁၀) ရပ်ကွက်၊ (၁၇) ရပ်ကွက်နဲ့ ကုလားကြီးစုကျေးရွာတို့က အခြေခံပြည်သူတွေကို ပေးဝေခဲ့ပြီးတော့ ဒီနေ့မှာ အမှတ် (၉) ရပ်ကွက်ကို ပေးဝေပါတယ်။ မနက်ဖြန်လည်း ဆက်ပြီးဝေသွားမှာပါ။ အချိန်တိုအတွင်းမှာ အားလုံးဝိုင်းဝန်းပြီး တက်တက်ကြွကြွလုပ်ဆောင်မှုရဲ့ အောင်မြင်မှုအသီးအပွင့်ကို အခြေခံပြည်သူတွေရရှိမှုအပေါ် ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု လှိုင်သာယာအနောက်ပိုင်းအုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းက ပြောသည်။

လှိုင်သာယာမြို့နယ် အရှေ့ပိုင်းတွင် ရပ်ကွက်/ကျေးရွာ ၁၄ ခုရှိပြီး အနောက်ပိုင်း၌ ရပ်ကွက်/ကျေးရွာ ၁၅ ခုရှိ၍ အရှေ့ပိုင်းတွင် စားသောက်ကုန်ပေးဝေရန် စာရင်းကောက်ယူထားသော အိမ်ထောင်စု ၄၇၅၇၉ စု ဖြစ်သောကြောင့် လူဦးရေများသော အရှေ့ပိုင်းကို ပထမဆုံးစားသောက်ကုန်ပစ္စည်းများ ပေးဝေခဲ့ခြင်းဖြစ်သည်။

"မရှိတဲ့အချိန်မှာ လှူဒါန်းတာ ဝမ်းသာတယ်။ အချို့လည်း သူတို့ထက် ချို့တဲ့သူတွေကို ပြန်ပြီးလှူကြတာရှိတယ်။ သင်္ကြန်ကာလလည်း ဖြစ်တယ် ပြီးတော့ ရောဂါလည်း ကြောက်နေရတယ်ဆိုတော့ မီးဖိုချောင်အတွက် ရှာဖွေခက်ခဲမှုကို ကူညီဖြေရှင်းပေးတဲ့ နိုင်ငံတော်အစိုးရအဖွဲ့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်" ဟု အမှတ် (၈) ရပ်ကွက် သုခိတာလမ်းမှ ဒေါ်စိန်လှက ပြောသည်။



လှိုင်သာယာမြို့နယ် အရှေ့ပိုင်း အမှတ်(၈) ရပ်ကွက်မှ ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။ ဓာတ်ပုံ- အောင်သန်းဦး

လှိုင်သာယာမြို့နယ်တွင် အခြေခံအိမ်ထောင်စု ၈၀၃၅၈ စုကို ဧပြီ ၈ ရက်မှစတင်၍ ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆားတစ်ထုပ်၊ ကြက်သွန်တစ်ပိဿာ၊ ကုလားပဲတစ်ပိဿာဖြင့် စားသောက်ကုန်ငါးမျိုးကို အုပ်ချုပ်ရေးနှင့် လူမှုအထောက်အကူပြုအဖွဲ့တို့ ပူးပေါင်းပေးဝေလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံပြည်သူများအား စားသောက်ကုန်များကို ဆက်လက်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**၁၆၄**

○ *ကျော့ဖုံးမှ*

"ကျွန်တော်တို့အနေနဲ့ အခုနယ်မြေ(၃)က အိမ်ထောင်စုတွေကို ဖြန့်ဝေပေးနေတာပါ။ ဒီနေ့ နေ့လယ်ပိုင်းမှာ ဘိုကုန်းရပ်ကွက် နယ်မြေ(၁)က အိမ်ထောင်စု ၁၀၉ စုကို အိမ်အရောက်ပို့စနစ်နဲ့ လိုက်လံဖြန့်ဝေပေးမှာဖြစ်ပါတယ်။ ဒါက ကိုဗစ်-၁၉ ကို ကာကွယ်တဲ့အနေနဲ့ လူစုလူဝေးမဖြစ်စေချင်တာကြောင့်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နယ်မြေက ဖြန့်ဝေပေးရမယ့် အိမ်ထောင်စုလည်း နည်းတဲ့အတွက် အိမ်အရောက်ပို့စနစ်ကို ဆောင်ရွက်ဖြစ်တာပါ။ နိုင်ငံတော်က ထောက်ပံ့မှုအပြင် အခြားအလှူရှင်တွေက လှူဒါန်းတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ရပ်ကွက်မှာရှိတဲ့ အခြေခံလူတန်းစားတွေ သင်္ကြန်ကာလမှာ စားဝတ်နေရေး အဆင်ပြေဖို့အတွက် လာရောက်လှူဒါန်းဖို့ ဆက်သွယ်ထားတာတွေ ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ရော၊ တခြားအလှူရှင်တွေအနေနဲ့ရော အခြေခံလူတန်းစားတွေအတွက် ထည့်သွင်းစဉ်းစားပြီး အခုလိုထောက်ပံ့လှူဒါန်းကြတာ မြင်တွေ့ရတော့ များစွာပျော်ရွှင်ကျေနပ်မိပါတယ်" ဟု နယ်မြေ(၁) ရာအိမ်မှူး ဦးမင်းသူက ပြောသည်။

စားသောက်ကုန်ပစ္စည်းများ ပေးအပ်ရာတွင် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက စနစ်တကျရှိစေရေးအတွက် စာရင်းရေးသွင်း ထုတ်ပေးကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအတိုင်း ဖြန့်ဝေပေးလျက်ရှိသည်။

အလားတူ ယနေ့တွင် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်၊ လယ်ဝေးမြို့နယ် အမှတ်(၃) ရပ်ကွက်၊ သာဝတ္ထိကျေးရွာအုပ်စုနှင့် အေလာကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများ၊ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စုနှင့် မင်းကုန်းကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများ၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အခြေခံလူတန်းစားအိမ်ထောင်စုများထံသို့ စားသောက်ကုန်များကို တာဝန်ရှိသူများက စနစ်တကျဖြန့်ဝေပေးကြသည်။

နိုင်ငံတော်၏ အစီအစဉ်ဖြင့် အခြေခံလူတန်းစားမိသားစုများကို သတ်မှတ်စားသောက်ကုန်များ ထောက်ပံ့ပေးလျက်ရှိရာတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့မှ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်စေ ရန်ရည်ရွယ်ချက်ဖြင့် တာဝန်ရှိသူများက သတ်မှတ်ကာကွယ်ရေး ပစ္စည်းများအသုံးပြုပြီး အိမ်အရောက်ပို့စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင်လည်း အခြေခံလူတန်းစား အိမ်ထောင်စုများထံ ဆက်လက်ဖြန့်ဝေမည့် စားသောက်ကုန်ပစ္စည်းများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၏ လက်ဝယ်သို့ စနစ်တကျ ခွဲဝေပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

စားသောက်ကုန်ပစ္စည်းများ ဖြန့်ဝေပေးရာတွင် လာရောက်ထုတ်ယူကြသည့် ပြည်သူများအား တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများကိုလည်း မျှဝေပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ထောက်ပံ့ရန် လျာထားသည့် အခြေခံလူတန်းစားအိမ်ထောင်စုမှာ စုစုပေါင်း ၁၄၀၈၄၈ စုရှိပြီး ဇမ္ဗူသီရိမြို့နယ်၌ အိမ်ထောင်စု ၅၅၁၉ စု၊ ပုဗ္ဗသီရိမြို့နယ်၌ အိမ်ထောင်စု ၁၂၄၅၇ စု၊ ဒက္ခိဏသီရိမြို့နယ်၌ အိမ်ထောင်စု ၆၁၈၇ စု၊ ဥတ္တရသီရိမြို့နယ်၌ အိမ်ထောင်စု ၉၁၈၆ စု၊ ဇေယျာသီရိမြို့နယ်၌ အိမ်ထောင်စု ၁၁၆၅၅ စု၊ ပျဉ်းမနားမြို့နယ်၌ အိမ်ထောင်စု ၂၇၄၂၈ စု၊ လယ်ဝေးမြို့နယ်၌ အိမ်ထောင်စု ၃၈၄၉၈ စုနှင့် တပ်ကုန်းမြို့နယ်၌ အိမ်ထောင်စု ၂၉၉၁၈ စုရှိပြီး ထောက်ပံ့ရန်ကျန်ရှိသည့် အိမ်ထောင်စုများကို ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စုများကို နိုင်ငံတော်က သတ်မှတ်စားသောက်ကုန်များကို ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ပရဟိတအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက သွားလာရေးခက်ခဲသည့် ပျဉ်းမနားမြို့နယ် တောင်ပေါ်ဒေသမှပြည်သူများနှင့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများကို ၎င်းတို့၏ အစီအစဉ်ဖြင့် လိုက်လံလှူဒါန်းလျက်ရှိကြောင်း သိရသည်။ **မျိုးမြင့်၊ မျိုးသူဟိန်း**

# ကိုဗစ်-၁၉ ရောဂါရှိသူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများကို စစ်ဆေးမှုမြှင့်တင်မည်

**နေပြည်တော် မေ ၁၂**

ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စစ်ဆေးမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့တွင် သတင်းထောက်များ၏ မေးမြန်းမှုကို ၎င်း၏ ဖေ့စ်ဘွတ်မှ ပြန်လည်ဖြေကြားသည်။

"အရင်က စစ်ဆေးနိုင်မှု ကန့်သတ်ချက်အရ ရောဂါလက္ခဏာပြလာတဲ့ သံသယရှိသူ အနည်းငယ်ကို ရောဂါပိုး ရှိ/မရှိ စစ်ဆေးနိုင်ခဲ့ပေမယ့် ယခုအချိန်တွင် တိုးမြှင့်စစ်ဆေးနိုင်ပြီ ဖြစ်ကြောင်း သိရှိရပါတယ်။ ဒါကြောင့် အောက်ပါအတိုင်း စစ်ဆေးမှုတွေ ပြုလုပ်သွားမည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ သိရှိရပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့်စပ်လျဉ်း၍ (၁) ယခင်ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို Quarantine လုပ်ခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ (Closed Contact များ)ကို Quarantine လုပ်ခြင်းဆိုပြီး Quarantine(၂)မျိုး ထားရှိဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ Quarantine စောင့်ကြည့်ထားရှိသူများထဲက ရောဂါလက္ခဏာပြလာသူများကို ရောဂါပိုး ရှိ/မရှိ စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း။

(၂) ယခုစစ်ဆေးမည့်အစီအစဉ်တွင် ရောဂါပိုးတွေ့ရှိသူများ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့ခဲ့သူများ(Closed Contact များ) အားလုံးကို ရောဂါပိုး ရှိ/မရှိ စစ်ဆေးပြီးမှ Quarantine မှ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း၊ ပြည်တော်ပြန်များကို Quarantine ထားရှိစဉ်ကာလအတွင်း ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းကို ရောဂါပိုး ရှိ/မရှိ စစ်ဆေးမည်ဖြစ်ကြောင်း၊ Quarantine ထားရှိချိန် ရောဂါလက္ခဏာပြလာပါက မဖြစ်မနေစစ်ပါကြောင်း၊ နောင်ကိုလည်း ဆက်ပြီးစစ်ဆေးမည်ဖြစ်ကြောင်း ဦးဇော်ဌေးက ပြောသည်။

ထို့ပြင် ရောဂါပိုးတွေ့ရှိသူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ (Closed Contact များ) ကို ရှာဖွေဖော်ထုတ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းထားသော ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများက တာဝန်ယူဆောင်ရွက်ရပါကြောင်း၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကော်မတီ၏လုပ်ငန်းတာဝန်တွင် ယခုကိစ္စပါဝင်ပါကြောင်း ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားထားသည်။

ဆက်လက်၍ အစိုးရမှ မေလ ၆ ရက်အထိ အိမ်ပြင်မထွက်ရ အမိန့်ထုတ်ထားသည်ဟု မြန်မာနိုင်ငံအခြေစိုက် သံရုံးအသိုင်းအဝိုင်းတွင် ပြောကြားနေမှုနှင့် ရန်ကုန်ရှိ စားသောက်ဆိုင်များကို မေလ ၆ ရက်နောက်ပိုင်း ပြန်ဖွင့်ခွင့်ပြုမည့်ကိစ္စတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး /ပြည်နယ်နှင့် နေပြည်တော်ကောင်စီတို့အနေဖြင့် ဒေသအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နေကြပါကြောင်း၊ ဗဟိုအနေဖြင့် "မူ"ချပေးခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ရန်ကုန်တွင် ယခုကိစ္စနှင့် စပ်လျဉ်းပြီး အမိန့်ထုတ်ထားသည်ဟု မကြားမိသေးကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထက်လျှံ

# အကျဉ်းထောင်များတွင် ကိုဗစ်-၁၉ ကာကွယ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၂**

အကျဉ်းထောင်များတွင် ကိုဗစ်-၁၉ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ အသိပညာပေး ပိုစတာများ ချိတ်ဆွဲခြင်း၊ လက်ဆေးဘေစင်နှင့် လက်သန့်ဆေးရည်များ ထားရှိပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ တရားရုံးထွက်၊ ရုံးပြန်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ ရာသီတုပ်ကွေး မဖြစ်ပွားစေရေးအတွက် ဂျင်း - ကွမ်းရွက်ပြုတ်ရည် တိုက်ကျွေးခြင်း၊ ရောဂါကူးစက်သည်ဟု သံသယတွေ့ရှိပါက သီးသန့်ထားရှိမည့် Quarantine နေရာစီစဉ်ထားရှိပြီး အမြန်ဆုံးသက်ဆိုင်ရာ မြို့နယ်၊ ခရိုင် ဆေးရုံများကို ပို့ဆောင်ပေးနိုင်ရန် ပြင်ဆင်ထားခြင်း စသည့်ကြိုတင်ကာကွယ်တားဆီးမှုများ ဆောင်ရွက်ထားကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့တွင် ပြောကြားသည်။

နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များ၌ ကိုဗစ်-၁၉ ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို သိရှိ လိုကြောင်း သတင်းထောက်များ၏ မေးမြန်းချက်နှင့်စပ်လျဉ်း၍ အထက်ပါအတိုင်း ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် "အကျဉ်းသားတွေ စုစုဝေးဝေးမဖြစ်စေဖို့အတွက် အိပ်ဆောင်တွေမှာ နေရာ နီးကပ်တယ်ဆိုရင် ဓမ္မာရုံနဲ့ အလုပ်ရုံတွေမှာ လူခွဲထားခြင်း၊ ထောင်ဝင်စာ ညှိတွေ့ချိန်တွေမှာ (၁၅)ဦးကနေ (၂၀)ဦးအထိ ဝင်ရောက်ခွင့်ပြုခြင်း၊ စုပေါင်းထမင်းစားခြင်းတွေကိုမပြုလုပ်ဘဲ အိပ်ဆောင်တွေထဲမှာ တစ်ဦးနဲ့ တစ်ဦး (၅)ပေအကွာမှာ စားသုံးစေခြင်းတွေကို ဆောင်ရွက်နေပါတယ်။ မန္တလေးအကျဉ်းထောင်မှာ အကျဉ်းသားတွေ ကိုယ်တိုင်ချုပ်လုပ်တဲ့ နှာခေါင်းစည်း မျက်နှာဖုံးတွေကို အသုံးပြုနေကြပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ဆက်လက်ပြောကြားသည်။

ထောင်ဝင်စာ တွေ့ဆုံမှုများနှင့်စပ်လျဉ်း၍ "မတွေ့ဆုံမီ လက်ကိုစင်ကြယ်အောင် ဆေးကြောစေခြင်း၊ ကိုယ်အပူအချိန် မြင့်မားသူ၊ နှာချေ၊ ချောင်းဆိုး၊ အသက်ရှူကျပ် လက္ခဏာရှိတဲ့ ထောင်ဝင်စာတွေ့ဆုံသူတွေကို တားမြစ်ကန့်သတ်ခြင်း၊ ထောင်ဝင်စာတွေ့ဆုံရာတွင် တစ်ဦးနဲ့တစ်ဦး အနည်းဆုံး ၅ ပေအကွာကသာ တွေ့ဆုံစေခြင်း၊ ထောင်ဝင်စာ ပါဆယ်ထုပ်တွေကို ပိုးသတ်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်နေကြောင်း အကျဉ်းဦးစီးဌာနရဲ့ တင်ပြချက်အရ သိရှိရပါတယ်"ဟု ဦးဇော်ဌေးက ရှင်းပြသည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် အကျဉ်းထောင် ၅၀ ၊ စိုက်မွေးအတတ်သင်စခန်းနှင့် ကုန်ထုတ်စခန်း ၄၈ ခုတို့တွင် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၉၉၀၀၀ ကျော်ရှိကြောင်း သိရသည်။

ထက်လျှံ

# ချင်းရွှေဟော်၌ တရုတ်နိုင်ငံမှပြန်လာသည့် နေရပ်ပြန်ပြည်သူ ၄၂ ဦးအား ကျန်းမာရေးစောင့်ကြပ်စစ်ဆေးမှုများဆောင်ရွက်လျက်ရှိ

**ချင်းရွှေဟော် မေ ၁၂**

တရုတ်နိုင်ငံ ရှန်တုန်းပြည်နယ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန် ပြည်သူ ၄၂ ဦးအား ချင်းရွှေဟော်မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် စစ်ဆေးရေးဂိတ်မှ လွှဲပြောင်းလက်ခံပြီး အမှတ်(၂) ရပ်ကွက်ရှိ မြို့ဂုဏ်ရောင် ဘုန်းကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီ အသွားအလာစောင့်ကြည့်ရေးစင်တာတွင် ကျန်းမာရေးစောင့်ကြပ်စစ်ဆေးခြင်းကို မေ ၁၁ ရက်က ဆောင်ရွက်ခဲ့သည်။



အဆိုပါနေရပ်ပြန်ပြည်သူ ၄၂ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ကုသရေး ကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်၊ အတွင်းရေးမှူး ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာသီဟနှင့် ကော်မတီအဖွဲ့ဝင်များက ယာယီ အသွားအလာ စောင့်ကြည့်ရေး စင်တာသို့ပို့ဆောင်ပြီး စင်တာတွင် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ စားသောက်နေထိုင်ရေးအတွက် စီစဉ်ထားမှုများ နှင့် ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ချင်းရွှေဟော်မြို့၌ ယာယီဖွင့်လှစ်ထားသော အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများ ဖြစ်သည့် မြို့တော်ခန်းမတွင် ၁၄ ဦး၊ အခြေခံပညာအထက်တန်း ကျောင်းတွင် ၄၇ ဦးနှင့် အမှတ်(၂)ရပ်ကွက်ရှိ မြို့ဂုဏ်ရောင် ဘုန်းကြီးကျောင်းတွင် ၄၂ ဦး စုစုပေါင်း ၁၀၃ ဦးကို ကျန်းမာရေး စောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

# ပျဉ်းမနားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့သို့ PPE ဝတ်စုံနှင့် နှာခေါင်းစည်းများပေးအပ်လှူဒါန်း

**ပျဉ်းမနား မေ ၁၂**

ပျဉ်းမနားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ပိုးသတ်ဆေးဖျန်းခြင်းတွင် ဝတ်ဆင် အသုံးပြုရန်အတွက် PPE ဝတ်စုံများနှင့် နှာခေါင်းစည်းများကို အဖြူရောင်အနာဂတ်ပရဟိတအသင်းနှင့် အလှူရှင်များက မေ ၁၂ ရက် နံနက်ပိုင်းက မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ရုံး၌ လာရောက်လှူဒါန်းရာ အဖြူရောင်အနာဂတ် ပရဟိတအသင်းဥက္ကဋ္ဌ ကိုမင်းမင်း(ကိုမင်းမင်းသွေးလှူရှင်အဖွဲ့)က မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးသာရထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရုပ်ဗေဒ)

# ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန် ငါးမျိုး ထောက်ပံ့

**ရပ်စောက် မေ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် နှစ်သစ်ကူးမဟာသင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်မှထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန် ငါးမျိုး (ဆန် ၊ ဆီ၊ ဆား၊ ကုလားပဲ ၊ ကြက်သွန်နီ ) စသည်တို့ကို မေ ၁၀ ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အခြေခံလူတန်းစား လျာထားအိမ်ထောင်စု ၃၇၈၉ သို့ သက်ဆိုင်ရာတာဝန်ရှိသူများက အိမ်တိုင်ရာရောက် ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဝေပေးလျက်ရှိရာတွင် ယနေ့နံနက်ပိုင်းကလည်း ရပ်စောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က လွယ်ကိုးကျေးရွာ၊ ပွေးကျေးရွာနှင့် ရေပြာတိုးကျေးရွာများသို့ သွားရောက်ပြီး ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများသို့ အခြေခံစားသောက်ကုန် ငါးမျိုးကို အိမ်တိုင်ရာရောက် ဆက်လက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မူမြစော (ပြန်/ဆက်)

# တောင်ငူ၌ အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်း ငါးမျိုး လှူဒါန်း

**တောင်ငူ မေ ၁၂**

ကိုဗစ်-၁၉ ရောဂါကြောင့် သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ငါးမျိုးလှူဒါန်းခြင်းကို မေ ၁၂ ရက် နံနက်ပိုင်းက တောင်ငူမြို့ (၇)ရပ်ကွက်ရှိ (TTC) ဆရာအတတ်သင်သိပ္ပံကျောင်းဟောင်းဝင်းအတွင်း၌ ထောက်ပံ့ပေးအပ်သည်။

အဆိုပါထောက်ပံ့ပေးအပ်ရာတွင် တောင်ငူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ပရဟိတအသင်းများက တောင်ငူမြို့ (၇)ရပ်ကွက်ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၆၇ စု၊ လူဦးရေ ၂၇၄ ဦးအား အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည် ၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန် တစ်ပိဿာတို့ကို ထောက်ပံ့ပေးခဲ့ပြီး ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စုများကိုလည်း ဆက်လက်ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

## မြန်မာ့ရုပ်မြင်သံကြား

၁၁ . ၅ . ၂၀၂၀ (တနင်္လာနေ့)

(၁၃၈၁ခုနှစ်၊ မဟာသင်္ကြန်အကျနေ့)

နံနက်ပိုင်း

၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

၆:၃၅ – "မဇ္ဈိမအလင်း " (အပိုင်း– ၄)

၇:၀၀ – Breakfast News

၉:၄၅ – “Covid– 19 အသိပညာပေးဆွေးနွေးပွဲ” PROTECT THE VULNERABLE (အပိုင်း– ၃)

၁၀:၀၀ – သင်္ကြန်ရင်ခုန်သံစကားဝိုင်း "မောင်တို့ချယ်ရီမြေ " (အပိုင်း– ၁)

၁၂:၁၀ – "ရတနသုတ်တော်နှင့် ပတ်သက်သည့် သင်ကြားပို့ချမှု"(အပိုင်း–၄)

၁၃:၃၅ – မြန်မာဂန္ထဝင်ရုပ်ရှင် "မောင်တို့ချယ်ရီမြေ " (ဝင်းဦး၊ ခင်သန်းနု) (ဒါရိုက်တာ– ဦးတင်ယု)

၁၅:၃၅ – "မြူးကြွတေးသံ NRCသင်္ကြန် "(အပိုင်း– ၄)

ညပိုင်း

၁၆:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ

၁၇:၃၀ – ရန်အောင်နှင့် ပြည်သူ ချစ်သော သင်္ကြန်

၁၈:၀၀ – "Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်Facebook Accountမှတစ်ဆင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများ အား အပြန်အလှန်ဆွေးနွေး ခြင်းအစီအစဉ် "

၁၉:၀၀ – ခါသင်္ကြန်အဆိုအကများ

၁၉:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ

၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀:၃၀ – "Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများ နှင့် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် Facebook Account မှတစ်ဆင့် တွေ့ဆုံ၍ လက်တွေ့ အခြေအနေ များအား အပြန်အလှန် ဆွေးနွေးခြင်းအစီအစဉ်"

– ဆေးရောင်စုံရုပ်ရှင် "နတ်ဖြစ်ရတဲ့ဒုက္ခ"

## အင်းစိန်မြို့နယ်၌ ဘဏ်တွင်ငွေသွင်းမည့် ကျပ် ၁၅၂ သိန်းပါ အထုပ်ကို ခိုးယူထွက်ပြေးသူအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၉)ရပ်ကွက် ကမာကြည်တံတားအဆင်းလမ်းနေ မမေချိုသွေး (၂၃နှစ်)သည် မေ ၇ ရက် မွန်းလွဲ ၂ နာရီက အင်းစိန်မြို့နယ် တည်းကုန်းရပ်ကွက် ပုလဲလမ်း ကမ္ဘောဇဘဏ်၌ ငွေသွင်းရန် ဘဏ်မှ သတ်မှတ်ထားသည့် စားပွဲခုံပေါ်တွင် အိတ်ဖြင့် ထုပ်ထားသော ငွေကျပ် ၁၅၂ သိန်းပါ အထုပ်ကို တင်ထားပြီး ဘဏ်ငွေသွင်းဘောက်ချာဖြည့်နေစဉ် အမည်မသိ အမျိုးသားတစ်ဦးက ယူဆောင်သွားသဖြင့် မမေချိုသွေးက အော်ဟစ်အကူအညီတောင်းခံစဉ် အဆိုပါ အမျိုးသားမှာ လမ်းဘေး၌ အသင့်ရပ်ထားသော ဆိုင်ကယ်ကို မောင်းနှင်၍ ပုလဲလမ်းဆုံဘက်သို့ ထွက်ပြေးသွားသဖြင့် ၎င်းအား အရေးယူပေးရန် လာရောက်တိုင်တန်း၍ အင်းစိန်မြို့မရဲစခန်း၌ အရေးယူဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က အမှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ်(ထ/၁၆)ရပ်ကွက်နေ ကိုကိုလွင်က အမှုကျူးလွန်ခဲ့ကြောင်း စစ်ဆေး ပေါ်ပေါက်ခဲ့၍ ပြစ်မှုကျူးလွန်သူ ကိုကိုလွင်၏နေအိမ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၁၁၀ အား လည်းကောင်း၊ ပြစ်မှုကျူးလွန်စဉ် ဝတ်ဆင်ခဲ့သည့် အဝတ်များနှင့် စီးနင်းအသုံးပြုသည့် ဆိုင်ကယ်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



ပြစ်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ငွေများအနက်မှ ငွေကျပ် ၇၉၀၀၀၀ ဖြင့် ဆိုင်ကယ်တစ်စီး ဝယ်ယူခဲ့ကြောင်း၊ ငွေကျပ် ၁၈ သိန်းကို အကြွေးဆပ်ခဲ့ကြောင်းနှင့် ငွေကျပ်သိန်း ၂၀ ကို ချေးထားပြီး သုံးသိန်းကို ဖခင်ဖြစ်သူထံ ပေးထားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံ ပစ္စည်းများ၊ ငွေများနှင့်အတူ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းနှင့် ပြစ်မှုကျူးလွန်သူ ကိုကိုလွင်အား အင်းစိန်မြို့မရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

## ကန့်ဘလူမြို့နယ်တွင် ဒေသန္တရအမိန့် ကျူးလွန်ဖောက်ဖျက်သူများအား အရေးယူ

**ကန့်ဘလူ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဒေသန္တရအမိန့် ကျူးလွန်ဖောက်ဖျက်သူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မဖြင့် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်လျက်ရှိသော အမှု သုံးမှုရှိကြောင်း သိရသည်။

အဆိုပါအမှုများမှာ မေ ၁၁ ရက်က ကန့်ဘလူမြို့မ ရဲစခန်းသို့ တိုင်တန်းခဲ့သော ကိုးထောင်ဘို့ကျေးရွာ အထကကျောင်းတွင် ကိုဗစ်–၁၉ စောင့်ကြည့်လူနာများ ထားရှိသည့် ပိတောက်ခုံကျေးရွာနေ သန်းဝင်း(ခ)သောင်းဝင်းနှင့်ချပ်ကုန်းကျေးရွာနေ ဇော်လွင်ဦး(ခ)ဖိုးပိန်တို့သည် အရက်သေစာများ သောက်စားရောက်ရှိလာပြီး နှောင့်ယှက်ခဲ့သဖြင့် ကိုးထောင်ဘို့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှဦးက တိုင်တန်းခဲ့၍ သန်းဝင်းနှင့် ဇော်လွင်ဦးတို့အား ကန့်ဘလူမြို့မရဲစခန်းက လည်းကောင်း၊ မေ ၁၀ ရက်က ထန်းကုန်းနယ်မြေ ရဲစခန်းတွင် တိုင်တန်းခဲ့သော ဖလံချိုင်ကျေးရွာ အုပ်စု သရက်ခေါင်းကျေးရွာနေ ဒေါ်ပြုံးတင်နှင့်သမီး မူမူဝင်းတို့အား ဒေသန္တရအမိန့် ဖောက်ဖျက်ကျူးလွန်မှုကြောင့် ထန်းကုန်းနယ်မြေရဲစခန်းက လည်းကောင်း အမြန်ဆုံးဖမ်းဆီး တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ ကျီစုကျေးရွာတွင် ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေးကော်မတီက နိုင်ငံရပ်ခြားမှ ပြန်လာသူများအား စောင့်ကြည့်စစ်ဆေးရန် ကျီစုကျေးရွာမူလတန်းကျောင်းတွင် စီစဉ်ထားရှိရာ မတ် ၃၀ ရက်၌ ကချင်ပြည်နယ် ဖားကန့်ဒေသမှ ပြန်လာသူ ခြောက်ဦး၊ မေ ၂ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ပြန်လာသူ တစ်ဦးတို့အား သတ်မှတ်နေရာများတွင် ထားရှိရာ မေ ၄ ရက်က ရောက်ရှိလာသူ ကျီစုကျေးရွာနေ စန်းကွန့်သည် အဆိုပါ စောင့်ကြည့်နယ်မြေ အတွင်း ဝင်ရောက် နှောင့်ယှက်သည့်အပြင် တုတ်၊ ဓားလက်နက်ကိုင်ဆောင်ပြီး ဆဲဆိုကြိမ်းမောင်း ပြုလုပ်ခဲ့၍ အရေးယူပေးရန် ကျီစုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က မေ ၅ ရက်က ဇီးကုန်းနယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်းနှင့် စန်းကွန့်အား ကန့်ဘလူမြို့နယ်တရားရုံးမှ မေ ၉ ရက်က ထောင်ဒဏ် တစ်နှစ် ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ပုသိမ်ကြီးမြို့နယ်၌ ခြင်ဆေးခွေထွန်းရာမှတစ်ဆင့် မီးလောင်မှုဖြစ်

**နေပြည်တော် မေ ၁၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာနေ ဒေါ်ဝင်း (၅၅ နှစ်)၏ နေအိမ်၌ မေ ၁၁ ရက် ညနေ ၅ နာရီ ၂၅ မိနစ်ခန့်က ခြင်ဆေးခွေထွန်းရာမှတစ်ဆင့် မီးစတင်လောင်ခဲ့ရာ သွပ်မိုး/ပျဉ်ခင်း/ထရံကာနေအိမ် သုံးလုံးနှင့် ဆိုင်ကယ်နှစ်စီး မီးလောင်ဆုံးရှုံးခဲ့ပြီး ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဒေါ်ဝင်းအား အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

❒ *ကျောဖုံးမှ*

အသင်းသို့ခေါ်ယူခဲ့သည့် ကမ္ဘာ့စံချိန်ကို ကျော်ဖြတ်ဖွယ်ရှိနေသည်။

ဟယ်ရီကိန်းသည် ဇန်နဝါရီလကတည်းက ပေါင်ကြောဒဏ်ရာဖြင့် အနားယူနေရသူလည်း ဖြစ်သည်။

၎င်းသည် စပါးအသင်းအတွက် ၁၉၈ ပွဲ ကစားထားပြီး ၁၃၆ ဂိုး သွင်းယူပေးထားနိုင်သည်။

**အောင်ဇော်**




## ဗန်းမောက်မြို့၌ လမ်းကြိတ်စက်ကြိတ်မိ၍ အမျိုးသမီး တစ်ဦး သေဆုံး

**နေပြည်တော် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့ ဗန်းမောက်–အင်းတော်ကားလမ်း ဆင်ကန်းလမ်းခွဲ ကတ္တရာ(၁)မိုင်နှင့်(၂၅/၂)မိုင်ကြား၌ လမ်းခင်းခြင်းဆောင်ရွက်နေသော လမ်းခင်းလုပ်ငန်းခွင်မှ ပုသိမ်မြို့နယ် ကျောက်စလင်ကုန်းရပ်ကွက်နေ စောကိုကိုအောင် (၃၇ နှစ်) မောင်းနှင်သည့် လမ်းကြိတ်စက်ပေါ်တွင် နန့်မွန်ကျေးရွာနေ မခင်မေဦး(၁၇ နှစ်)ပါ နှစ်ဦး လိုက်ပါစီးနင်းစဉ် မခင်မေဦးမှာ လမ်းကြိတ်စက်ပေါ်မှ ပြုတ်ကျပြီး လမ်းကြိတ်စက်နောက်ဘီးနှင့် ကြိတ်မိခဲ့သဖြင့် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် စောကိုကိုအောင် ကို ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## စမ်းချောင်းမြို့နယ်တွင် စကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်၍ တစ်ဦးသေဆုံး

**နေပြည်တော် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်း/မြောက်ရပ်ကွက် ဂွစျေးအနီးရှိ အမှိုက်ကားသံပုံးအနီး၌ မေ ၁၁ ရက် ညနေ ၃ နာရီခွဲခန့်က ကျွန်း/တောင်ရပ်ကွက် မြို့နယ်စည်ပင်သာယာရေးသန့်ရှင်းရေးဌာန ရုံးဝင်းနေ ဇော်လင်းထက်(၃၃ နှစ်)နှင့် တစ်ရပ်ကွက်တည်းနေ သန်းထိုက်ဦး (၂၆ နှစ်)တို့သည် စကားများရန်ဖြစ်ရာမှ ဇော်လင်းထက်က သန်းထိုက်ဦးကို ဓားဖြင့်ထိုးသဖြင့် လည်ပင်းတွင် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး သေဆုံးသွားခဲ့သောကြောင့် ပြစ်မှုကျူးလွန်သူ ဇော်လင်းထက်အား စမ်းချောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

### မာတီနက်ဇ်အား ခေါ်ယူရေး ပြိုင်ဘက်အသင်းများထက် မန်စီးတီးအသာရဖွယ်ရှိ

မန်စီးတီးအသင်းသည် အင်တာမီလန်အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား မာတီနက်ဇ် (၂၂ နှစ်) အား ခေါ်ယူရေးတွင် ချယ်လ်ဆီး၊ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ထက် အသာရဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မန်စီးတီးအသင်းသည် စာချုပ်ဖျက်သိမ်းကြေးပေါင် ၉၇ ဒသမ ၅ သန်းကို ပေးချေပြီး မာတီနက်ဇ်ကို အသင်းသို့ ခေါ်ယူလိုနေခြင်းဖြစ်သည်။

၎င်းကို မန်စီးတီးအသင်းအပြင် ချယ်လ်ဆီး၊ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေပြီး အဆိုပါ ကစားသမား၏ စာချုပ်ဖျက်သိမ်းကြေးကိုတော့ ပေးချေလိုခြင်းမရှိချေ။

မာတီနက်ဇ်သည် ၂၀၁၈ ခုနှစ်တွင် အာဂျင်တီးနားကလပ် ရေးဆင်းအသင်းမှ အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းသည် အင်တာမီလန်အသင်းအတွက် ယခုနှစ်ရာသီတွင် ၁၆ ဂိုးသွင်းယူပေးထားပြီး အသင်းနှင့် စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိနေသေးကြောင်း သိရသည်။

### နယူးကာဆယ်အသင်း ဆေးဗားလ်အား ခေါ်ယူရန် စိတ်ဝင်စား

နယူးကာဆယ်အသင်းသည် ဘင်ဖီကာအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ရာဖေး ဆေးဗားလ် (၂၆နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘင်ဖီကာအသင်းသည် ပေါ်တူဂီကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်း အလိုရှိနေခြင်းဖြစ်ပြီး နယူးကာဆယ်အသင်းက ပေါင် ၁၅ သန်းဖြင့် ခေါ်ယူလိုနေသည်။ ၎င်းသည် ဘင်ဖီကာအသင်းအတွက် ယခုနှစ်ရာသီတွင် ၂၁ ပွဲ ကစားထားကြောင်း သိရသည်။

### ကာမာရာအား ခေါ်ယူရန် မန်စီးတီးအသင်း စီစဉ်

မန်စီးတီးအသင်းသည် မာဆေးလ်အသင်းမှ ပြင်သစ် ယူ–၂၁ ခံစစ်ကစားသမား ကာမာရာ (၂၀နှစ်)အား ပေါင် ၂၈ သန်းဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### လီဗာပူးအသင်း အိုဒီဂတ်အား ခေါ်ယူရန် ကြိုးစားခဲ့

လီဗာပူးအသင်းသည် နော်ဝေကွင်းလယ်ကစားသမား မာတင် အိုဒီဂတ် (၂၁နှစ်) အား ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးစားခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် လက်ရှိတွင် ရီးရဲမက်ဒရစ်အသင်းမှ ရီးရဲဆိုစီဒက်အသင်းသို့ အငှားချထားကြောင်း သိရသည်။

### မာဂျာအား ဝက်စ်ဟမ်းနှင့် ခရစ္စတယ်လ်ပဲလေ့စ်အသင်းက ခေါ်ယူရန် စိတ်ဝင်စား

ဆန်းဒါးလန်းတိုက်စစ်ကစားသမားဟောင်း မာဂျာ (၂၁နှစ်) သည် ယခုနွေရာသီတွင် ဘော်ဒိုးအသင်းမှ ပရီမီယာလိဂ်သို့ ပြန်လာရန် ဆန္ဒရှိနေသောကြောင့် ဝက်စ်ဟမ်းနှင့် ခရစ္စတယ်လ်ပဲလေ့စ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ **အောင်ဇော်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတည်ထောင်သူခေါင်းဆောင်ကို လုပ်ကြံခဲ့သူအား ကွပ်မျက်

**ဒါကာ မေ ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တည်ထောင်သူခေါင်းဆောင်ကို လုပ်ကြံခဲ့သူ ဗိုလ်ကြီး အဗ္ဗဒူမာဂျက် ၂၅နှစ်ကြာ ထွက်ပြေးပြီးနောက် မေ ၇ ရက်တွင် ဖမ်းဆီးနိုင်ခဲ့သည်။ ထို့နောက် ၎င်းကို ကွပ်မျက်ခဲ့ပြီဖြစ်ကြောင်း ဝန်ကြီးတစ်ဦးက မေ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

**မျက်ကွယ်တွင် သေဒဏ်ချ**

လက်ရှိ ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာ၏ ဖခင်ဖြစ်သူ ရှိတ်ခ်မူဂျီဘာရာမန်သည် ၁၉၇၅ခုနှစ် ဩဂုတ် ၁၅ ရက်တွင် အာဏာသိမ်းမှုတစ်ခုအတွင်း အသတ်ခံခဲ့ရသည်။ ဘင်္ဂလားဒေ့ရှ်ကို ပါကစ္စတန်နိုင်ငံမှ လွတ်လပ်ရေးရရန် ဦးဆောင်ကြိုးပမ်းခဲ့ပြီး လေးနှစ်အကြာတွင် အသတ်ခံခဲ့ရခြင်းဖြစ်သည်။ အဗ္ဗဒူမာဂျက်ကို လုပ်ကြံမှုတွင် ပါဝင်ခဲ့သည့် အခြားသော အရာရှိများနှင့် အတူ ၁၉၉၈ ခုနှစ်က မျက်ကွယ်တွင် သေဒဏ်ချမှတ်ခဲ့သည်။

**လူငါးဦးကို သုတ်သင်**

၂၀၀၉ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ် တရားရုံးချုပ်သည် ဂျူရီအဖွဲ့၏ ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့ပြီး လအနည်းငယ်ကြာမြင့်ပြီးနောက် လုပ်ကြံမှုတွင် ပါဝင်ခဲ့သူ ငါးဦးကို သေဒဏ်ပေးခဲ့သည်။

**ပယ်ချခံရ**

အကြမ်းဖက် တန်ပြန်စစ်ဆင်ရေးအရာရှိများက ပြီးခဲ့သည့် အင်္ဂါနေ့တွင် မာဂျက်ကို ဖမ်းမိခဲ့ပြီး ဘင်္ဂလားဒေ့ရှ် အကျဉ်းထောင်အာဏာပိုင်များသည် မာဂျက်ကို သေဒဏ်စီရင်ခဲ့သည်။ နိုင်ငံတော်သမ္မတထံ အသနားခံတင်စာကို ပယ်ချခံရပြီးနောက် သေဒဏ်စီရင်ခဲ့ခြင်းဖြစ်သည်။

မေ ၁၂ ရက်တွင် ၎င်းကို ကြိုးကွင်းစွပ်သတ်ခဲ့ကြောင်း တရားရေးဝန်ကြီး အပဟီဆူဟာတ်ဒ်က အေအက်ဖ်ပီသို့ ပြောသည်။

**အိန္ဒိယသို့ ထွက်ပြေး**

မာဂျက်သည် ၁၉၉၆ ခုနှစ်တွင် အိန္ဒိယသို့ ထွက်ပြေးခဲ့သည်ဟု ယူဆရသည်။ လွန်ခဲ့သည့် လအတွင်းကမှ ဘင်္ဂလားဒေ့ရှ်သို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**



ဒါကာမြို့တွင် အထိမ်းအမှတ်အဖြစ်ထောင်ထားသည့် ရှိတ်ခ်မူဂျီဘာရာမန်၏ ပိုစတာကို တွေ့ရစဉ်။

# အီစတာပွဲတော်အတွင်း ဗြိတိန်ဘုရင်မကြီး သတင်းစကားပါး

**လန်ဒန် မေ ၁၂**

ကိုရိုနာဗိုင်းရပ်စ်သည် ပြည်သူများကို အလဲထိုးနိုင်မည်မဟုတ်ဟု ဗြိတိန်ဘုရင်မကြီးအဲလစ်ဇဘတ်က အီစတာပွဲတော်အတွင်း အသံဖိုင်ဖြင့်သတင်းစကားပါးခဲ့သည်။ အမှောင်ကို ကျော်လွှားနိုင်ရန် ရည်ရွယ်၍ ဘာသာရေးပွဲတော် အများစုတွင် ဖယောင်းတိုင် ထွန်းကြကြောင်း ဘုရင်မကြီးက တွစ်တာပေါ်တင်ထားသည့် ဗီဒီယိုဖိုင်တွင် ပြောကြားထားသည်။

ယခုနှစ် အီစတာပွဲတော်သည် ယခင်နှစ်များနှင့်မတူဘဲ ကွဲပြားခြားနားမှုရှိကြောင်း၊ သို့သော် အခြားသူများ၏ လုံခြုံစိတ်ချရရေးအတွက် စောင့်ထိန်းရမည်ဟု ပြောကြားခဲ့သည်။ အီစတာပွဲတော်မှ ထွန်းညှိလိုက်သော မီးရောင်သည် ယုံကြည်စိတ်ချရသည့် လမ်းညွှန်မှုဖြစ်ပါစေဟုလည်း ဘုရင်မကြီးက ပြောကြားခဲ့သည်။

အီစတာပွဲတော်နှင့်ပတ်သက်ပြီး ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်အဖြစ် ဘုရင်မကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်ဟု ဗြိတိန်မီဒီယာများတွင် ဖော်ပြကြသည်။ မေ ၅ ရက်ကလည်း ဘုရင်မကြီးသည် ရှားရှားပါးပါး ပြည်သူများရှေ့သို့ ထွက်လာခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဗြိတိန်တွင် လူပေါင်း ၉၈၇၅ ဦး အသက်ဆုံးရှုံးပြီးနောက် ပြည်သူများ စုစည်းညီညွတ်ကြရန် ဘုရင်မကြီးက တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘတ်

# အာဖဂန်နစ္စတန်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၉ ဦးအထိရှိလာ

**ကဘူးလ် မေ ၁၂**

အာဖဂန်နစ္စတန်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ အရေအတွက်မှာ ၁၉ ဦးအထိရှိလာပြီး အတည်ပြုလူနာ ၆၀၇ ဦးအထိရှိကြောင်း ပြည်သူ့ကျန်းမာရေး အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

**သေဆုံးသူ ၁၉ ဦးရှိလာ**

အသက် ၅၄နှစ်အရွယ် လူနာတစ်ဦး ထပ်မံသေဆုံးပြီးနောက် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ၁၉ ဦးအထိရှိလာခဲ့သည်ဟု ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝါဟီဒူလာမေရာက ပြောကြားခဲ့သည်။

**၃၈ ဦး ပြန်လည်နေကောင်း**

ဟီရတ်ပြည်နယ်အနောက်ပိုင်းတွင် ကူးစက်ခံရသူ ခုနစ်ဦးကို မေ ၁၂ ရက် နံနက်ပိုင်းက ထပ်မံတွေ့ရှိခဲ့ရာ တစ်နေ့အတွင်းမှာပင် ကူးစက်ခံရသူ ၅၂ ဦးအထိရှိလာခဲ့သည်။ အာဖဂန်တစ်နိုင်ငံလုံးတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၀၇ ဦးရှိရာမှ ၃၈ ဦးမှာ ပြန်လည်နေကောင်းလာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အသွားအလာကန့်သတ်**

အာဖဂန်နစ္စတန်နိုင်ငံ၌ ပထမဆုံး ကိုဗစ် -၁၉ အတည်ပြုလူနာကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အဓိကမြို့ကြီးများတွင် အသွားအလာကန့်သတ်မှုများ၊ သတ်မှတ်အချိန်အတွင်း အပြင်မထွက်ရ အမိန့်တို့ကို အာဏာပိုင်များက ထုတ်ထားသည်။

**ဆင်ဟွာ**

# အီစတာပွဲတော်အပြီးတွင် နှာခေါင်းစည်းများတပ်ဆင်ကြရန် ပိုလန်နိုင်ငံ၌ အမိန့်ထုတ်

**ဝါဆော မေ ၁၂**

ပိုလန်နိုင်ငံမှ ပြည်သူများသည် မေ ၁၆ ရက်မှစတင်ကာ အိမ်ပြင်ထွက်သည့်အခါနှင့် လူထုကြားသို့ သွားရောက်သည့်အခါ ၎င်းတို့၏ နှာခေါင်းနှင့် ပါးစပ်များကို ဖုံးထားပြီးမှ အပြင်ထွက်ကြရန် အမိန့်ထုတ်ထားကြောင်း ပိုလန်ကျန်းမာရေးဝန်ကြီး လူကက်စ်ဆူမောစကီက မေ ၉ ရက်က ပြောကြားခဲ့သည်။

ပိုလန်နိုင်ငံတွင် ဖျားနာသူများ ပိုများလာကြောင်း၊ ထို့ကြောင့် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများသို့ ထွက်သည့်အခါ နှာခေါင်းစည်း တပ်ဆင်ကြရန် အမိန့်ထုတ်ထားခြင်းဖြစ်ကြောင်း သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ကမ္ဘာပေါ်ရှိနိုင်ငံအများစုတွင်လည်း အလားတူအမိန့်မျိုး ထုတ်ထားကြောင်း၊ အပြင်ထွက်သည့်အခါ မဖြစ်မနေ နှာခေါင်းနှင့်ပါးစပ်ကို ဖုံးအုပ်ထားရမည်ဖြစ်ပြီး ဖုံးအုပ်ရမည့် အရာမှာ နှာခေါင်းစည်းသာ ဖြစ်ရမည်ဟု မသတ်မှတ်ထားကြောင်း လက်ကိုင်ပဝါ သို့မဟုတ် ပဝါဖြင့်လည်း ဖုံးအုပ်ထား၍ရကြောင်း တိကျသည့် စည်းမျဉ်းသတ်မှတ်ချက်များကို အီစတာပွဲတော်အပြီးတွင် ကြေညာသွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လာမည့် အားလပ်ရက်ကာလအတွင်း ပိုလန်ပြည်သူများသည် ဆွေမျိုးသားချင်းများထံ အလည်မသွားကြရန်၊ အထီးကျန်ဖြစ်နေသည့် ဆွေမျိုးများထံဖုန်းခေါ်ဆို၍ စကားပြောနိုင်ပြီး လူကိုယ်တိုင်သွားရောက် လည်ပတ်ခြင်းမျိုး မပြုလုပ်ရန် ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အကယ်၍ ကန့်သတ်ချက်များကို မလိုက်နာပါက တိုင်းပြည်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်မှာ ၄၀၀၀၀ အထိ တိုးလာနိုင်ကြောင်း ပြောကြားခဲ့သည်။ ပိုလန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်မှာ ၅၃၄၁ ဦးအထိရှိပြီး ၁၆၄ ဦး သေဆုံးခဲ့ပြီးဖြစ်သည်ဟု မေ ၉ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**




ပိုလန်နိုင်ငံ ဝါဆောမြို့တွင် လှုပ်ရှားသွားလာနေကြသည့် ပြည်သူများအား မေ ၁၁ ရက်က တွေ့ရစဉ်။

# တာလီဘန်အဖွဲ့က အကျဉ်းသား ၂၀ ကို လွှတ်ပေးရန် ပြင်ဆင်လျက်ရှိ

**ကဘူးလ် မေ ၁၂**

ပြီးခဲ့သည့် ရက်သတ္တပတ်က တာလီဘန်စစ်သွေးကြွ အဖွဲ့နှင့် အစိုးရတို့အကြား ဆွေးနွေးပွဲများပြုလုပ်ပြီးနောက် သဘောတူညီမှုတစ်ခုရခဲ့ဟန်ရှိပြီး ရလဒ်အနေဖြင့် အာဖဂန် တောင်ပိုင်း ကန်ဒါဟာမြို့တွင် အကျဉ်းသား ၂၀ ကို လွှတ်ပေးရန် ပြင်ဆင်နေကြောင်း တာလီဘန် စစ်သွေးကြွ အဖွဲ့က မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။



နှာခေါင်းစည်းတပ်ဆင်သွားလာနေကြသည့် အာဖဂန်ပြည်သူအချို့။

ကဘူးလ်ရှိ ၎င်းတို့၏အုပ်ချုပ်ရေးအဖွဲ့က အကျဉ်းသား ၂၀ ကို လွှတ်ပေးမည်ဖြစ်ကြောင်း တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဆူဟာလီရှာဟင်က တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။ ထို့ပြင် တာလီဘန်အဖွဲ့သည် ကြက်ခြေနီအဖွဲ့ ကိုယ်စားလှယ်များကို လွှဲပြောင်းပေးမည်ဟုလည်း ဖြည့်စွက်ဖော်ပြထားသည်။

အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့နှင့် နေတိုးတပ်ဖွဲ့ အကြီးအကဲက အာဖဂန်နိုင်ငံအတွင်း အပစ်အခတ်ရပ်စဲရေးတစ်ရပ်ကို ဆွေးနွေးရန် စစ်သွေးကြွအဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီးနောက် အာဖဂန်အစိုးရက တာလီဘန်အကျဉ်းသားအများအပြားကို လွှတ်ပေးခဲ့ပြီး မကြာမီ တာလီဘန်စစ်သွေးကြွအဖွဲ့၏ အဆိုပါ ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်သည် လာမည့် နွေရာသီတွင် အာဖဂန်ရှိ အမေရိကန်နှင့် ပြည်ပတပ်ဖွဲ့ဝင်များကို ရုပ်သိမ်းမည်ဟု တာလီဘန်အဖွဲ့သို့ ကတိပြုထားသည့် သဘောတူ စာချုပ်တစ်ရပ်ကို ပြီးခဲ့သည့် ဖေဖော်ဝါရီလက လက်မှတ်ရေးထိုးခဲ့သည်။ သဘောတူစာချုပ်၌ လက်မှတ်ရေးထိုးရာတွင် ပါဝင်ခြင်းမရှိသည့် အာဖဂန်အစိုးရအနေဖြင့် တာလီဘန်အကျဉ်းသား ၅၀၀၀ နှင့်အထက် လွှတ်ပေးရန်ဖြစ်ပြီး အပေးအယူအနေဖြင့် အစိုးရထောက်ခံသူ အကျဉ်းသား ၁၀၀၀ ကို တာလီဘန်တို့ဘက်မှ လွှတ်ပေးရန်ဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က တာလီဘန်အဖွဲ့ဝင် အနည်းငယ်ပါသည့် အုပ်စုနှင့် အစိုးရတို့အကြား ကျယ်ပြန့်သော အကျဉ်းသားလဲလှယ်မှုတစ်ရပ် လုပ်ဆောင်ရန်အတွက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ သို့သော် အစိုးရအရာရှိများက အကျဉ်းသားများကို ဖြည်းဖြည်းချင်း လွှတ်ပေးရန် ကမ်းလှမ်းခဲ့ပြီးနောက်တွင် ဆွေးနွေးမှုများ အဆင်မပြေ ဖြစ်ခဲ့သည်။

အကျဉ်းသားလဲလှယ်ရေးတွင် ပြဿနာအချို့ရှိနေပြီး တာလီဘန်အဖွဲ့က ၎င်းတို့၏ ထိပ်တန်းခေါင်းဆောင် ၁၅ ဦးကို ပြန်လွှတ်ပေးစေလိုကြောင်း အစိုးရဘက်က ပြောသည်။ စစ်သွေးကြွအဖွဲ့ကမူ အာဖဂန်အာဏာပိုင်များသည် မလိုလားအပ်ဘဲ အချိန်ဆွဲလျက်ရှိကြောင်း စွပ်စွဲခဲ့သည်။ အကျဉ်းသားတစ်စုကို လွှတ်ပေးရန် ဆုံးဖြတ်ခြင်းသည် အာဖဂန်အစိုးရနှင့် ဆွေးနွေးမှုများ ပြန်လည်စတင်နေသည်ဟု ဆိုလိုခြင်း မဟုတ်ကြောင်း တာလီဘန်အဖွဲ့က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ကပ်ရောဂါထိန်းချုပ်ရေးကြိုးပမ်းနေသည့် ကာလအတွင်း အာရပ်စော်ဘွားများပြည်ထောင်စုက အွန်လိုင်းပေါ်မှ ထိမ်းမြားလက်ထပ်သည့် ဝန်ဆောင်မှုပေး

**ဒူဘိုင်း မေ ၁၂**

ကမ္ဘာတစ်ဝန်း၌ လူ့အသက်ပေါင်းများစွာကို သေဆုံးစေခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကို ရင်ဆိုင်တိုက်ဖျက်ရန်အတွက် အများပြည်သူတို့၏ သွားလာလှုပ်ရှားမှုများနှင့် ထိတွေ့ဆက်ဆံမှုများအပေါ် ကန့်သတ်ရန် စည်းကမ်းချက်ညွှန်ကြားချက်များ ထုတ်ပြန်နေချိန်အတွင်း ချစ်သူစုံတွဲများအနေဖြင့် အွန်လိုင်းပေါ်မှ ထိမ်းမြားလက်ထပ်နိုင်မည့် ဝန်ဆောင်မှုတစ်ရပ်ကို အာရပ်စော်ဘွားများပြည်ထောင်စုက ပေးအပ်လိုက်ကြောင်း သိရသည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တိုက်ဖျက်နိုင်ရန် အာရပ်စော်ဘွားများ ပြည်ထောင်စုက တင်းကျပ်သည့် စီမံဆောင်ရွက်ချက်များ လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားများနှင့် ဒေသခံပြည်သူများသည် မင်္ဂလာဖိတ်စာရိုက်နှိပ်အတည်ပြုပြီးနောက် ဘာသာရေးခေါင်းဆောင် သို့မဟုတ် ခရစ်ယာန်ဘုန်းတော်ကြီးနှင့် ဗီဒီယိုလင့်မှတစ်ဆင့် ချိတ်ဆက်ပြီး အွန်လိုင်းပေါ်တွင် မင်္ဂလာအခမ်းအနားတစ်ရပ်ကျင်းပရန် နေ့ရက်သတ်မှတ်နိုင်ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စုမှ တရားဝင်သတင်းအေဂျင်စီတစ်ခုဖြစ်သည့် ဒဗလျူ အေအမ်က ပြောသည်။

အဆိုပါလုပ်ထုံးလုပ်နည်းအရ လက်ထပ်စာချုပ်ကို သက်ဆိုင်ရာ တရားရုံးတွင် တရားဝင်အတည်မပြုမီ ဘုန်းတော်ကြီးက လက်ထပ်မည့် သတို့သားနှင့် သတို့သမီး၏ ကိုယ်ရေးအချက်အလက်အထောက်အထားများနှင့် မျက်မြင်သက်သေတို့၏ အထောက်အထားများကို အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဗြိတိန်ဝန်ကြီးချုပ်အခြေအနေ သက်သာကောင်းမွန်လျက်ရှိ

**လန်ဒန် ဧပြီ ၁၂**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် လန်ဒန်ရှိ စိန့်သောမက်စ်ဆေးရုံအထူးကြပ်မတ်ဆောင်တွင် ကုသမှုခံယူလျက်ရှိရာ ဧပြီ ၁၀ ရက်က ရောဂါအခြေအနေ တိုးတက်ကောင်းမွန်ခဲ့သောကြောင့် ယခုအခါတွင် အထူးကြပ်မတ်ကုသဆောင်မှ ပြောင်းရွှေ့နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်က ရောဂါပြန်လည်သက်သာလာသည့် အစောပိုင်းကာလအတွင်း အနီးကပ်စောင့်ကြည့်မှုခံယူရဦးမည်ဖြစ်ကြောင်း၊ ၎င်းသည် စိတ်ပိုင်းဆိုင်ရာအခြေအနေ အလွန်အမင်းကောင်းမွန်လာကြောင်း ဝန်ကြီးချုပ်ရုံး ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်သည် ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း စမ်းသပ်တွေ့ရှိပြီးနောက် ၁၀ ရက်အကြာ ဧပြီ ၅ ရက်က ဆေးရုံသို့တက်ရောက်ခဲ့ကာ ဧပြီ ၆ ရက်တွင် အထူးကြပ်မတ်ကုသဆောင်သို့ ပြောင်းရွှေ့၍ ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် မြောက်ကိုရီးယားခေါင်းဆောင် ပေါ်လစ်ဗျူရို အစည်းအဝေးတက်ရောက်

**ပြုံယမ်း ဧပြီ ၁၂**

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းသည် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေး နောက်ထပ်စီမံဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အာဏာရ အလုပ်သမားပါတီ၏ ပေါ်လစ်ဗျူရို အစည်းအဝေးတစ်ရပ်သို့ တက်ရောက်ခဲ့ကြောင်းသိရသည်။




အစည်းအဝေးတက်ရောက်ခဲ့သည့် ခေါင်းဆောင်ကင်၏ ပုံရိပ်ကို ရိုဒေါင်ဆင်မန်သတင်းစာ၌ ဖော်ပြထားစဉ်။

အဆိုပါ အစည်းအဝေးကို ဧပြီ ၁၂ ရက်က ကျင်းပခဲ့မှုကို အလုပ်သမားပါတီ၏ တနင်္ဂနွေနေ့ထုတ် ရိုဒေါင်ဆင်မန် သတင်းစာတွင် ဖော်ပြခဲ့ကြောင်း သိရသည်။ အစည်းအဝေး၌ မြောက်ကိုရီးယားနိုင်ငံအတွင်း ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် အခြေအနေကို အလွန်တည်ငြိမ်သည့် အခြေအနေ တစ်ရပ်အနေဖြင့် ဖော်ပြထားပြီး အာဏာပိုင်များသည် ထိပ်တန်းအဆင့် တင်းကျပ်သော အစီအမံများ ဆောင်ရွက်ထားကြောင်း အလေးပေး ဖော်ပြခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကို လွှမ်းခြုံနိုင်စေမည့် အစီအမံများ ပိုမိုချမှတ်ဆောင်ရွက်သွားရေး ဆုံးဖြတ်ချက်တစ်ရပ်ကို အဖွဲ့ဝင်များက အတည်ပြုခဲ့ကြောင်း ရိုဒေါင်ဆင်မန် သတင်းစာက ဖော်ပြသည်။ ထို့ပြင် ခေါင်းဆောင်ကင်သည် လေတပ်ဖွဲ့ ယူနစ်တစ်ခုကို စစ်ဆေးမှုဆောင်ရွက် ခဲ့ကြောင်းကိုလည်း အဆိုပါ သတင်းစာတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် မတ်လမှ စတင်ကာ ခေါင်းဆောင်ကင်၏ စစ်ရေးဆိုင်ရာ စစ်ဆေးမှုများကို မကြာခဏဖော်ပြခဲ့သည်။ နောက်ဆုံးလုပ်ဆောင်ခဲ့သည့် လှုပ်ရှားမှုတွင် မြောက်ကိုရီးယားနိုင်ငံအတွင်း ပိုမိုတင်းကျပ်ခိုင်မာသည့် စည်းကမ်းများထုတ်ပြန်ရန် ကြိုးပမ်းခဲ့မှုကို တွေ့ရသည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်က ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူအရေအတွက် အမြင့်ဆုံးနိုင်ငံဖြစ်လာ

**နယူးယောက် ဧပြီ ၁၂**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်သည် ဧပြီ ၁၁ ရက်တွင် အီတလီကို ကျော်လွန်သွားခဲ့ပြီးနောက် တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အရေအတွက်အများဆုံးနှင့် သေဆုံးမှုနှုန်းအမြင့်ဆုံး နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာကြောင်း သိရသည်။

ဂျွန်ဟော့ကင်း တက္ကသိုလ်၏ ဖော်ပြသည့် ကိန်းဂဏန်းများအရ ဧပြီ ၁၂ ရက် ဒေသစံတော်ချိန် ည ၂ နာရီတွင် အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၂၉၉၅၁ ဦးရှိပြီး သေဆုံးသူ ၂၀၆၀၈ ဦးရှိကြောင်း သိရသည်။ အီတလီ၌ လက်ရှိ ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် ၁၅၂၂၇၁ ဦးရှိပြီး သေဆုံးသူ ၁၉၄၆၈ ဦးရှိသည်။ စပိန်၌ ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေမှာ ၁၆၃၀၂၇ ဦးဖြစ်ပြီး သေဆုံးသူ ၁၆၆၀၆ ဦးအထိရှိသည်။




အမေရိကန်ရှိ ဆေးရုံတစ်ရုံ၌ ရောဂါကူးစက်ခံရသူတစ်ဦးကို ခေါ်ဆောင်လာစဉ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဧပြီ ၁၁ ရက်တွင် နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဝိုင်အိုမင်း ပြည်နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်မှု အရေးပေါ်ကြေညာချက် ထုတ်ပြန်ရန် အတည်ပြုခဲ့သည်။ မကြာသေးမီကပင် ဝါရှင်တန်ဒီစီ၊ အမေရိကန် ဗာဂျင်ကျွန်း၊ ဂူအမ်၊ မြောက်ပိုင်း မာရီယာနာကျွန်းစုနှင့် ပွာတိုရီကိုကို အပါအဝင် ပြည်နယ်ပေါင်း ၅၀ တို့တွင် သဘာဝဘေးကျရောက်မှု အရေးပေါ်အခြေအနေကြေညာချက် ထုတ်ပြန်ခဲ့ပြီး ယင်းသို့ထုတ်ပြန်ရမှုသည် အမေရိကန်သမိုင်း၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

အဆိုပါ ကြေညာချက်အရ ပြည်နယ်များနှင့် ဒေသအစိုးရအဖွဲ့များသည် ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် အထောက်အကူဖြစ်စေမည့် ဖက်ဒရယ်ရန်ပုံငွေနှင့် လူ့စွမ်းအားအရင်းအမြစ် အကူအညီများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်အာရှအတွက် မုန်တိုင်းတစ်ခုဖြစ်လာတဲ့ ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါ

## ခြူးစန္ဒီနွေး

ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါကြောင့် တောင်အာရှနိုင်ငံတွေဟာ နှစ်ပေါင်း ၄၀ ကာလတာအတွင်း အဆိုးရွားဆုံးသော စီးပွားရေးအကျိုးဆက်တွေနဲ့ ရင်ဆိုင်နေရပါတယ်။

### စီးပွားရေးအထိနာ

ဆင်းရဲမွဲတေမှုကို နှစ်ပေါင်းများစွာကြာအောင် တိုက်ဖျက်နေစဉ်မှာပဲ ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးကို အထိနာစေတယ်လို့ ကမ္ဘာ့ဘဏ်က ဧပြီ ၁၂ ရက်နေ့မှာ ပြောကြားခဲ့ပါတယ်။ လူပေါင်း ၁ ဒသမ ၈ ဘီလီယံ နေထိုင်နေကြတဲ့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်နဲ့ အခြားသောနိုင်ငံများအပါအဝင် လူဦးရေထူထပ်တဲ့ မြို့ကြီးတွေမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရတဲ့ သတင်းတွေဟာ ဟိုနားကတစ်စတစ်စ၊ ဒီနားကတစ်စတစ်စနဲ့ ပေါ်ထွက်လာပါတယ်။ ကျွမ်းကျင်သူတွေ ကြောက်ရွံ့ကြတာကတော့ ဒီနေရာတွေမှာ နောက်ထပ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားရာ ဗဟိုချက်မနေရာ ဖြစ်လာမှာကိုပါပဲ။

### မုန်တိုင်းသဖွယ် တိုက်ခတ်လာ

စီးပွားရေးမှာ အလူးအလဲ ဖြစ်လာတာကလည်း ငြင်းလို့မရတဲ့ သက်သေတစ်ခုပါပဲ။ နိုင်ငံအနှံ့အပြားမှာ ကျယ်ကျယ်ပြန့်ပြန့် ပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်လာရတဲ့အတွက် ပုံမှန်သွားလာလှုပ်ရှားမှုတွေ ရပ်တန့်ကုန်ရပါတယ်။ အနောက်နိုင်ငံတွေက စက်ရုံအမှာစာတွေဟာလည်း ဖျက်သိမ်းသွားတဲ့အတွက် ဆင်းရဲတဲ့ အလုပ်သမားအများစုဟာ အလုပ်လက်မဲ့ ဖြစ်ကုန်ကြရပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရဲ့အဘက်ဘက်က ထိုးနှက်မှုတွေကြောင့် တောင်အာရှနိုင်ငံတွေဆီ မုန်တိုင်းသဖွယ် တိုက်ခတ်လာပါတော့တယ်။

### ခရီးသွားလုပ်ငန်းတွေရပ်နားထားရ

အခုဆိုရင် ခရီးသွားလုပ်ငန်းဆိုတာကလည်း လုံးဝကို ရပ်နားထားရပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်မှုရှိတဲ့ လုပ်ငန်းတွေအားလုံးလည်း ရပ်နားထားရပါတယ်။ အထည်ချုပ်လုပ်ငန်းအတွက် အမှာစာတွေလည်း မရှိတော့ပါဘူး။ ဝယ်သူရော၊ ရောင်းသူရော မရှိတော့တဲ့အတွက် အထည်ချုပ်လုပ်ငန်းဟာလည်း ပြိုလဲနေတဲ့သဘောမှာ ရှိတယ်လို့ ကမ္ဘာ့ဘဏ်ရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ကမ္ဘာ့ကပ်ရောဂါ ကိုရိုနာဗိုင်းရပ်စ်မတိုင်မီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ခန့်မှန်းရာမှာ ၆ ဒသမ ၃ ရာခိုင်နှုန်းရှိလိမ့်မယ်လို့ ခန့်မှန်းထားပေမယ့် တောင်အာရှနိုင်ငံတွေမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းဟာ ယခုနှစ်အတွင်း ၁ ဒသမ ၈ ကနေ ၂ ဒသမ ၈ ရာခိုင်နှုန်းကြားသာ ဖြစ်လိမ့်မယ်လို့ ပြောင်းလဲခန့်မှန်းထားကြပါတယ်။

> “အခုဆိုရင် ခရီးသွားလုပ်ငန်းဆိုတာကလည်း လုံးဝကို ရပ်နားထားရပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်မှုရှိတဲ့ လုပ်ငန်းတွေအားလုံးလည်း ရပ်နားထားရပါတယ်။ အထည်ချုပ်လုပ်ငန်းအတွက် အမှာစာတွေလည်း မရှိတော့ပါဘူး။ ဝယ်သူရော၊ ရောင်းသူရော မရှိတော့တဲ့အတွက် အထည်ချုပ်လုပ်ငန်းဟာလည်း ပြိုလဲနေတဲ့ သဘောမှာရှိတယ်လို့ ကမ္ဘာ့ဘဏ်ရဲ့အစီရင်ခံစာမှာ ဖော်ပြထား”

### စီးပွားရေးထိခိုက်မှုနဲ့ ရင်ဆိုင်ရ

တောင်အာရှနိုင်ငံတွေရဲ့တစ်ဝက်နီးပါးဟာ စီးပွားရေးကျဆင်းမှုနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ ဆိုးဆိုးရွားရွားထိခိုက်မယ့်နိုင်ငံကတော့ မော်လ်ဒိုက်နိုင်ငံပါပဲ။ ကမ္ဘာအနှံ့ခရီးသွားအများကြီးကို ဆွဲဆောင်နိုင်ခဲ့တဲ့ မော်လ်ဒိုက်နိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးကြောင့် ခရီးသွားလုပ်ငန်း ရပ်နားလိုက်ရတဲ့အခါမှာတော့ နိုင်ငံရဲ့ ဂျီဒီပီကိုသွားထိခိုက်ပါတော့မယ်။ အာဖဂန်နစ္စတန်နိုင်ငံရဲ့ စီးပွားရေးဟာလည်း ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျုံ့သွားနိုင်သလို ပါကစ္စတန်ဟာလည်း ၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ထိခိုက်သွားနိုင်ပါတယ်။

### မညီမျှမှုတွေ ဖြစ်လာမယ်

ဒေသတွင်းအင်အားကြီးနိုင်ငံဖြစ်တဲ့ အိန္ဒိယမှာတော့ ဧပြီ ၁ ရက်ဆိုရင် ဘဏ္ဍာနှစ် စတင်ပါတယ်။ အရင်တုန်းကတော့ ယခုဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းဟာ ၄ ဒသမ ၈ ရာခိုင်နှုန်းကနေ ၅ ဒသမ ၀ ရာခိုင်နှုန်းအထိ ရှိနိုင်တယ်လို့ ခန့်မှန်းထားခဲ့ပေမယ့် ၁ ဒသမ ၅ ရာခိုင်နှုန်းကနေ ၂ ဒသမ ၈ ရာခိုင်နှုန်းအထိသာ တိုးတက်မှုရှိလိမ့်မယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါတယ်။ ကပ်ရောဂါကြောင့် ဒေသတွင်းမညီမျှမှုတွေ ဖြစ်လာလိမ့်မယ်လို့လည်း ဒီအစီရင်ခံစာက သတိပေးထားပါတယ်။ ပုံမှန်တရားဝင်မဟုတ်တဲ့ အလုပ်သမားတွေအတွက်ကတော့ ကျန်းမာရေးစောင့်ရှောက်မှု လျော့နည်းတာ ဒါမှမဟုတ် ကျန်းမာရေးစောင့်ရှောက်မှု လုံးဝမရတာ၊ လူမှုရေးဆိုင်ရာ လုံခြုံမှုမရတာတွေ ဖြစ်လာနိုင်တယ်လို့ သတိပေးထားပါတယ်။




အိန္ဒိယတွင် ပိတ်ဆို့ကန့်သတ်မှုပြုလုပ်ကြောင်းရဲအရာရှိများက အသိပေးနေစဉ်။

### ခြေကျင်လမ်းလျှောက်ပြန်

အိန္ဒိယနိုင်ငံကတော့ ကမ္ဘာပေါ်မှာအကြီးဆုံး ပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ခဲ့တဲ့နိုင်ငံပါပဲ။ နိုင်ငံတွင်း ပိတ်ဆို့ကန့်သတ်မှုတွေကြောင့် ရာနဲ့ထောင်နဲ့ချီတဲ့ ရွှေ့ပြောင်းလုပ်သားတွေကို နေရပ်ပြန်ဖို့ တွန်းအားပေးသလို ဖြစ်သွားပါတယ်။ ရွှေ့ပြောင်းလုပ်သားတွေဟာ ကျေးရွာတွေက နေအိမ်တွေဆီပြန်ကြရာမှာ အချို့ဆိုရင်ခြေကျင် လမ်းလျှောက်ပြီးတောင် ပြန်ကြတယ်လို့ သိရပါတယ်။

### ပါကစ္စတန်နိုင်ငံရဲ့ထိခိုက်မှု

ပါကစ္စတန်နိုင်ငံမှာလည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက် ၂၀၀၀ ထက်မနည်းရှိနေပြီး ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရတို့ဟာ တစ်စိတ်တစ်ပိုင်းပိတ်ဆို့ကန့်သတ်တာ ဒါမှမဟုတ် အပြည့်အဝပိတ်ဆို့ကန့်သတ်မှုတွေ လုပ်ဆောင်နေပါတယ်။ စက်ရုံအများစုဟာလည်း ပိတ်ထားရတဲ့အတွက် လိုအပ်တဲ့ပစ္စည်းတွေကို ထုတ်လုပ်ပေးနိုင်ခြင်းမရှိပါဘူး။ ကဏ္ဍအသီးသီးက အလုပ်သမား ၁၂ ဒသမ ၃ သန်းကနေ ၁၈ ဒသမ ၅ သန်းကြားဟာ သူတို့ရဲ့အလုပ်နေရာတွေ ဆုံးရှုံးနိုင်တယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းထားပါတယ်။

### လိုအပ်ချက်တွေဖြည့်ဆည်းဖို့လို

နိုင်ငံအသီးသီးက အစိုးရတွေဟာ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် လှုပ်ရှားမှုတွေ အရှိန်အဟုန်မြှင့် လုပ်ဆောင်သင့်ပြီး ပြည်သူတွေကို အကာအကွယ်ပေးရမယ်။ အထူးသဖြင့် ဆင်းရဲသားတွေနဲ့ အားနည်းတဲ့ပြည်သူတွေကို အကာအကွယ်ပေးရမယ်၊ နောက်ပြီး စီးပွားရေး ပြန်လည်နာလန်ထူနိုင်ဖို့အရေး စီစဉ်ဆောင်ရွက်ရမယ်လို့ ကမ္ဘာ့ဘဏ်က ပြောကြားခဲ့ပါတယ်။ ရေတိုမှာတော့ အားနည်းနေတဲ့ ကျန်းမာရေးစနစ်ကို ပြုပြင်ရမှာဖြစ်ပြီး အစားအသောက် ဆေးဝါးထောက်ပံ့ရေးပစ္စည်းတွေ မပြတ်လပ်ဖို့၊ ထိခိုက်ခံစားရသူတွေအတွက် လိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့ကိုလည်း ဆက်လက်အကြံပြုခဲ့ပါတယ်။

### အရှိန်အဟုန်နဲ့ပြန်စတင်မယ်

ရွှေ့ပြောင်းလုပ်သားတွေအတွက် ယာယီအလုပ်အစီအစဉ်တွေ ပြုလုပ်ဖို့၊ စီးပွားရေးလုပ်ငန်းတွေအတွက် သက်သာချောင်ချိရေး ချေးငွေတွေထုတ်ပေးဖို့၊ မရှိမဖြစ်လိုအပ်တဲ့ ကုန်ပစ္စည်းတွေတင်သွင်းမှုနဲ့ တင်ပို့မှု ပြုလုပ်ရာမှာ ကြိုးနီစနစ်ကို ဖြတ်တောက်ထားဖို့ကိုလည်း ကမ္ဘာ့ဘဏ်က ထောက်ခံခဲ့ပါတယ်။ ဒီကပ်ရောဂါ အကျပ်အတည်းက လွန်မြောက်လာတဲ့နောက်မှာတော့ အစိုးရအသီးသီးဟာ ဆန်းသစ်တဲ့မူဝါဒတွေ ချမှတ်ရမှာဖြစ်ပြီး စီးပွားရေးကိုလည်း အရှိန်အဟုန်နဲ့ ပြန်လည်စတင်ရမှာပါ။

### ကမ္ဘာ့ဘဏ်၏ အကူအညီ

ဒီလိုလုပ်ဆောင်ဖို့ ပျက်ကွက်ခဲ့မယ် ဆိုရင်တော့ စီးပွားရေးတိုးတက်မှုနှုန်းကို ကာလရှည်ကြာထိခိုက်စေနိုင်ပြီး ဆင်းရဲမွဲတေမှုကိုလျှော့ချရာမှာလည်း ရလဒ်ကောင်းတွေကို မျှော်လင့်လို့ရတော့မှာ မဟုတ်ပါဘူးလို့ ကမ္ဘာ့ဘဏ်က ဟာ့ဒ်ရှေဖာက ပြောပါတယ်။ စီးပွားရေးအကျပ်အတည်း ဖြစ်လာမှာကို စိုးရိမ်တဲ့အတွက် ကမ္ဘာ့ဘဏ်ဟာလည်း လျင်လျင်မြန်မြန်ပဲ ဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်။ နိုင်ငံတွေကို ဆင်းရဲမွဲတေမှုနဲ့ စီးပွားရေးကျဆင်းမှုကနေ အကာအကွယ်ပေးနိုင်ဖို့၊ စီးပွားရေးလုပ်ငန်းတွေမှာ ထောက်ပံ့ပေးဖို့၊ စီးပွားရေးပြန်လည်နာလန်ထူနိုင်ဖို့အတွက် လာမယ့် ၁၅ လတာကာလအတွင်း ကမ္ဘာ့ဘဏ်ဟာ အမေရိကန်ဒေါ်လာ ၁၆၀ ဘီလီယံအထိ ထိထိရောက်ရောက် အသုံးချသွားမယ်လို့ သိရပါတယ်။

**ကိုးကား - အေအက်ဖ်ပီ**

---

## နိုင်ငံတကာသတင်းတိုထွာ

### ဂျပန်နိုင်ငံအလယ်ပိုင်း အိုင်းအိချိခရိုင်တွင် ကိုဗစ်-၁၉ အရေးပေါ်အခြေအနေ ကြေညာ

**တိုကျို ဧပြီ ၁၂**

ဂျပန်နိုင်ငံအလယ်ပိုင်း အိုင်းအိချိခရိုင်၏ အုပ်ချုပ်ရေးမှူးသည် ခရိုင်အတွင်း နောက်ကြောင်းမလိုက်နိုင်သည့် ကူးစက်ခံရမှုများအပါအဝင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုများ အလျင်အမြန်ဖြစ်ပွားနေသည့်အတွက် အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း ဧပြီ ၁၁ ရက်က သတင်းရရှိသည်။ ဒေသခံများ၏ အသက်နှင့် ကျန်းမာရေးကို ကာကွယ်ရန် မိမိတတ်နိုင်သမျှ ဆောင်ရွက်ချက်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မစ္စတာ အိုးမူရာ့ဟိဒဲအာကိက ယမန်နေ့က ပြုလုပ်ခဲ့သည့် လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ပြောကြားလိုက်သည်။ ကြုံတွေ့နေရသော အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရန် အိုင်းအိချိဒေသခံများအားလုံး နှင့် အတူလက်တွဲဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားခဲ့သည်။

ဒေသခံများအနေဖြင့် အရေးကြီးကိစ္စမရှိဘဲ အပြင်မထွက်ကြရန်နှင့် အလုံပိတ်ထားသည့်နေရာများ၊ လူအလွန်ထူထပ်သည့်နေရာများ၊ လူများနှင့် အနီးကပ်စကားပြောခြင်းများကို ရှောင်ရှားကြရန် မစ္စတာအိုးမူရာ့က တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဘာသာရေးအုပ်စုများအနေဖြင့် ပွဲများမကျင်းပကြရန် ကုလအကြီးအကဲတောင်းဆို

**ဂျီနီဗာ ဧပြီ ၁၂**

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကာကွယ်ရေးအတွက် ကမ္ဘာအနှံ့ရှိ ဘာသာရေးခေါင်းဆောင်များအနေဖြင့် ပွဲများမကျင်းပကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က တောင်းဆိုခဲ့သည်။ ကမ္ဘာတစ်လွှားမှအစိုးရများသည် ခရီးထွက်ခြင်းကို တင်းတင်းကျပ်ကျပ် ကန့်သတ်ထားကြသော်လည်း ယုံကြည်မှုပြင်းထန်သည့် လူအများစုသည် ဘာသာရေးပွဲများကို ဆက်လက်တက်ရောက်နေကြသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အဆိုပါ သတင်းစကားကို ကုလသမဂ္ဂဝက်ဘ်ဆိုက်တွင် ဧပြီ ၁၂ ရက်က တင်ထားသည်။ ဘာသာရေးပွဲတော်ကာလအတွင်း မိသားစုများ ပြန်လည်တွေ့ဆုံကြပြီး ပွေ့ဖက်နှုတ်ဆက်ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းတို့ ဆောင်ရွက်ကြကြောင်း ကုလသမဂ္ဂအကြီးအကဲက ရေးသားထားသည်။ ကိုရိုနာဗိုင်းရပ်စ်ကို တွန်းလှန်ရာတွင် ရှေ့တန်းမှ ရင်ဆိုင်နေကြရသည့် ကျန်းမာရေးလုပ်သားများကို စာနာပေးကြရန်လည်း မစ္စတာဂူတာရက်စ်က တိုက်တွန်းထားသည်။ ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ကိုယ်ချင်းစာတရားတို့ဖြင့် ကိုရိုနာဗိုင်းရပ်စ်ကို အနိုင်ယူသွားကြရန် ပြောကြားရင်း မစ္စတာ ဂူတာရက်စ်က ၎င်း၏ စာကိုအဆုံးသတ်ထားသည်။

**အင်န်အိတ်ချ်ကေ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၂-၄-၂၀၂၀) ရက်နေ့၊ နံနက် (၁:၃၀) နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၁၁-၄-၂၀၂၀) ရက်နေ့၊ ည (၁၁:၃၀) နာရီတွင် ထုတ်ပြန်ချက်အရ စောင့်ကြည့်လူနာများ၊ ဆေးရုံများနှင့် သက်ဆိုင်ရာနေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသူများ စုစုပေါင်း (၂၃၀) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (ဇယား-၁) ၌ ဖော်ပြထားရှိသော လူနာ (၇) ဦးနှင့် (၁၁-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီသတင်းတွင် ဖော်ပြပြီးဖြစ်သော လူနာ (၃)ဦး၊ စုစုပေါင်း (၁၀)ဦး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ)ရပြီး ကျန်လူနာများနှင့် စောင့်ကြပ်ကြည့်ရှုလျက်ရှိသူ (၂၂၀) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း တွေ့ရှိရပါသည်။

၂။ ဓာတ်ခွဲအတည်ပြုလူနာ Case-32 မှာ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ အသက် (၃၈)နှစ်အရွယ် အမျိုးသား (၁) ဦးဖြစ်ပြီး (၂၃-၃-၂၀၂၀)ရက်နေ့မှ စတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း လက္ခဏာများ ခံစားခဲ့ရသဖြင့် (၂၈-၃-၂၀၂၀) ရက်နေ့တွင် လှည်းကူးပြည်သူ့ဆေးရုံသို့ သွားရောက်ပြသခဲ့ပါသည်။ ၎င်းတွင် လွန်ခဲ့သော (၃)လခန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့သည့် ရာဇဝင်ရှိသဖြင့် စောင့်ကြည့် လူနာအဖြစ် သတ်မှတ်၍ ဓာတ်ခွဲနမူနာ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာ Case-33 မှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ အသက် (၂၉)နှစ်အရွယ် အမျိုးသမီး (၁)ဦးဖြစ်ပြီး (၇-၄-၂၀၂၀)ရက်နေ့မှ စတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်းတို့ ခံစားရသဖြင့် (၁၀-၄-၂၀၂၀)ရက်နေ့တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ ၎င်းအားစောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ ဓာတ်ခွဲနမူနာ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းတွင် လွန်ခဲ့သော (၁၄)ရက်အတွင်း ပြည်ပနိုင်ငံများသို့ ခရီးသွားရာဇဝင် မရှိပါ။

၄။ ဓာတ်ခွဲအတည်ပြုလူနာ Case-34 မှာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ အသက် (၂၀)နှစ်အရွယ် အမျိုးသား (၁)ဦးဖြစ်ပြီး (၈-၄-၂၀၂၀) ရက်နေ့မှ စတင်၍ ဖျားခြင်း၊ လည်ချောင်းနာခြင်းတို့ ခံစားရသဖြင့် (၁၀-၄-၂၀၂၀) ရက်နေ့တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ ၎င်းအားစောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ ဓာတ်ခွဲနမူနာ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းတွင် လွန်ခဲ့သော (၁၄)ရက်အတွင်း ပြည်ပနိုင်ငံများသို့ ခရီးသွားရာဇဝင် မရှိပါ။

၅။ ဓာတ်ခွဲအတည်ပြုလူနာ Case-35 မှာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ အသက် (၂၄) နှစ်အရွယ် အမျိုးသား (၁) ဦးဖြစ်ပြီး (၈-၄-၂၀၂၀)ရက်နေ့မှ စတင်၍ အသက်ရှူကျပ်ခြင်း၊ လည်ချောင်းနာခြင်းတို့ ခံစားရသဖြင့် (၁၀-၄-၂၀၂၀)ရက်နေ့တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ ၎င်းအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ ဓာတ်ခွဲနမူနာ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းတွင် လွန်ခဲ့သော (၁၄)ရက်အတွင်း ပြည်ပနိုင်ငံများသို့ ခရီးသွားရာဇဝင်မရှိပါ။

၆။ ဓာတ်ခွဲအတည်ပြုလူနာ Case-36 မှာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ အသက် (၃၃)နှစ်အရွယ် အမျိုးသား (၁)ဦးဖြစ်ပြီး (၈-၄-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်းလက္ခဏာများ ခံစားခဲ့ရသဖြင့် (၁၀-၄-၂၀၂၀)ရက်နေ့တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ ဓာတ်ခွဲနမူနာ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းတွင် လွန်ခဲ့သော (၁၄)ရက်အတွင်း ပြည်ပနိုင်ငံများသို့ ခရီးသွားရာဇဝင် မရှိပါ။

၇။ ဓာတ်ခွဲအတည်ပြုလူနာ Case-37 မှာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ အသက် (၄၄)နှစ်အရွယ် အမျိုးသား (၁)ဦးဖြစ်ပြီး (၈-၄-၂၀၂၀) ရက်နေ့မှ စတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်းတို့ ခံစားရသဖြင့် (၁၀-၄-၂၀၂၀) ရက်နေ့တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ ၎င်းအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ ဓာတ်ခွဲနမူနာ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းတွင် လွန်ခဲ့သော (၁၄)ရက်အတွင်း ပြည်ပနိုင်ငံများသို့ ခရီးသွားရာဇဝင် မရှိပါ။

၈။ ဓာတ်ခွဲအတည်ပြုလူနာ Case- 38 မှာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ အသက် (၇၈)နှစ်အရွယ် အမျိုးသမီး (၁)ဦးဖြစ်ပြီး (၂၆-၃-၂၀၂၀) ရက်နေ့မှ စတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းသွားခြင်းတို့ ခံစားရသဖြင့် (၁၀-၄-၂၀၂၀)ရက်နေ့တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ ဓာတ်ခွဲနမူနာ ပေးပို့စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ ၎င်းတွင် သွေးတိုးရောဂါအခံရှိကြောင်း သိရှိရပြီး လွန်ခဲ့သော (၁၄)ရက်အတွင်း ပြည်ပနိုင်ငံများသို့ ခရီးသွားရာဇဝင် မရှိပါ။

၉။ ထပ်မံတွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၇)ဦး၏ ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး ၎င်းတို့အား ဝေဘာဂီအထူးကု ဆေးရုံသို့ လွှဲပြောင်းပေးပို့၍ ဆေးကုသမှုပေးသွားမည် ဖြစ်ပါသည်။

၁၀။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၁၂-၄-၂၀၂၀)ရက်နေ့၊ နံနက် (၁:၃၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၈) ဦး တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။

၁၁။ သို့ဖြစ်ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများမှာ ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် (၂)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၁၈) ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးပြည်သူ့ဆေးရုံကြီးတွင် (၁)ဦး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် လူနာ( ၁)ဦး၊ တီးတိန်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးပို့ရန် စီစဉ်လျက်ရှိသော လူနာ (၁) ဦး၊ ဝေဘာဂီအထူးကုဆေးရုံသို့ လွှဲပြောင်းပေးပို့ရန် စီစဉ်လျက်ရှိသော လူနာ (၈)ဦး၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ရန် စီစဉ်လျက်ရှိသော လူနာ (၁)ဦး၊ စုစုပေါင်း (၃၂)ဦးတို့ဖြစ်ပြီး ၎င်းတို့၏ ကျန်းမာရေး အခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၁) ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၁၂။ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအားလုံးကို စုံစမ်းဖော်ထုတ်၍ အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သည့် ပြည်သူလူထုအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား -၁

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၂-၄-၂၀၂၀) ရက်နေ့၊ နံနက် (၁:၃၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခုဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | အသွားအလာ ကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 32 | ၃၈ နှစ် | ကျား | မရှိပါ။ | ပြည်သူ့ဆေးရုံ၊ လှည်းကူးမြို့ | ၂၈-၃-၂၀၂၀ | တွေ့ရှိ |
| 33 | ၂၉ နှစ် | မ | မရှိပါ။ | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ၁၀-၄-၂၀၂၀ | တွေ့ရှိ |
| 34 | ၂၀ နှစ် | ကျား | မရှိပါ။ | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ၁၀-၄-၂၀၂၀ | တွေ့ရှိ |
| 35 | ၂၄ နှစ် | ကျား | မရှိပါ။ | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ၁၀-၄-၂၀၂၀ | တွေ့ရှိ |
| 36 | ၃၃ နှစ် | ကျား | မရှိပါ။ | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ၁၀-၄-၂၀၂၀ | တွေ့ရှိ |
| 37 | ၄၄ နှစ် | ကျား | မရှိပါ။ | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ၁၀-၄-၂၀၂၀ | တွေ့ရှိ |
| 38 | ၇၈ နှစ် | မ | မရှိပါ။ | အင်းစိန်ပြည်သူ့ဆေးရုံကြီး | ၁၀-၄-၂၀၂၀ | တွေ့ရှိ |

*ကျန် (၂၂၀)ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၂-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ယနေ့ COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှု ပထမအသုတ်အား စစ်ဆေးမှုတွင် စောင့်ကြည့်လူနာများ၊ ဆေးရုံများနှင့် သက်ဆိုင်ရာနေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခံနေသူများ စုစုပေါင်း (၉၃) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (ဇယား-၁) ၌ ဖော်ပြထားရှိသော လူနာ (၁) ဦး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန်လူနာများနှင့် စောင့်ကြပ်ကြည့်ရှုမှုခံနေသူ (၉၂)ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း တွေ့ရှိရပါသည်။

၂။ ဓာတ်ခွဲအတည်ပြုလူနာ (Case-039) သည် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်တွင် နေထိုင်သူ အသက် (၈၅) နှစ်အရွယ် အမျိုးသား တစ်ဦးသည် (၉-၄-၂၀၂၀) ရက်နေ့တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်းလက္ခဏာများ စတင်ခံစားခဲ့ရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ (၁၁-၄-၂၀၂၀) ရက်နေ့တွင် သွားရောက်ပြသခဲ့ရာ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ ဓာတ်ခွဲနမူနာရယူစစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါလူနာသည် လွန်ခဲ့သော (၁၄) ရက်အတွင်း ပြည်ပနိုင်ငံများသို့ ခရီးသွားလာသော ရာဇဝင်မရှိခဲ့ကြောင်း သိရှိရပြီး ဆီးချိုရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါအခံရှိကြောင်း သိရှိရပါသည်။

စာမျက်နှာ ၁၆ သို့

ဇယား -၁

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၂-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခု ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | အသွားအလာ ကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 39 | ၈၅ နှစ် | ကျား | မရှိပါ။ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ၁၁-၄-၂၀၂၀ | တွေ့ရှိ |

*ကျန် (၉၂) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

စာမျက်နှာ ၁၅ မှ

လူနာမှာ ဆေးရုံစတင်တက်ရောက်သည့်အချိန်တွင် အလွန်မောပန်းလျက်ရှိပြီး သွေးတွင်းအောက်ဆီဂျင်ဓာတ်များ ကျဆင်းလျက်ရှိရာ လိုအပ်သော ကုသမှုများပေးခဲ့သော်လည်း (၁၂-၄-၂၀၂၀)ရက်နေ့၊ နံနက် (၆:၀၀) နာရီအချိန်ခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။ သေဆုံးရသည့်အကြောင်းရင်းမှာ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါအခံရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

၃။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၁၂-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၉)ဦး တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများမှာ ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် (၃)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၂၆)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးပြည်သူ့ဆေးရုံကြီးတွင် (၁)ဦး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် လူနာ(၁)ဦး၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁)ဦး၊ စုစုပေါင်း (၃၂)ဦးတို့ဖြစ်ပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၁) ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၅။ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအားလုံးကို စုံစမ်းဖော်ထုတ်၍ အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သည့် ပြည်သူလူထုအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့်ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ် ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှု မရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁) ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/ သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလစုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှု အကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂၈) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ် ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း ပြီးစီးသည့်နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုးဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေး ထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## လောက်ကိုင်မြို့ နယ်ခြားစောင့်တပ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**လောက်ကိုင် မေ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ အမှတ်(၁၀၀၆) နယ်ခြားစောင့်တပ်၊ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဝင် ဦးမောင်မောင်နှင့်အဖွဲ့သည် မေ ၈ ရက်နှင့် ၉ ရက်က လားရှိုး၊ ကျောက်မဲ၊ ပြင်ဦးလွင်မြို့များသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးလုပ်ငန်းသုံးအထောက်အကူပြုပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ လှူဒါန်းရာတွင် မေ ၈ ရက်က လားရှိုးပြည်သူ့ဆေးရုံ၌ PPE ဝတ်စုံ ၁၅၀၊ နှာခေါင်းစည်း ၃၀၀၀၊ ပိုးသတ်ဆေးရည် ၂၀၀ ကီလို၊ ရောဂါရှာဖွေစမ်းသပ်ကိရိယာ အစု ၂၀၀၊ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံး (လားရှိုး)၌ PPE ဝတ်စုံ ၅၀၊ နှာခေါင်းစည်း ၃၀၀၀၊ ပိုးသတ်ဆေးရည် ၁၀၀ ကီလို၊ ရောဂါရှာဖွေစမ်းသပ်ကိရိယာ အစု ၁၀၀၊ မေ ၉ ရက်က ရှမ်းပြည်နယ်အစိုးရရုံး (လားရှိုး)၌ ဆန်အိတ် ၁၀၀၊ PPE ဝတ်စုံ ၁၀၀၊ နှာခေါင်းစည်း ၃၀၀၀၊ ပိုးသတ်ဆေးရည် ၁၀၀ ကီလို၊ ရောဂါရှာဖွေစမ်းသပ်ကိရိယာ အစု ၅၀၊ ကျောက်မဲပြည်သူ့ဆေးရုံ၌ PPE ဝတ်စုံ ၅၀၊ နှာခေါင်းစည်း ၃၀၀၀၊ ပိုးသတ်ဆေးရည် ၂၀၀ ကီလို၊ ရောဂါရှာဖွေစမ်းသပ်ကိရိယာ အစု ၁၀၀၊ ပြင်ဦးလွင်မြို့ခုတင်(၇၀၀) တပ်မတော်စစ်ဆေးရုံ၌ PPE ဝတ်စုံ ၁၀၀၊ ပိုးသတ်ဆေးရည် ၁၂၅ ကီလို၊ ရောဂါရှာဖွေစမ်းသပ်ကိရိယာ အစု ၁၀၀၊ ပြင်ဦးလွင်ပြည်သူ့ဆေးရုံ၌ PPE ဝတ်စုံ ၇၀၊ ပိုးသတ်ဆေးရည် ၁၀၀ ကီလို၊ ရောဂါရှာဖွေစမ်းသပ်ကိရိယာ အစု ၁၀၀၊ ချင်းရွှေဟော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုရုံးအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ကျော်တန်ဖိုးရှိ ဆန်နှင့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ညဏ်မင်း (နမ့်ခမ်း)**



## နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**




## ကမ္ဘောဇဘဏ်မှ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်လှူဒါန်း

**ရန်ကုန် မေ ၁၂**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ် အထောက်အကူပြုပစ္စည်းများကို ရှမ်းပြည်နယ်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုက်နယ်ဆေးရုံများ၊ ကျေးလက် ဆေးပေးခန်းများနှင့် ကျန်းမာရေး စောင့်ကြည့်စခန်းများ အရောက် နေ့စဉ်လှူဒါန်းလျက်ရှိရာ မေ ၁၂ ရက်တွင် ကရင်ပြည်နယ် အတွင်းရှိ ကျေးရွာများနှင့် ကျန်းမာရေး စောင့်ကြည့်စခန်းများအတွက် CE Standard PPE ဝတ်စုံ ၄၀၀၊ ဆေးရုံသုံးနှာခေါင်းစည်း ၄၀၀၀ ကိုလည်းကောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းအတွက် ဆန်အိတ် ၁၀၀၀၊ နှာခေါင်းစည်း ၃၀၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၁၅၀၊ CE Standard PPE ဝတ်စုံ ၃၀၀၊ လက်သန့်ဆေးရည် ပုလင်း ၆၀ နှင့် ဆေးရုံသုံးလက်အိတ် ၁၀၀၀ တို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းအတွက် ဆန်အိတ် ၂၀၀၀၊ နှာခေါင်းစည်း ၁၀၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၁၀၀၊ CE Standard PPE ဝတ်စုံ ၅၀၊ လက်သန့်ဆေးရည်ဘူး ၂၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံတွင် လိုအပ်လျက်ရှိသည့် ငွေကျပ် ၁၁၂ သိန်းတန်ဖိုးရှိ သွေးအတွင်းရှိ အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် Eletrolyte များကို တိုင်းတာပေးသော ABG စက်ကို လည်းကောင်း၊ ကျိုင်းတောင်းဒေသနှင့် နမ့်စန်ဒေသအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆေးရုံသုံးပစ္စည်းများကို လည်းကောင်း မေ ၁၂ ရက်က ပေးပို့လှူဒါန်းခဲ့သည်။ ထို့အပြင် မေ ၁၁ ရက်က ထောက်ပံ့ရေးအဖွဲ့များ မရောက်သေးသည့် ရှမ်းပြည်နယ် ရပ်စောက်မြို့ အပါအဝင် ရပ်စောက်မြို့နယ်ရှိ ကျောက်ဂူ၊ အင်တော၊ ကျိုင်းခမ်းဒေသများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများဖြစ်သည့် CE Standard PPE ဝတ်စုံများ၊ N95 နှာခေါင်းစည်းများ၊ ဆေးရုံသုံးလက်အိတ်များ၊ သာမိုမီတာများ၊ မျက်မှန်များ၊ လက်သန့်ဆေးရည်ဘူးများနှင့် လက်သန့်ဆေးရည်များကို ဆက်လက်ပေးပို့လှူဒါန်းခဲ့သည်။

ဆက်လက်၍လည်း မွန်ပြည်နယ်နှင့်မကွေးတိုင်းဒေသကြီး အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ ပြည်ပမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံသားများအား ကျန်းမာရေး စစ်ဆေး စောင့်ကြည့်ရေးစခန်းများသို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လွယ်ကူလျင်မြန် ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို အမြန်ဆုံးပေးပို့ ကူညီလှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ် ၁၉၆၂၄ သိန်း လှူဒါန်းထားပြီး ဖြစ်သည့်အပြင် ဆက်လက်၍လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ပူးပေါင်းပါဝင်လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုဇော်**

# ပုလဲမြို့နယ်ရှိ ကျေးသများအုပ်စုအား ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်များအား နိုင်ငံတော်အစိုးရသို့ ပြန်လည်လှူဒါန်း

**ပုလဲ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကျေးသများအုပ်စုအတွင်း ထောက်ပံ့သည့် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာတို့ကို နိုင်ငံတော်အစိုးရသို့ ပြန်လည်လှူဒါန်းကြောင်း ကျေးသများကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းတန်က ပြောကြားသည်။

ကျေးသများ အုပ်စုအတွင်းရှိ ကျေးရွာများမှာ ကျေးသများကျေးရွာ၊ ကျေးသများအရှေ့ကျေးရွာ၊ ကျေးသများ အနောက်ကျေးရွာ(ရွာမ)၊ ကတိုးကံကျေးရွာနှင့် မင်းမအနောက်ကျေးရွာတို့ဖြစ်ကြောင်း၊ အုပ်စုအတွင်း နေထိုင်ကြသည့် အိမ်ထောင်စု ၄၇၀ နှင့် လူဦးရေစုစုပေါင်း ၂၃၅၀ ခန့်ရှိပြီး တောင်သူ ၈၀ ရာခိုင်နှုန်းအထိ ရှိပါကြောင်း၊ နှမ်းစပါး၊ မိုးစပါး၊ နှမ်းနှင့် ပဲအမျိုးမျိုးတို့လည်း ရာသီအလိုက် ရရှိပါကြောင်း၊ နိုင်ငံတော်မှ ထောက်ပံ့သည့်စားကုန်များကိုလက်ခံရန် သင့်၊ မသင့် ကျေးရွာအတွင်းရှိ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် ရပ်မိရပ်ဖတို့က အစည်းအဝေး ပြုလုပ်ပါကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်အရ ထောက်ပံ့သည့် စားကုန်များအား မိမိတို့ရွာထက် ပိုမိုလိုအပ်သည့် ကျေးရွာများသို့ ရစေချင်သည့်ဆန္ဒဖြင့် နိုင်ငံတော်အစိုးရသို့ ပြန်လည်လှူဒါန်းရခြင်းဖြစ်ပါကြောင်း ကျေးသများကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းတန်က ပြောသည်။

ကျေးသများအရှေ့ကျေးရွာတွင် အိမ်ထောင်စု ၆၀ စု၊ လူဦးရေ ၈၇၆ ဦး နေထိုင်ပြီး တောင်ယာကို အများဆုံး လုပ်ကိုင်လျက်ရှိကာ နိုင်ငံတော်မှ ထောက်ပံ့မှုများကို မိမိတို့ကျေးရွာထက် စားဝတ်နေရေး၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နေရာဒေသများကို ရစေချင်သည့် ဆန္ဒဖြင့် ပြန်လည်လှူဒါန်းရခြင်း ဖြစ်ပါကြောင်း ကျေးသများအရှေ့ကျေးရွာနေ ဦးညွန့်လှိုင်က ပြောသည်။

ကျေးသများအနောက် ကျေးရွာ(ရွာမ)တွင် အိမ်ထောင်စု ၁၇၀ နှင့် လူဦးရေ ၈၀၀ ကျော် နေထိုင်လျက်ရှိပြီး နိုင်ငံတော်မှ ထောက်ပံ့သည့် ဆီ၊ ဆန်၊ ဆားများကို လက်ခံရန်အတွက် မိမိတို့ရွာကို စိစစ်သည့်အခါ တောင်သူ ၈၀ ရာခိုင်နှုန်း၊ သာမန်နှင့် အောက်ခြေလူတန်းစား ၂၀ ရာခိုင်နှုန်း ရှိသည့်အတွက် လိုအပ်ပါက ကျေးရွာမှ ပြန်လည်မျှဝေပေးမည် ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့မှုများကို တစ်ရွာလုံးမယူဘဲ ပြန်လည်လှူဒါန်းရခြင်း ဖြစ်ပါကြောင်း ကျေးသများ အနောက်ရွာ(ရွာမ)နေ ဦးသောင်းစံက ပြောသည်။

ကတိုးကံကျေးရွာတွင် အိမ်ထောင်စု ၂၀ စုနှင့် လူဦးရေ ၁၀၄ ဦး ရှိပြီး မိမိတို့ရွာအနေဖြင့် နှမ်းစပါး၊ မိုးစပါးများ ရာသီအလိုက် ရရှိသည့်အတွက် ကျေးရွာနေပြည်သူများ အဆင်ပြေလျက်ရှိပါကြောင်း၊ စားကုန်များအား မိမိတို့ရွာထက် ပိုမိုလိုအပ်သည့်ကျေးရွာများသို့ ရစေချင်သည့် ဆန္ဒဖြင့် နိုင်ငံတော်အစိုးရသို့ ပြန်လည်လှူဒါန်းရခြင်း ဖြစ်ပါကြောင်း ကတိုးကံကျေးရွာမှ ဦးပေါ်သာက ပြောသည်။

မင်းမအနောက် ကျေးရွာတွင် အိမ်ထောင်စု ၂၂၀၊ လူဦးရေ ၁၃၀၆ ဦးရှိပြီး နိုင်ငံတော်မှ ထောက်ပံ့မှုများသည် ကျေးရွာအဆင့် အောက်ခြေအထိရောက်အောင် ပံ့ပိုးပေးသည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိတို့ ကျေးရွာအနေဖြင့် နိုင်ငံတော်ကို တစ်ထောင့်တစ်နေရာက ပါဝင်ချင်သည့်အတွက် ရပ်မိရပ်ဖများ၏ သဘောတူညီမှုဖြင့် ယခုလို လှူဒါန်းရခြင်းဖြစ်ပါကြောင်း မင်းမအနောက်ကျေးရွာနေ ဦးမောင်ခိုင်က ပြောသည်။

ကျေးသများကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများကို ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု စတင်တွေ့ရှိကြောင်း ကြေညာလိုက်သည့်နေ့မှစ၍ မိမိတို့ကျေးရွာအတွင်းရှိ ဈေးဆိုင်များနှင့် နေအိမ်အသီးသီးတွင် လက်ဆေးခွက်များထားရှိရန် အသိပေးနှိုးဆော်ခဲ့ပါကြောင်း၊ ကျေးရွာအဝင် စစ်ဆေးရေးဂိတ်များအတွင်း ဝင်ရောက်လာသူများအနေဖြင့် မည်သူမဆို လက်ဆေးပြီး အပူချိန်တိုင်းရမည် ဖြစ်ပါကြောင်း၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကိုလည်း စာသင်ကျောင်းတွင် ၂၁ ရက် စောင့်ကြည့်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ပရဟိတများ ပူးပေါင်းပြီး နံနက် ၆ နာရီမှ ည ၉ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ကျေးသများကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းတန်က ပြောသည်။

**မွေးကြူဇင်**



ကျေးသများအနောက်ကျေးရွာ(ရွာမ)ရှိ နေအိမ်ဈေးဆိုင်များ။




ကျေးသများအနောက်ကျေးရွာ (ရွာမ)မှ ဦးသောင်းစံ။

## သာယာဝတီမြို့နယ်တွင် အခြေခံလူတန်းစားများအား စားသောက်ကုန်ငါးမျိုးထောက်ပံ့

**သာယာဝတီ မေ ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်စသည့် စားသောက်ကုန်ပစ္စည်းငါးမျိုးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မေ ၁၂ ရက် ညနေ ၄ နာရီက စတင်ထောက်ပံ့ပေးအပ်ရာ အဆိုပါ စားသောက်ကုန်ပစ္စည်းများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်လင်းထွန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၁၃၁၅ စုကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန့်ဇော်(ပြန်/ဆက်)**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ရန်ကုန် မေ ၁၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းကို မေ ၉ ရက်က အဆိုပါဆေးရုံကြီးသို့ လာရောက်လှူဒါန်းကြသည်။

အဆိုပါလှူဒါန်းပွဲတွင် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဆေးရုံကြီးသို့ စုစုပေါင်းငွေကျပ် ၃၀၀၄၈၀၀ တန်ဖိုးရှိပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အေကေလင်း**

## ကျောက်ပန်းတောင်းမြို့နယ်တွင် လက်လုပ်လက်စား မိသားစုများအား နိုင်ငံတော်အစိုးရ၏အစီအစဉ်ဖြင့် စားသောက်ကုန်ငါးမျိုး ဖြန့်ဝေပေးလျက်ရှိ


**ကျောက်ပန်းတောင်း မေ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် အသွားအလာကန့်သတ်ခြင်း၊ စားသောက်ကုန်စည်မှအပ အခြားကုန်ပစ္စည်း ရောင်းဝယ်မှုများအား ယာယီပိတ်သိမ်းခြင်းနှင့် ပြည်သူများ မလိုအပ်ဘဲ အပြင်ထွက်ခြင်း မပြုကြရန် မေတ္တာရပ်ခံထားရှိရာ လက်လုပ်လက်စားမိသားစုများမှာ စားသောက်ရေးခက်ခဲလာသဖြင့် နိုင်ငံတော်အစိုးရ၏အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်ငါးမျိုးကို ရပ်ကွက်/ကျေးရွာအလိုက် အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ အဆိုပါဖြန့်ဝေပေးနေမှု အခြေအနေကို မေ ၁၁ ရက် နံနက် ၉ နာရီက လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်တာဝန်ရှိသူများ သွားရောက်စစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် လက်လုပ်လက်စား ဝင်ငွေနည်း မိသားစုစာရင်းများကို ရပ်ကွက်/ကျေးရွာအလိုက် စာရင်းပြုစုတောင်းခံခဲ့ရာ မြို့ပေါ် (၁၂) ရပ်ကွက်မှ အိမ်ထောင်စု ၃၉၀၄ စုနှင့် ကျေးရွာများမှ အိမ်ထောင်စု ၁၉၄၀၅ စု၊ စုစုပေါင်း အိမ်ထောင်စု ၂၃၃၀၉ စု ကောက်ခံရရှိခဲ့သည်။ အဆိုပါ အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်၊ ကြက်သွန်တစ်ပိဿာ၊ ပဲတစ်ပိဿာ၊ ဆီ ၅၀ ကျပ်သားနှင့် ဆား ၅၀ ကျပ်သားစီကို မေ ၁၀ ရက် မွန်းလွဲပိုင်းမှ စတင်ပေးဝေခဲ့ခြင်းဖြစ်သည်။ ထိုသို့ စားသောက်ကုန်များပေးဝေမှုကို မြို့ပေါ်ရပ်ကွက်ခမ္မာရုံတွင် ပေးဝေနေခြင်းရှိသလို အချို့ရပ်ကွက်များမှာလည်း လူစုလူဝေး မဖြစ်ပေါ်စေရန်အတွက် ပရဟိတလူငယ်များ၏အကူအညီဖြင့် လမ်းအလိုက် အိမ်တိုင်ရာရောက် လိုက်လံပေးဝေလျက်ရှိသည်။

အဆိုပါ ပစ္စည်းငါးမျိုး ထောက်ပံ့ပေးဝေနေသည့် သာယာအေးရပ်ကွက်၊ တမ္ပဝတီရပ်ကွက်၊ စံပြရပ်ကွက်နှင့် ကြံစို့ကျေးရွာ၊ ဖိုစုကျေးရွာများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးအေးခိုင်နှင့် ဦးမျိုးဆွေဦး၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးစိုးမင်းအောင်နှင့် ကော်မတီဝင်များက ဒေသခံပြည်သူများထံ ကိုယ်တိုင်လက်ရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**နေအောင်**
**(ပြန်/ဆက်)**




# ကြီးမြန်သစ်ပင်၊ စိုက်ပျိုးလျှင် စွမ်းအင်လည်းရ၊ ပြည်လည်းလှ

# ဝန်းသိုမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၁၃၈၆ စုအား အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့

**ဝန်းသို မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော



အခြေခံလူတန်းစားများ အတွက် နိုင်ငံတော်က ထောက်ပံ့ပေးသည့် အခြေခံစားကုန်ပစ္စည်းများအား မေ ၁၀ ရက်မှစတင်၍ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ တာဝန်ရှိသူများက လိုက်လံဖြန့်ဝေပေးလျက်ရှိရာ အိမ်ထောင်စုပေါင်း ၁၃၈၆ စုအား ဖြန့်ဝေပြီးဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**ဖြန့်ဝေပေးလျက်ရှိ**

ထိုသို့ဖြန့်ဝေရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်၍ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လုပ်ငန်းရှင်များ၊ ပရဟိတအဖွဲ့များ၊ လူငယ်ရေးရာကော်မတီတို့က အခြေခံစားသောက်ကုန်များကို နယ်မြေအလိုက်၊ ကျေးရွာအုပ်စုအလိုက် သွားရောက်၍ အခြေခံလူတန်းစား အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန် တစ်ပိဿာ စသည့် အခြေခံစားသောက်ကုန်ငါးမျိုးစီကို ဖြန့်ဝေပေးလျက်ရှိသည်။

**ထောက်ပံ့ပေး**

ဝန်းသိုမြို့နယ်၌ မြို့ပေါ်ရပ်ကွက်ကြီး (၄) ရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာပေါင်း ၁၇၉ ရွာတို့တွင် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စု ငါးထောင်ကျော် စာရင်းကောက်ယူထားပြီး မေ ၁၀ ရက်က (နယ်မြေ-၅) ကျေးရွာအုပ်စုအတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၇၂၃ စုကို လည်းကောင်း၊ မေ ၁၁ ရက်က (နယ်မြေ-၆) ကျေးရွာအုပ်စုအတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၆၆၃ စုကို လည်းကောင်း အခြေခံစားကုန်ငါးမျိုးစီကို ထောက်ပံ့ပေးခဲ့ပြီး ဆက်လက်၍ ကျန်ရှိသည့် နယ်မြေ( ၁၊ ၂၊ ၃၊ ၄) ကျေးရွာအုပ်စုအတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စုများအား တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ကျော်မြိုင် (ပြန်/ဆက်)

# ဆင်ဘိုဒေသအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်ငါးမျိုး ဖြန့်ဝေ

**ဆင်ဘို မေ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အတွင်းရှိ ဆင်ဘိုမြို့၌ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စု ၂၈၄ စုတို့အတွက် နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ငါးမျိုးကို မေ ၁၁ ရက်က မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာများအရောက် လိုက်လံထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဆင်ဘိုမြို့တွင် မြို့ပေါ် (၃) ရပ်ကွက်၊ ကျေးရွာအုပ်စု (၈) အုပ်စုတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၈၄ စု၊ လူဦးရေစုစုပေါင်း ၁၁၀၁ ဦးတို့အတွက် နိုင်ငံတော်က ထောက်ပံ့သည့် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ဆား ၅၀ ကျပ်သားနှင့် ကြက်သွန် တစ်ပိဿာတို့ကို ထောက်ပံ့ပေးခဲ့သည်။ ထိုသို့ ထောက်ပံ့ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းကျော်က "ကျွန်တော်တို့ မြို့ပေါ်ရပ်ကွက် (၃) ရပ်ကွက်နဲ့ ကျေးရွာအုပ်စုတွေမှာရှိတဲ့ အိမ်ထောင်စုတွေအတွက် တချို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးက ဖြန့်ဝေပေးခဲ့ပြီး တချို့ သွားလာဖို့ ခက်ခဲတဲ့ အိမ်ထောင်စုတွေအတွက်ကိုတော့ သူတို့နေအိမ်အရောက် ဖြန့်ဝေပေးခဲ့ပါတယ်" ဟု ပြောကြားသည်။



လတ်တလော စာရင်းကောက်ယူမှုအရ မြို့ပေါ်တွင် အောင်ချမ်းသာရပ်ကွက်၊ ရှောဦးရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက် (၃) ရပ်ကွက်အပါအဝင် ကျေးရွာအုပ်စုများဖြစ်သော ရေနားပင်လုံ၊ ပင်တော်၊ မံကင်း၊ နောင်ပွဲ၊ နယ်ခြား၊ မံဖွား၊ ညောင်ပင်သာ၊ ဝိုင်းလုံကျေးရွာအုပ်စုများရှိ အိမ်ထောင်စု ၂၈၄ စုအတွက်သာ ဖြန့်ဝေပေးခဲ့ပြီး ကျန်ရှိနေသေးသည့် အိမ်ထောင်စုအချို့အတွက် ထပ်မံဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မျိုးမြင့်စိုး (ပြန်/ဆက်)

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် မေ ၁၂**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ် ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိ အခြားသူများက ကျန်းမာရေးပညာပေးညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကို မကြာခဏ စနစ်တကျ ဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့ တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများ အနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင် ရောဂါဖြစ်ပွားပါက ထိရောက်စွာကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ချင်းပြည်နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ပစ္စည်းငါးမျိုး အိမ်အရောက် ပို့ဆောင်ပေးမည်

**ဟားခါး ဧပြီ ၁၂**

ချင်းပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားအိမ်ထောင်စုများအတွက် အခြေခံစားကုန် ငါးမျိုးကို ဧပြီ ၁၀ ရက်က စတင်ထောက်ပံ့ပေးလျက်ရှိသည်။ ကျန်ရှိနေသေးသော အိမ်ထောင်စုများအတွက် ချင်းပြည်နယ် အစိုးရအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာ ခရိုင် မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အသင်းအဖွဲ့များပူးပေါင်း၍ အခြေခံစားကုန်ပစ္စည်းများ အချိန်နှင့် တစ်ပြေးညီ ရောက်ရှိရေး၊ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးလျက်ရှိသည်။



ထောက်ပံ့မည့် စားသောက်ကုန်များ ယာဉ်ပေါ်သို့ တင်ဆောင်စဉ်။

ဧပြီ ၁၁ ရက်က ချင်းပြည်နယ် အစိုးရအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ဖွဲ့စည်းတာဝန်ပေးထားသည့် ဝယ်ယူပို့ဆောင်ရေးအဖွဲ့က အခြေခံ စားသောက်ကုန်များကို ဟားခါးမြို့ ဟားခါးထာရ် ရပ်ကွက်ရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံတွင် ခွဲဝေနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပြည်နယ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝိကောနှင့်အတူ ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များ၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်၊ စစ်ဗျူဟာ အခြေချ (ဟားခါး)မှ အရာထမ်း၊ အမှုထမ်း တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ခရိုင် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များက စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အခြေခံစားသောက်ကုန်များကို ပြည်နယ် ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ညွှန်ကြားမှုဖြင့် ဟားခါးမြို့နယ်အတွင်း ပုံမှန်ဝင်ငွေ မရှိသော အိမ်ထောင်စုများအား ရပ်ကွက်နှင့် ကျေးရွာများတွင် ဖွဲ့စည်းထားရှိသည့် အဖွဲ့များက အိမ်အရောက် စနစ်တကျ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက ပြောသည်။

**မြင့်နိုင်စိုး (ပြန်/ဆက်)**

## ကယားပြည်နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ပစ္စည်းငါးမျိုး ထောက်ပံ့

**ဒီးမော့ဆို ဧပြီ ၁၂**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန် ငါးမျိုးကို ယမန်နေ့မှစ၍ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုနှင့် တာဝန်ရှိ သူများက သွားရောက် ထောက်ပံ့ပေးအပ်ပြီး သောက်သုံးရေ လိုအပ်သော ကျေးရွာများအား ရေများလှူဒါန်းပေးသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်း ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေနှင့် ဦးစောစိန်ထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဲရယ်သိန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်နှင့် တာဝန်ရှိသူများသည် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ငွေတောင်ကျေးရွာ၊ ဒေါင်ခါးကျေးရွာ၊ ထီးလာထူးခူးကျေးရွာ၊ လားလဲ ကျေးရွာ၊ နန်းမယ်ခုံမြို့၊ သာရပ်ကျေးရွာ၊ ပတိုင်ကျေးရွာ၊ ဒေါတငူး(ရှေ့)ကျေးရွာနှင့် စံပြ(၆)မိုင်ကျေးရွာတို့တွင် ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန် ငါးမျိုးကို သွားရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့သည် မြို့နယ်အတွင်း သောက်သုံးရေ လိုအပ်လျက်ရှိသော ကျေးရွာများကို ပြည်နယ်အစိုးရအဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် မြို့နယ်မီးသတ်စခန်းမှ လှူဒါန်းလျက်ရှိသော ထီးလာထူးခူး ကျေးရွာ၊ လိုဘာခိုကျေးရွာ၊ လားလဲကျေးရွာ၊ ဆောင်ဒူလာကျေးရွာနှင့် ပတိုင်ကျေးရွာတို့ကို သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ထပ်မံဖြည့်ဆည်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးက ပြောကြားသည်။

ဒီးမော့ဆိုမြို့နယ်တွင် နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအတွက် အခြေခံ စားသောက်ကုန် ငါးမျိုးကို ထောက်ပံ့ပေးအပ်လျက်ရှိရာ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု စုစုပေါင်း ၅၇၄၁ စုကို အခြေခံစားသောက်ကုန် ငါးမျိုးဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၄ - ၂၀၂၀

| ရွှေ | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၅ | ကျပ် | ၅၃၀/၅၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၅/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ | ကျပ် | ၄၃၀/၄၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ | ကျပ် | ၆၀၅/၆၁၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၃ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၈၉ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၁၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၃၂၁၆ | ၃၃၅၉၈၅၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၁၁၅၂၈ | ၄၂၇၇၈၁၅၀ |
| MCB | ၉၁၀၀ | ၈၅၀၀ | ၃၀ | ၂၇၂၄၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၁ | ၂၃၆၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၁၈ | ၈၉၀၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

## အခြေခံလူတန်းစားများအတွက် ပစ္စည်းငါးမျိုး ထောက်ပံ့

**စစ်ကိုင်း ဧပြီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးနှင့် တာဝန်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလအတွင်း စစ်ကိုင်းမြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ကူညီမှု ငါးမျိုးအား ပေးအပ်လျက်ရှိရာ ဧပြီ ၁၀ ရက်က မြို့ပေါ် ၂၃ ရပ်ကွက်တို့မှ ပြည်သူများအား ထောက်ပံ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်လှ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း၊ စစ်ကိုင်းခရိုင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က နန္ဒဝန်ရပ်ကွက်၊ ပိုးတန်းရပ်ကွက်၊ မင်းလမ်း ရပ်ကွက်၊ စိန်ကုန်းရပ်ကွက်၊ သောတာပန်ရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်တို့မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများအတွက် ဆန်ရှစ်ပြည်၊ ဆီငါးဆယ်ကျပ်သား၊ ဆားငါးဆယ်ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန်နီတစ်ပိဿာတို့ကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်း (ပြန်/ဆက်)**

## ညောင်ရွှေမြို့ မြို့မမင်္ဂလာဈေး ဖွင့်လှစ်ခြင်းကို ဧပြီ ၁၇ ရက်အထိ ခေတ္တရပ်ဆိုင်း

**ညောင်ရွှေ ဧပြီ ၁၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ညောင်ရွှေမြို့ မြို့မမင်္ဂလာဈေးဖွင့်လှစ်ခြင်းကို ယမန်နေ့ကစတင်၍ ဧပြီ ၁၇ ရက်အထိ ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

ဈေးပိတ်ထားစဉ်ကာလအတွင်း ဈေးအတွင်းနေ့စဉ် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျေးလက်ဈေးများဖြစ်ကြသော နန်းပန်ဈေး၊ မိုင်းသောက်ဈေး၊ ခေါင်တိုင်ဈေး၊ အင်းတိန်ဈေး၊ သန်းတောင်ဈေး၊ တောင်တိုဈေး၊ စံကားဈေး၊ လုံကန်ဈေး၊ မော်ဘီဈေးနှင့် ကျောက်တိုင်ဈေးများကို မတ် ၂၉ ရက်မှ ဧပြီ ၃၀ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။

**စိုင်းအယ်ဘဲ**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ အသင်းအဖွဲ့

## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်



**ကျွန်တော်ဟာ အသင်းအဖွဲ့ကို နှစ်သက်တယ်။ ဖွဲ့စည်းနိုင်အောင်လည်း အခွင့်အရေးရတိုင်း ကြိုးစားခဲ့တယ်။ ၁၉၉၂ ခုနှစ်မှာ မြန်မာပြည်ကထွက်ခွာပြီး အမေရိကန်နိုင်ငံ နယူးယောက်မြို့ မှာရှိတဲ့ ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့မှာ တာဝန်ယူခဲ့တယ်။ အမှန်တော့ နှစ်နှစ်စောပြီးသွားရမှာ၊ ဒါပေမယ့် ကျွန်တော့်ရဲ့ဆရာ ဆရာကြီးဒေါက်တာဦးဖေသိန်းက သူနဲ့အတူဆက်ပြီး အလုပ်လုပ်စေချင်တာ။ ကျွန်တော်က စီးပွားရေးတက္ကသိုလ်မှာ ကျောင်းဆရာလုပ်ရာက ဆရာကြီးရဲ့ကျေးဇူးနဲ့ကျန်းမာရေးဝန်ကြီးဌာနမှာ ညွှန်ချုပ်ဖြစ်လာတယ်။ စာရင်းအင်းနဲ့ စီမံကိန်း ဦးစီးဌာနအသစ်ကို ဦးဆောင်နိုင်ခဲ့တယ်။ တာဝန်စယူစဉ် အတွင်းဝန်ရုံးအဟောင်းထဲက ဝန်ကြီးရုံးအနီးမှာ ရုံးဖွင့်ခဲ့တယ်။ နောက်မှ သိမ်ဖြူလမ်း ထိပ်က၊ ကျန်းမာရေးဦးစီးဌာန နံဘေးက အဆောက်အဦအဟောင်းမှာ ရုံးအသစ်ဖွင့်ခဲ့တယ်။**

အစအဆုံး ကိုယ်ကဦးစီးခဲ့ရတယ်။ ဖွင့်စက ဗိုလ်ကြီးကြည်စိုးနဲ့ ဦးအောင်ကြိုင်ရဲ့ အကူအညီတွေ အပေါ် အားကိုးခဲ့ရတယ်။ မကြာမီ သူတို့နှစ်ဦး နိုင်ငံခြား ပညာသင်နဲ့ ထွက်ခွာသွားခဲ့တယ်။ အားကိုးရတဲ့သူက ဆရာမကြီး ဒေါက်တာညိုညို၊ ယခင်သမ္မတ ဒေါက်တာ မောင်မောင်ရဲ့ ညီမ။ ဆရာကြီးကိုတော့ ငယ်ငယ်က တည်းက ကျွန်တော်က အားကျခဲ့တယ်။ သူ့ရဲ့စာအုပ်တွေကိုဖတ်ပြီး လေးစားခဲ့တာ၊ အင်္ဂလိပ်စာ အသုံးအနှုန်း အရေးအသားကတော့ အံ့မခန်းစရာပါ။ အထူးသဖြင့် သူ့ရဲ့သားကို ရည်ညွှန်းပြီး ရေးသားထားတဲ့ စာအုပ်မျိုး နှစ်သက်မိတယ်။ ကျွန်တော်အားကျတာ တစ်ခုက ဆရာကြီးဟာ ပါရဂူဘွဲ့နှစ်ခုရရှိထားသူ၊ သူ့လို သိပ်ဖြစ်ချင်ခဲ့တယ်။ တစ်နေ့ကျရင် သူ့လိုဖြစ်ချင်တာ။

ကျွန်တော့်ကို တာဝန်ပေးခဲ့တဲ့ ကမ္ဘာ့ကလေးများ ရန်ပုံငွေ အဖွဲ့ကလည်း အမြန်ဝင်စေချင်တယ်။ ကျွန်တော့်မှာ တာဝန်တွေလည်း ရှိနေသေးတယ်။ ညွှန်ချုပ်တာဝန်ပေးစဉ် အတွင်းရေးမှူး(၁)ကို ကျွန်တော် သုံးနှစ်လုပ်မယ်။ အခွင့်အရေးရရင် ကုလသမဂ္ဂမှာ သွားလုပ်ချင်ပါတယ်လို့ တင်ပြခဲ့တယ်။ သူကလည်း လိုလိုချင်ချင်ပဲ လုပ်နိုင်သလောက်လုပ်ပါ။ ဒါနဲ့ နောက်ဆုံးသူ့ကို အကျိုးအကြောင်း ပြောပြခဲ့တယ်။ သူက ကြည်ကြည်ဖြူဖြူ သွားခွင့်ပေးခဲ့တာ။ ကျေးဇူးတင်ရပါတယ်။

ကျွန်တော်နယူးယောက်မြို့ရောက်တော့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှာ ဒါရိုက်တာ တစ်ဦးက ဒေါက်တာညီညီ။ ဆရာနဲ့က ကျောင်းကတည်းက သိခဲ့တာ။ ဦးလေးဖြစ်သူတွေနဲ့ ကျောင်းနေဖက်။ ပညာရေး ဝန်ကြီးဌာနမှာ ဆရာတာဝန်ယူစဉ် ကျွန်တော် နိုင်ငံခြားပညာတော်သင်အဖြစ် အရွေးခံခဲ့ရပါတယ်။ နယူးယောက်မြို့မှာ ကုလသမဂ္ဂအဖွဲ့ဝင် အဖွဲ့အစည်းမျိုးစုံရှိတယ်။ ဒီအဖွဲ့အစည်းတွေမှာ အလုပ်လုပ်နေကြတဲ့ မြန်မာနိုင်ငံသားတွေ စုစုပေါင်း ၁၀၀ ကျော်လောက်ရှိတာ။ ကျွန်တော်ကရောက်ပြီး မကြာခင် ဒီမြန်မာဝန်ထမ်းတွေ စုစုစည်းစည်းဖြစ်အောင် မြန်မာ အသင်း မရှိဘူးလားလို့မေးမိတယ်။ မရှိတာသိရတော့ အံ့ဩသွားမိတယ်။ ဒါနဲ့ဖွဲ့စည်းနိုင်အောင် လုပ်မယ်ဆိုပြီး ကြိုးစားခဲ့တယ်။ စိတ်တူ၊ သဘောတူ ရှိတဲ့သူတွေနဲ့ စတင်ပြီး အမြဲတေအဖွဲ့အစည်းတစ်ရပ်ကို တည်ထောင်ခဲ့တယ်။ ဇနီးသည်ကလည်း ကုလသမဂ္ဂမှာ လုပ်နေတော့ သူကလည်း စိတ်အားထက်သန်စွာနဲ့ ကျွန်တော်ဖြစ်ချင်တာကို ကူညီခဲ့တယ်။ ညှော်ခံကျွေးမွေးမှုတွေနဲ့ ပင်ပန်းခဲ့တယ်။ နောက်ဆုံး ကုလသမဂ္ဂမြန်မာအသင်း (UN Myanmar Association)ကို ဖွဲ့နိုင်ခဲ့တယ်။ ကျွန်တော်နဲ့ အတူ ငယ်သူငယ်ချင်း ဦးကျော်မြိုင်က ပါဝင်ခဲ့တယ်။

အသင်းကြီးဖွဲ့စည်းလှုပ်ရှားမှုတွေ အများကြီးလုပ်နိုင်ခဲ့တယ်။ မြန်မာပြည်က အနုပညာသည်တွေ ဖိတ်ပြီး ပွဲတွေ ကျင်းပခဲ့တယ်။ ပင်ပန်းလိုက်တာတော့ မပြောနဲ့တော့၊ ကုလသမဂ္ဂရုံးချုပ်မှာ မြန်မာ့ယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုပွဲကို လုပ်နိုင်ခဲ့တယ်။ သင်္ကြန်ပွဲကိုလည်း စည်စည်ကားကား ကျင်းပပေးနိုင်ခဲ့တယ်။ အခုလို အောင်မြင်မှုတွေရှိပေမယ့် တစ်ဖက်က အတိုက်အခိုက်တွေ၊ အနှောင့်အယှက်တွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အုပ်စုဖွဲ့တိုက်ပွဲတွေ ရင်ဆိုင်ခဲ့ရတယ်။ စည်းစည်းလုံးလုံး လုပ်တတ်တဲ့ အလေ့အကျင့် အားနည်းတယ်။ ပုဂ္ဂိုလ်အရေး အကျိုးကို ဦးထိပ်ထားကြတယ်။ ညှိနှိုင်းဆောင်ရွက်တဲ့ အချို့အခက်အခဲတွေနဲ့ရင်ဆိုင်ရတယ်။

ဘာကြောင့် အခုလိုဖြစ်တာကို ကျွန်တော်နားမလည်နိုင်ခဲ့ဘူး။ ဒီအသင်းမှာ ဝင်လုပ်လို့ ဘာမှအကျိုးအမြတ်ရတာ မဟုတ်ဘူး။ ဒီလိုအခြေအနေမျိုးမှာ အခုလိုဖြစ်နေရင် အကျိုးအမြတ်များတဲ့လုပ်ငန်းတွေမှာ ဆိုရင်တော့ မတွေးရဲဘူး။ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုမှာ ညှိနှိုင်းဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဘာကြောင့် အားနည်းရသလဲ။ လက်ရှိအခြေအနေမှာလည်း ဒီလိုအနေအထားကို တွေ့နေရတာ။ အပေးအယူရှိရမယ်၊ ညှိနှိုင်းရမယ်၊ ပူးပေါင်းရမယ်။ နိုင်ငံ့အကျိုးကို ရှေးရှုရင် တစ်ဦးချင်း၊ တစ်ယောက်ချင်းရဲ့ အကျိုးဟာ အရေးမပါလှပါဘူး။ အခုတော့ အားလုံးဟာ ကိုယ့်ဘက်ကိုယ်သာ ကြည့်နေကြသလိုပဲ၊ အလျှော့ပေးဖို့ဝန်လေး နေသလိုပါပဲ။

ကျွန်တော် နယူးယောက်မြို့မှာ တစ်နှစ်နေခဲ့တယ်။ ဒီအသင်းရဲ့ လုပ်ငန်းမှာ ထဲထဲဝင်ဝင် ပါဝင်ခဲ့တယ်။ ဘောလုံးအသင်းထောင်ပြီး ချိန်းပွဲတွေ ကစားခဲ့တယ်။ ကျွန်တော်ကတော့ အမြဲအကောင်းမြင်တတ်တာမို့ ဖြစ်သမျှကို လက်ခံနိုင်ခဲ့တယ်၊ ခွင့်လွှတ်နိုင်တယ်။ ဇနီးကတော့ အမှတ်ကြီးသူ။ လွန်ခဲ့တဲ့နှစ်က ဆရာဦးတင်ဖံကျော်တို့ မိသားစု သင်္ကြန်ပွဲမှာ လူငယ်တစ်ဦးက လာနှုတ်ဆက်တယ်။ သူက နယူးယောက် ကုလသမဂ္ဂရုံးမှာ တာဝန်ယူနေသူ၊ ဆရာကြီးရဲ့ အသင်း အခုထိရှိသေးတယ်လို့ ပြောပြလို့ ပီတိဖြစ်မိပါတယ်။ အသင်းကြီးရဲ့သက်တမ်းက နှစ် ၂၀ ကျော်ခဲ့ပြီး အခုထိလှုပ်ရှားနေတာ ကြားရတော့ ကျေနပ်မိတာတော့အမှန်ပါ။ ကိုယ်စိုက်ပျိုးခဲ့တဲ့မျိုးစေ့ဟာ အခုလို ရှင်သန်နေတာကြားရတာ ပျော်ရပါတယ်။

> **“အသင်းအဖွဲ့တွေကို ဖွဲ့စည်းဖို့လိုအပ်ပါတယ်။ စည်းလုံးမှု ညီညွတ်မှုကို လက်တွေ့ကျကျ သရုပ်ဖော်နိုင်တာ တစ်ဦးနဲ့တစ်ဦး အပေးအယူလုပ်နိုင်တဲ့ အလေ့အကျင့်လည်းရတာ။ ပြဿနာတွေကတော့ ရှိမှာပဲ။ လူဖြစ်တာမို့ စိတ်ခံစားမှုတွေ ရှေ့တန်းတင်ကြမှာ။ ကိုယ့်ဘက်ကိုယ်ကြည့်တတ်၊ သိတတ်တာက ဓမ္မတာတစ်ရပ်။ ဒါပေမယ့် အလေ့အကျင့်က တစ်ဆင့်ရင့်ကျက်လာပြီး ဆောင်ရွက်နိုင်စွမ်းရှိမှာဖြစ်တယ်။ အဖွဲ့အစည်းနဲ့ လုပ်တတ်တဲ့ ယဉ်ကျေးမှုကို တည်ဆောက်ဖို့လိုအပ်လှတယ်။ တစ်ဦးတစ်ယောက်အပေါ် မှီခိုအားထားတာမဟုတ်ဘဲ စုပေါင်းမှုရဲ့ အရေးပါမှုကို လက်တွေ့ကျကျ အားပေးနိုင်မှာဖြစ်”**

လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ဦးအေးဝင်းနဲ့ ဦးဗညားဆန်းတို့ နှစ်ယောက် ကျွန်တော့်ဆီလာပြီး ကိစ္စတစ်ခုကို လာရောက်တိုင်ပင်ပါတယ်။ သူတို့ရဲ့ဆန္ဒက တိုင်းရင်းသားလုပ်ငန်းရှင်တွေကို စုစည်းတဲ့အဖွဲ့ငယ်တစ်ခု ဖွဲ့ဖို့ သူတို့ရဲ့အစီအမံကို ကျွန်တော်က ချက်ချင်းကြိုဆိုခဲ့တယ်။ ဒါပေမယ့် အဖွဲ့ငယ်တစ်ခုအနေနဲ့ မကျေနပ်ဘဲ မြန်မာနိုင်ငံကုန်သည်များနဲ့စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရဲ့အဖွဲ့ဝင် အသင်းတစ်ရပ်အနေနဲ့ ဖွဲ့စည်းဖို့ အကြံပြုခဲ့ တယ်။ သူတို့နှစ်ဦးကလည်း ကျွန်တော့်ရဲ့အကြံကို လက်ခံခဲ့တယ်။ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အစည်းအဝေး တစ်ရပ်ခေါ်ပြီး အမှုဆောင်လူကြီးတွေရဲ့ သဘောတူမှုကို ရယူပေးခဲ့ပါတယ်။ ဒါနဲ့မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းကြီးကို တည်ထောင်နိုင်ခဲ့တယ်။ တိုင်းရင်းသား အသင်းတွေကို ဖွဲ့စည်းနိုင်ခဲ့တယ်။ ထူးခြားတဲ့ အောင်မြင်မှု တစ်ရပ်က မနှစ်က ရန်ကုန် ကျိုက္ကဆံကွင်းမှာ ပွဲကြီး ခမ်းခမ်းနားနား လုပ်နိုင်ခဲ့ပါတယ်။ ဒီနှစ်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဒီပွဲကြီးကို တက်ရောက်အားပေးခဲ့ပါတယ်။ အခုလို တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းကိုဖွဲ့စည်းတိုက်တွန်းခဲ့တာ ကျွန်တော့်မှာ အကြောင်းရှိပါတယ်။ ဒါကတော့ ငြိမ်းချမ်းရေးအတွက် စီးပွားရေး Business for Peace (B4P) အစီအစဉ်ကို အထောက်အကူ ဖြစ်စေဖို့ ကျွန်တော်က B4P အစီအစဉ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်မှုအရ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းရဲ့ ဦးဆောင်မှုနဲ့ ဆောင်ရွက်ခဲ့တယ်။ ကျွန်တော်တို့နိုင်ငံမှာ ရင်ဆိုင်နေရတဲ့ ပဋိပက္ခတွေမှာ နိုင်ငံရေးအခြေခံတွေရှိပေမယ့် တစ်ဖက်ကလည်း စီးပွားရေး စိန်ခေါ်မှုတွေကြောင့်လည်း ဖြစ်နေတာ တွေ့ရတယ်။ ပဋိပက္ခတွေရဲ့ဇာစ်မြစ်ဟာ စီးပွားရေးမပြေလည်လို့ဖြစ်တာကို အသိအမှတ်ပြုရမှာဖြစ်တယ်။ နိုင်ငံရေးနဲ့ စီးပွားရေးဟာ ဆက်စပ်နေတယ်။ ခွဲခြားပြီး စဉ်းစားလို့ မရနိုင်ပါဘူး။ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်ရရှိအောင် တိုင်းရင်းသား လုပ်ငန်းရှင်များအနေနဲ့ တစ်ဖက်တစ်လမ်းမှာ ပါဝင်စေချင်တဲ့ဆန္ဒ ကျွန်တော့်မှာရှိပါတယ်။ ဒါကြောင့် NCA လက်မှတ်ထိုးထားတဲ့ EAO အဖွဲ့ခြောက်ဖွဲ့နဲ့ တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ရန်ကုန်မြို့ WRPC ရုံးမှာ ကျင်းပနိုင်ခဲ့တယ်။ အခုဆိုရင် EAO ခြောက်ဖွဲ့ ပူးပေါင်းပြီး အများပိုင် ကုမ္ပဏီတစ်ခုဖွဲ့စည်းဖို့ စီစဉ်နိုင်ခဲ့တယ်။

အောင်မြင်တဲ့တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ အမြောက်အမြားရှိပါတယ်။ လုပ်တတ်ကိုင်တတ်သူတွေ၊ အတွေ့အကြုံရှိသူတွေ သူတို့ရဲ့အင်အားကို ငြိမ်းချမ်းရေး အတွက် အသုံးချနိုင်မှာဖြစ်တယ်။ သူတို့ကို စည်းရုံးနိုင်ဖို့ အရေးကြီး လှပါတယ်။ သူတို့ကိုယ်တိုင်လည်း စိတ်ဝင်တစားနဲ့ ပါဝင်ပတ်သက်လိုတဲ့ ဆန္ဒရှိကြပါတယ်။ အသင်းကြီးအရှိန် ရလာတာနဲ့အမျှ ငြိမ်းချမ်းရေးရရှိဖို့ ပါဝင်နိုင်မှာ ဖြစ်ပါတယ်။ စီးပွားရေးနားလည်သူနဲ့ နိုင်ငံရေးကျွမ်းကျင်သူတွေ ပေါင်းစပ်နိုင်ဖို့ လိုအပ်လှပါတယ်။

တစ်နေ့က ကျွန်တော် UMFCCI ခန်းမမှာ ဟောပြောပွဲ တစ်ခု လုပ်ခဲ့တယ်။ စီစဉ်ပေးခဲ့တဲ့အဖွဲ့အစည်းက မြန်မာနိုင်ငံ လူ့စွမ်းအားစီမံခန့်ခွဲမှုအသင်းကြီး (Myanmar Human Resources Management –MSHRM)ဒီအသင်းကြီး ဖွဲ့စည်းဖို့ ကျွန်တော် တိုက်တွန်းခဲ့ပြီး ကမကထ လုပ်ဆောင်ခဲ့တယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အဖွဲ့အစည်းတွေနဲ့ပတ်သက်ပြီး အရေးကြီးဆုံးကိစ္စက လူ့စွမ်းအားနဲ့ ပတ်သက်တဲ့ ကိစ္စတွေဖြစ်တယ်။ ဝန်ထမ်းတွေနဲ့ ပတ်သက်ပြီး ပြဿနာအမျိုးမျိုး ရင်ဆိုင်နေကြရတယ်။ ဝန်ထမ်းမမြဲတဲ့ ကိစ္စ၊ ရှိတဲ့ဝန်ထမ်းတွေ စိတ်ပါလက်ပါ ပါဝင်ဆောင်ရွက်ခြင်း မရှိတဲ့ကိစ္စ၊ လုပ်ငန်းခွင်အတွင်း တစ်ဦးနဲ့တစ်ဦး အဆင်မပြေတဲ့ကိစ္စ၊ ရပိုင်ခွင့်တွေကို အာရုံရှိပြီး ကိုယ်က ပြန်လည်ပေးဆပ်ရတာတွေကို မတွေးတဲ့ကိစ္စ၊ အလုပ်စဝင်တဲ့အချိန်ကစပြီး တိုးတက်မှု မရှိဘဲ တစ်နေရာတည်းမြဲနေတဲ့ကိစ္စ၊ ဝန်ထမ်းတွေရဲ့ အရည်အသွေးတိုးမြှင့်မှုမရှိတဲ့ကိစ္စ၊ ဒီပြဿနာတွေကို ဖြေရှင်းနိုင်တဲ့ဌာနက လူ့စွမ်းအား (Human Resources–HR) ပဲဖြစ်တယ်။ ဒီဌာနဟာ လုပ်ငန်း အဖွဲ့အစည်းတစ်ခုရဲ့အလွန် အရေးပါလှတဲ့ ဌာနတစ်ခုဖြစ်တယ်။ ကျွမ်းကျင်လိမ္မာစွာ လုပ်ဆောင်ဖို့လိုအပ်တယ်။

ဒီဌာနတွေကို တာဝန်ယူတဲ့သူတွေ၊ ပါဝင်ပတ်သက်သူတွေဟာ HR ဝန်ထမ်းတွေဖြစ်တယ်။ ပုဂ္ဂလိကလုပ်ငန်းဌာနတိုင်းမှာ ဒီဌာနတွေကို ဖွဲ့စည်းတည်ထောင်ထားတယ်။ သူတို့ရဲ့တာဝန်က ဝန်ထမ်းတွေကို ဆက်စပ် ထိတွေ့အောင် ကြိုးစားရတယ်။ အခုခေတ်မှာ HR ဟာ သီးခြားပညာရပ် ဘာသာရပ်တစ်ခု ဖြစ်လာခဲ့တယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက Human Resources (HR) ဆိုတဲ့ ဝေါဟာရကိုမသုံးဘဲ Manpower လို့ သုံးစွဲခဲ့တယ်။ ဝန်ထမ်းနဲ့ အလုပ်သဘာဝဟာလည်း ပြောင်းလဲလာတာ တွေ့ရပါတယ်။ တစ်ချိန်တုန်းက သုံးစွဲခဲ့တဲ့ စကားပုံတစ်ခုက (From cradle to grave) ပုခက်တွင်းမှ သင်္ချိုင်းကုန်းအထိ မွေးတဲ့အချိန်ကစပြီး သေတဲ့အချိန်အထိ အလုပ်တစ်ခုတည်း လုပ်တယ်။ ကုမ္ပဏီ အဖွဲ့အစည်းတစ်ခုတည်းမှာပဲ တာဝန်ယူခဲ့ကြတယ်။ ငယ်ငယ်တုန်းကဆိုရင် ဘွဲ့ရပြီး အလုပ်ဝင်တဲ့အချိန်ကစပြီး အငြိမ်းစားယူတဲ့အထိ ဌာနတစ်ခုတည်းမှာပဲ အလုပ်လုပ်ခဲ့ကြတာ။ ပြောင်းဖို့လည်း မလွယ်ဘူး။ အခုတော့ အသက် ၂၀ မှ အသက် ၆၀ အတွင်း အနည်းဆုံး သုံး၊ လေးကြိမ် အလုပ်ပြောင်းကြရတာ တွေ့ရတယ်။ ဝန်ထမ်းတွေဟာ အလုပ်အပေါ်မြင်တဲ့ အမြင်ဟာလည်း အရင်လို မဟုတ်တော့ဘူး။ အလုပ်နဲ့ပတ်သက်လာရင် ခံယူတဲ့ ပုံစံတွေဟာလည်း ပြောင်းလဲလာတာ တွေ့ရတယ်။ ဒီပြောင်းလဲမှုတွေကို လိုက်လျောညီထွေအောင် HR ဌာနတွေက ပြောင်းရမှာသာဖြစ်ပါတယ်။ ဒါကြောင့် HR ဝန်ထမ်းတွေရဲ့ အရည်အသွေးဟာ အလွန်အရေးပါလာတယ်။ ဒါကြောင့် ကျွန်တော်က HR လောကသားတွေရဲ့ အရည်အချင်းတွေကို မြှင့်တင်ပေးချင်တယ်။

ပထမခြေလှမ်းအနေနဲ့ HR လောကသားတွေကို စနစ်တကျစုစည်းဖို့ MSHRM အသင်းကြီးကို ဖွဲ့စည်းဖို့ တိုက်တွန်းခဲ့တယ်။ အသင်းကြီးကို သပ်သပ်ရပ်ရပ် စုစည်းနိုင်ခဲ့တယ်။ အမှုဆောင်တွေ ရွေးချယ်ပြီး ဦးဆောင်ဖို့ တာဝန်ပေးခဲ့တယ်။ ကျွန်တော့်ရဲ့ လမ်းညွှန်မှုတွေကိုလည်း နာခံခဲ့တယ်။ ကျွန်တော်က စင်ကာပူနိုင်ငံ Singapore Human Resource Institute (SMRI) အဖွဲ့နဲ့ အဆက်အသွယ်လုပ်ခဲ့တယ်။ ဒီအဖွဲ့အစည်းက HR နဲ့ ပတ်သက်ပြီး အရည်အသွေးမြှင့် သင်တန်းတွေကို ဦးစီးပြီး ကျင်းပပေးခဲ့တယ်။ သူတို့ သင်တန်းတက်ပြီး အသိအမှတ်ပြုလက်မှတ်တွေ ရယူနိုင်ခဲ့တယ်။ ကျွန်တော်က ကိုယ့်လူတွေကို အရည်အသွေးမြှင့်တင်စေချင်လှတာ။ သင်တန်းအဆင့်နှစ်ဆင့်ကို ဧရာဝတီဘဏ်ရဲ့ အကူအညီနဲ့ ကျင်းပပေးခဲ့တယ်။ အခုဆိုရင် သင်တန်းတက်ပြီးတဲ့သူတွေ အရေအတွက်ပိုများလာတာ တွေ့ရတယ်။ ဝမ်းသာစရာကိစ္စ တစ်ခုပါ။

ဟောပြောပွဲမှာ ကျွန်တော်က Knowledge Management ခေါင်းစဉ်နဲ့မျှဝေခဲ့ပါတယ်။ အသိတရား စီမံခန့်ခွဲမှု ဖြစ်ပါတယ်။ လုပ်ငန်းအဖွဲ့အစည်းတွေမှာ ဝန်ထမ်းတွေ အသိတရားတွေ ရှိကြတယ်။ ဒီအသိတရားတွေဟာ အဖိုးမဖြတ်နိုင်တဲ့အရာတွေ ဖြစ်တယ်။ ဒါတွေကို စနစ်တကျစုစည်းထားဖို့ လိုအပ်တယ်။ ဝန်ထမ်းတစ်ဦး ကုမ္ပဏီနဲ့ ခွဲခွာသွားရင် သူနဲ့အတူ အသိတရားတွေ ပါသွားတာကို သတိပြုရမှာဖြစ်ပါတယ်။ ကျွန်တော်က ပြင်ဆင်ထားတဲ့အချက်အလက်တွေကို တင်ပြမျှဝေခဲ့ပါတယ်။ မေးခွန်းမျိုးစုံမေးကြတယ်။ အခုလို မေးခွန်းတွေ ကြားရရင် ကျွန်တော်ကျေနပ်တယ်။ သိချင်လို့မေးတဲ့ မေးခွန်းတွေ၊ ကျွန်တော်က ကိုယ်စဉ်းစားမိတာတွေနဲ့ အဖြေတွေပေးခဲ့တယ်။ ဒီအခမ်းအနားမှာ စောစောကပြောတဲ့ SHRI သင်တန်းတက်ပြီး သင်တန်းဆင်းလက်မှတ်တွေကို ပေးအပ်ခဲ့တယ်။ တချို့က ထူးထူးချွန်ချွန်အောင်မြင်ကြတာ။ အခုလို နိုင်ငံတကာ အသိအမှတ်ပြုတဲ့ အောင်လက်မှတ်တွေ ရယူနိုင်တာက ဂုဏ်ယူစရာ တစ်ရပ်။ အစစအရာရာအဆင်ပြေအောင် လုပ်ပေးတဲ့ ဧရာဝတီဘဏ်ကိုလည်း ဂုဏ်ပြုပါတယ်။ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်ခင်မမ ကိုယ်တိုင်တက်ရောက်ပြီး လက်ခံခဲ့တယ်။

အသင်းအဖွဲ့တွေကို ဖွဲ့စည်းဖို့လိုအပ်ပါတယ်။ စည်းလုံးမှု၊ ညီညွတ်မှုကို လက်တွေ့ကျကျ သရုပ်ဖော်နိုင်တာ တစ်ဦးနဲ့တစ်ဦး အပေးအယူလုပ်နိုင်တဲ့ အလေ့အကျင့်လည်းရတာ။ ပြဿနာတွေကတော့ ရှိမှာပဲ။ လူဖြစ်တာမို့ စိတ်ခံစားမှုတွေ ရှေ့တန်းတင်ကြမှာ။ ကိုယ့်ဘက်ကိုယ်ကြည့်တတ်၊ သိတတ်တာက ဓမ္မတာတစ်ရပ်။ ဒါပေမယ့် အလေ့အကျင့်ကတစ်ဆင့် ရင့်ကျက်လာပြီး ဆောင်ရွက်နိုင်စွမ်းရှိမှာဖြစ်တယ်။ အဖွဲ့အစည်းနဲ့လုပ်တတ်တဲ့ယဉ်ကျေးမှုကို တည်ဆောက်ဖို့ လိုအပ်လှတယ်။ တစ်ဦးတစ်ယောက်အပေါ် မှီခိုအားထားတာမဟုတ်ဘဲ စုပေါင်းမှုရဲ့ အရေးပါမှုကို လက်တွေ့ကျကျ အားပေးနိုင်မှာဖြစ်တယ်။ ။



# မော်လူးချောင်းတူးဖော်ခြင်းနှင့် ချောင်းဖြောင့်ခြင်းလုပ်ငန်းဆောင်ရွက်

**မော်လူး ဧပြီ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင် ဧပြီ ၉ ရက်က နွေရာသီသောက်သုံးရေ မပြတ်လပ်ရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မော်လူးချောင်းတူးဖော်ခြင်းနှင့် ချောင်းဖြောင့်ခြင်းလုပ်ငန်းတို့ ဆောင်ရွက်ကြသည်။

အဆိုပါ မော်လူးချောင်းသည် နှစ်ပေါင်းကြာမြင့်လာသည့်အလျောက် ယခုအခါ လူအများ စည်းကမ်းမဲ့စွန့်ပစ်သော အမှိုက်များကြောင့် ရေစီးရေလာအားနည်းခြင်း၊ အချို့မှာ ချောင်းနယ်အတွင်းသို့ ဝင်းခြံခတ်၍ အခင်းလုပ်ခြင်း၊ ရေယာသတ်မှတ်ခြင်းများကို ပြုလုပ်လာသဖြင့် ချောင်းမှာ တဖြည်းဖြည်း တိမ်ကောလာခဲ့ရသည်။ အဆိုပါချောင်းကို အမှီပြုသုံးစွဲကြသည့် ကျေးရွာရှစ်ရွာ အိမ်ထောင်စု ၂၀၀၀ ကျော်ခန့်တို့၏ သောက်သုံးရေ အခက်အခဲနှင့် နွေရာသီ မီးဘေးအန္တရာယ်အတွက် ချောင်းရေစီးရေလာကောင်းရန် ချောင်းဖြောင့်ခြင်းနှင့် ချောင်းဆယ်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ခြင်းဖြစ်သည်။

"ဒီချောင်းဟာ တိမ်ကောနေတာကြာပါပြီ။ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုတွေဖြစ်နေပါတယ်။ အခုလို ဆယ်ယူမှုဟာ ရေစီးရေလာကောင်းပြီး ရေကြီးရေလျှံမှုတွေ မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့်မို့ ဒီချောင်းကို ဆယ်ယူနိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၄၀နဲ့ အကျယ် ပေ ၂၀၊ အရှည်ပေ ၈၀၀၀ ကျော်ကို ဆောင်ရွက်သွားမှာ ပါ"ဟု မော်လူးမြို့အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက ပြောသည်။

အဆိုပါလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မော်လူးမြို့ မော်လူး-စီးမော်ချောင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါချောင်း တူးဖော်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်း၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာတာဝန်ခံများ၊ လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့်ရပ်မိရပ်ဖများက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါချောင်း တူးဖော်ပြီးစီးပါက ကျေးရွာများမှ အိမ်ထောင်စု ၂၀၀၀ ကျော်ခန့်နှင့် လူဦးရေ ၁၀၀၀၀ ကျော်ခန့်တို့၏ သောက်သုံးရေအခက်အခဲနှင့် နွေရာသီ မီးဘေးအန္တရာယ်ကို ကာကွယ် တားဆီးနိုင်မည်ဖြစ်ကြောင်း၊ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ရေစီးရေလာကောင်းမွန်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

## နတ်မောက်မြို့နယ် ငွေးကန်(တ)ကျေးရွာ၌ သောက်သုံးရေ လှူဒါန်း

**နတ်မောက် ဧပြီ ၁၂**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ငွေးကန်(တ)ကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့်အတွက် ဧပြီ ၉ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့် တာဝန်ရှိသူများက ရေဂါလန် ၂၈၀၀ ကို ကျေးရွာအရောက် ဖြန့်ဝေပေးသည်။

ထိုသို့ သောက်သုံးရေများဖြန့်ဝေပေးရာတွင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကမ္ဘောဇ အလင်းတန်းမော်တော်ယာဉ်တို့ ပူးပေါင်း၍ ငွေးကန်(တ)ကျေးရွာရှိ အိမ်ခြေ ၁၂၀ မှ လူဦးရေ ၄၄၀ တို့အတွက် ရေဂါလန် ၂၈၀၀ ကို ကျေးရွာအရောက် ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါကျေးရွာတွင် မြေသားရေကန် နှစ်ကန်၊ စက်ရေတွင်း တစ်တွင်းရှိသော်လည်း အပူချိန်မြင့်တက်လာ၍ မြေသားရေကန်နှစ်ကန်မှာ ရေများခန်းခြောက်လာပြီး စက်ရေတွင်းမှာလည်း တွင်းပိုင်းပျက်စီးနေခြင်း၊ သောက်သုံးရေအခက်အခဲဖြစ်ပေါ်လာသောကြောင့် ယခုလို သောက်သုံးရေများလှူဒါန်းပေးရခြင်းဖြစ်ကြောင်း၊ သောက်သုံးရေများ လှူဒါန်းလိုပါက ရေဂါလန်၂၈၀၀ ပါ ကားတစ်စီးလျှင် ငွေကျပ် ၅၅၀၀၀ နှုန်းဖြင့် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင် ဖုန်း-၀၉-၅၃၃၃၂၁၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**



ငွေးကန်(တ)ကျေးရွာ၌ သောက်သုံးရေဖြန့်ဝေပေးစဉ်။

## သနပ်ပင်မြို့နယ်၌ သောက်ရေလိုအပ်နေသော ဆယ်ကေကျေးရွာသို့ သောက်သုံးရေ လှူဒါန်း

**သနပ်ပင် ဧပြီ ၁၂**
သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေလိုအပ်နေသော ဆယ်ကေကျေးရွာသို့ ဧပြီ ၈ ရက်က သောက်သုံးရေ လှူဒါန်းခဲ့ကြောင်း သိရသည်။

ပူပြင်းခြောက်သွေ့သည့် ယခုလိုရာသီတွင် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နိုင်သည့် ကျေးရွာများအား သောက်သုံးရေလိုအပ်မှုဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေနိုင်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားကြောင်း၊ သောက်သုံးရေလိုအပ်နေသည့် ဆယ်ကေကျေးရွာအတွင်းရှိ အိမ်ခြေ ၂၀၅ အိမ်၊ လူဦးရေ ၁၁၉၀ တို့ သောက်သုံးရေအဆင်ပြေစေရန် ရေဂါလန် ၃၂၀၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများက သွားရောက်လှူဒါန်းခဲ့ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာနေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အိမ်နောက်ဖေး ဈေးဆိုင်တည်ပါ

ဒေါက်တာဝဏ္ဏထွန်း (ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနခွဲ စိုက်ပျိုးရေးဦးစီးဌာန)

အိမ်ခြံဝင်းအတွင်း သီးနှံများတစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းနှင့် ဥယျာဉ်ခြံများအား ဝါသနာအရ ပြုစုစောင့်ရှောက်ခြင်းသည် လူသားများ၏ကျန်းမာရေးနှင့် စိတ်ပျော်ရွှင်မှုအတွက် များစွာ အထောက်အပံ့ပြုကြောင်း သိရှိလာကြပြီဖြစ်သည်။ထို့ပြင် အိမ်နောက်ဖေးဈေးဆိုင်တည်ဆိုသည့် ဆိုရိုးအတိုင်း မိသားစု၏ နေ့စဉ်ကုန်ကျစရိတ်ကို ကိုယ်တိုင်စိုက်ပျိုးခြင်းဖြင့် လျှော့ချနိုင်ပါသည်။ ကိုယ်တိုင် စိုက်ပျိုးခြင်းဖြင့် လတ်ဆတ်သည့် သီးနှံများအား ဘေးကင်းစွာ စားသုံးရခြင်းနှင့် အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များကို မိသားစုဝင်များအားလုံး ရရှိမည်ဖြစ်သည်။



လူသားများကျန်းမာရေးအတွက် အာဟာရများစွာကြွယ်ဝသည့် အစားအစာမျိုးစုံ နေ့စဉ်စားသုံးပေးရန်လိုအပ်သည်။ သို့မှသာ ခန္ဓာကိုယ် ဖွံ့ဖြိုးကြံ့ခိုင်ခြင်း၊ ရောဂါကပ်ဆိုးများမှ ကျော်လွှန်နိုင်ခြင်း၊ မိသားစုနှင့် အများကောင်းကျိုးအတွက် စွမ်းဆောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ ဟင်းသီးဟင်းရွက်များတွင် သတ္တုဓာတ်၊ ဗီတာမင် သက်စောင့်ဓာတ်များ၊ အမျှင်ဓာတ်နှင့် လူတို့အတွက်အကျိုးပြုသော အပင်ထွက် ဓာတုဗေဒ ဓာတ်ပေါင်းများပါဝင်သည်။ ထို့ကြောင့် အဆိုပါအစားအစာများအား လိုအပ်သည့်အချိန်တွင် အလွယ်တကူလက်လှမ်းမီစွာ ရရှိနိုင်ရန် လိုအပ်သကဲ့သို့ ကုန်ကျစရိတ်သက်သာခြင်း၊ အစားအစာများ၌ ဓာတုဆေးအကြွင်းအကျန်များနှင့် အီကိုလိုင်းကဲ့သို့ ရောဂါဖြစ်စေသည့် အဏုဇီဝများဖြင့် ညစ်ညမ်းနေခြင်းကဲ့သို့သော ဘေးအန္တရာယ်များကင်းရှင်းနေစေရန်လည်း အရေးကြီးသည်။

ထို့ကြောင့် ဟင်းသီးဟင်းရွက်ကဲ့သို့သော သီးနှံများအား စိုက်ပျိုးထုတ်လုပ်ရာတွင် ဂရုတစိုက်မဆောင်ရွက်ပါက စတင်စိုက်ပျိုးချိန်မှ ခူးဆွတ်ချိန်၊ သိုလှောင်ချိန်၊ ထုပ်ပိုးချိန်၊ပို့ဆောင်ချိန်နှင့် စားသုံးသူများ လက်ဝယ်ရောက်ရှိသည့်အချိန်အထိ လူသားတို့၏ ကျန်းမာရေးကို ထိခိုက်နိုင်သော ညစ်ညမ်းမှုနှင့် အဆိပ်သင့်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ ထို့ပြင် သယ်ယူပို့ဆောင်စဉ် စနစ်မကျခြင်း၊ခရီးဝေးကွာလွန်ခြင်းနှင့် ရာသီဥတုအခြေအနေတို့ကြောင့် လတ်ဆတ်မှုမရှိတော့ဘဲ အာဟာရဓာတ်များစွာ ဆုံးရှုံးလေ့ရှိသည်။

ထို့ကြောင့် မိမိတို့၌အိမ်ခြံဝင်းအတွင်း မြေလွတ်များရှိပါက သီးနှံများအား တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူးများကို ခံစားရရှိနိုင်မည်ဖြစ်သည်-

(က) စိတ်ချမ်းမြေ့ကြည်နူးခြင်း၊ ပီတိဖြစ်ခြင်း၊ စိတ်ကျေနပ်မှုရှိခြင်းစသည်ဖြင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုဖြစ်စေခြင်း၊ စိတ်ဖိအားများခြင်းနှင့် အထီးကျန်မှုကိုဖြေဖျောက်ပေးနိုင်ခြင်း၊

( ခ ) မီးဖိုချောင်ကုန်ကျစရိတ် လျှော့နည်းစေခြင်း၊

( ဂ ) မိသားစုဝင်ငွေရရှိစေခြင်း၊

(ဃ) လတ်လတ်ဆတ်ဆတ်ခူးဆွတ်စားသုံးရ၍ ဘေးကင်းပြီး အာဟာရများပိုမိုရရှိခြင်း၊

(င) မိသားစုအားလပ်ချိန်တွင် ဝိုင်းဝန်းလုပ်ဆောင်ခြင်းဖြင့် ရင်းနှီးချစ်ခင်မှု၊ နွေးထွေးမှု၊ ဆက်ဆံရေးတိုးတက်လာစေခြင်း၊

( စ ) ပိုလျှံသည့် သီးနှံများကို အိမ်နီးချင်းများနှင့် ဝေမျှစားသုံးနိုင်ခြင်းဖြင့် ကောင်းမွန်သည့် အသိုက်အဝန်းတစ်ခုဖန်တီးနိုင်ခြင်း၊

(ဆ) မိမိစိုက်ပျိုးသည့် သီးနှံနှင့်ပတ်သက်၍ ရပ်ရွာအတွင်း အတွေ့အကြုံများ ဖလှယ်ခြင်းနှင့် လူမှုရေးဝင်ဆံ့လာခြင်း၊

ယေဘုယျအားဖြင့် သီးနှံများစီးပွားဖြစ်စိုက်ပျိုးခြင်းနှင့် အိမ်ခြံဝင်းအတွင်း စိုက်ပျိုးခြင်းကို အောက်ပါအချက်များဖြင့် ခွဲခြားနိုင်သည်-

- စိုက်ခင်းသည် အိမ်အနီးတွင်ရှိရမည်။ စိုက်ခင်းသည် အိမ်နောက်ဖေးတွင်ရှိလျှင် အိမ်သာ၊ အမှိုက်ပုံး၊ နွားတင်းကုပ်စသည့် သီးနှံများအား ညစ်ညမ်းစေနိုင်သည့် နေရာများနှင့် ဝေးကွာရမည်။
- မြေဧရိယာအားဖြင့် တစ်ဧကထက် နည်းရမည်။
- သီးနှံတစ်ခုထက်ပို၍ စိုက်ပျိုးရမည်။
- ရာသီအလိုက် သီးနှံပင်များဖြစ်ရမည်။
- မိသားစုလုပ်အားဖြင့် ဆောင်ရွက်လေ့ရှိရမည်။
- စက်ကိရိယာများသုံးရန်မလိုဘဲ မိသားစုဝင်များ၏ ခွန်အားဖြင့်သာ ဆောင်ရွက်ရမည်။ ပေါက်တူး၊ တူရွင်း၊ ထွန်ခြစ်တို့ကိုသာ သုံးလေ့ရှိရမည်။
- အိမ်အတွင်းသုံးသည့် ရေကိုသာ စိုက်ခင်းတွင်းအသုံးပြုရမည်။ အိမ်ခြံဝင်းအတွင်း သီးနှံများစိုက်ပျိုးရာတွင် ယေဘုယျလိုက်နာသင့်သည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။
- စိုက်ပျိုးမြေသည် ရေကောင်းစွာ ထုတ်နိုင်၊သွင်းနိုင်သောမြေဖြစ်သင့်သည်။
- မိသားစုဝင်များ ဖြတ်သန်းသွားလာသည့် မာကြောသည့်လမ်းမြေ၊ ရေဝပ်နေသည့်မြေ၊ အဆိပ်သင့်စေနိုင်သည့် မြေများမဖြစ်စေရ။
- သဲနုန်းမြေသည် ရေထုတ်ရလွယ်ကူပြီး အလွယ်တကူလုပ်ကိုင်နိုင်သဖြင့် အကောင်းဆုံး ဖြစ်သည်။
- သီးနှံပင်ကြီးထွားမှုကောင်းရန်နှင့် အရည်အသွေးကောင်း ထွက်ကုန်ရရှိစေရန် ရေသွင်း/ ဖျန်းပေးရမည်။ အဓိကရေအရင်းအမြစ်အဖြစ် မိုးရေ၊တွင်းရေနှင့် ကန်ရေတို့ကို အသုံးပြုနိုင်သည်။
- အပင်များအတွက် နေရောင်ခြည်လုံလောက်သည့် နေရာဖြစ်ရမည်။ နေရောင်ခြည်အပြည့်အဝ ၊ တိုက်ရိုက်(သို့) တစ်စိတ်တစ်ပိုင်း ရရှိရမည်။ အလင်းရောင်၊ အာဟာရဓာတ်များနှင့် ရေများကို သီးနှံပင်များအစား လုယူစားသုံးနိုင်သည့် အပင်ကြီးများနှင့် အလွန်နီးကပ်သည့် နေရာကို မရွေးချယ်ရ။
- အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်များ စိုက်ပျိုးပါက လေကာပင်များ(သို့မဟုတ်) ခြံစည်းရိုး အကာများ ပြုလုပ်ထားသင့်သည်။

အကယ်၍ အိမ်ခြံဝင်းအတွင်း စိုက်ပျိုးမြေဧရိယာအနည်းငယ်သာရှိပါက ဟင်းသီးဟင်းရွက်များကို ပျိုးအိတ်၊ ပျိုးခွက်များဖြင့် စိုက်ပျိုးခြင်း၊ အဆင့်လိုက် စိုက်ပျိုးခြင်း၊ အာဟာရရည်ဖြင့် စိုက်ပျိုးခြင်း စသည့်နည်းစနစ်များဖြင့်လည်း စိုက်ပျိုးနိုင်သည်။

စိုက်ပျိုးမည့်ဟင်းသီးဟင်းရွက်များအား ရွေးချယ်ရာတွင် မိသားစုအတွက်အမှန်တကယ် လိုအပ်သော ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော အာဟာရဓာတ်ပြည့်ဝသည့် ဟင်းသီးဟင်းရွက်အမျိုးအစားများကို ရွေးချယ်စိုက်ပျိုးသင့်သည်။ စိုက်ပျိုးနိုင်သည့် ဟင်းသီးဟင်းရွက်အမျိုးအစားများမှာ-

(က) ရွက်စားဟင်းသီးဟင်းရွက်များ(ဟင်းနုနယ်၊ ကန်စွန်း၊ ဆလတ်၊ မုန်ညင်း)

( ခ ) အပွင့်စားဟင်းသီးဟင်းရွက်များ(ပန်းမုန်လာ၊ ဘရိုကိုလီ)

( ဂ ) အသီးစားဟင်းသီးဟင်းရွက်များ(ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ငရုတ်သီး)

(ဃ) အမြစ်စားဟင်းသီးဟင်းရွက်များ(မုန်လာဥ၊ ခါကြက်ဥ)

( င ) ပင်စည်စားဟင်းသီးဟင်းရွက်များ(အာလူး၊ ဆလတ်ရိုး)စိုက်ပျိုးနည်းစနစ်တွင်လည်း တိုက်ရိုက်စိုက်ပျိုးခြင်း၊ ပျိုးထောင် စိုက်ပျိုးခြင်းနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်သည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးရာတွင် ပိုးမွှားရောဂါကျရောက်မှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် သီးနှံအလှည့်ကျစိုက်ပျိုးနည်းစနစ်၊ သီးနှံရောနှောစိုက်ပျိုးခြင်း၊ မိတ်ဖက်အပင်များနှင့် ယှဉ်တွဲစိုက်ပျိုးခြင်း၊ ထောင်ချောက်ပင် စိုက်ပျိုးခြင်း (ဥပမာ-ဂေါ်ဖီထုပ်နှင့်မုန်ညင်း)၊ ဖျက်ပိုးကျရောက်မှုမှကာကွယ်ရန် ပိုးမွှားရောဂါတွန်းလှန်သတ္တိရှိသော အပင်များ(ပင်စိမ်း၊ စပါးလင်၊ ချစ်တီးပန်းပင်)ကို စိုက်ခင်းပတ်လည်တွင် စိုက်ပျိုးပါ။ အပင်ထွက်ပိုး ရောဂါသတ်ဆေးများကို အသုံးပြုရမည်။ (ဥပမာ-တမာပိုးသတ်ဆေး)၊ ရောဂါဒဏ်ခံနိုင်ရည်ရှိသောမျိုးများကို စိုက်ပျိုးရမည်။

သဘာဝမြေဩဇာများကို အိမ်ခြံဝင်း၊ စိုက်ခင်းနှင့် စားဖိုဆောင်မှ စွန့်ပစ်ပစ္စည်းများကို အသုံးပြုပါ။ မြေဆွေးဖျော်ရည်၊ သဘာဝမြေဩဇာဖျော်ရည်၊ ငါးအမိုင်နိုအက်စစ်၊ ဒေသတွင်း အကျိုးပြု အဏုဇီဝပိုး မွေးမြူအသုံးပြုခြင်းများ ဆောင်ရွက်ရမည်။ တိရစ္ဆာန်စွန့်ပစ် ပစ္စည်းများနှင့် မြေဆွေးများကို ကောင်းစွာဆွေးမြည့်ချိန်မှသာ စိုက်ခင်းအတွင်း ထည့်သွင်းအသုံးပြုပါ။

အိမ်ခြံဝင်းအတွင်းရှိ စိုက်ပျိုးနိုင်သည့်မြေနေရာများတွင် လည်းကောင်း၊ မြေနေရာ အနည်းငယ်သာရှိသည့်နေရာများတွင်လည်း ပျိုးအိတ်၊ ပျိုးအိုးများဖြင့် စိုက်ပျိုးခြင်းကို ဖော်ပြပါ နည်းလမ်းများအတိုင်း မိသားစုနှင့်အတူ စိုက်ပျိုးခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရ ပြည့်ဝသော ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်မည်ဖြစ်ပါသည်။

ယခုအခါတွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါအား ကာကွယ်နိုင်ရေးအတွက် ခုခံအားကောင်းစေရန် အသားငါးနှင့် ဟင်းသီးဟင်းရွက်ကို မျှမျှတတ စားသုံးရန် လိုအပ်သည်။

ထို့ကြောင့် အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင်ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသော ဟင်းသီး ဟင်းရွက်များကို လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် အလွယ်တကူ လတ်လတ်ဆတ်ဆတ် ခူးယူစားသုံးနိုင်ခြင်း၊ အကြိမ်ကြိမ်ခူးဆွတ် စားသုံးနိုင်ခြင်း၊ စားဖိုဆောင်ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားကျန်းမာရေးနှင့်ညီညွတ်ခြင်း၊ မိမိ၏စိုက်ခင်း အစဉ်တစိုက်ကြည့်ရှု၍ စိတ်ကြည် ရွှင်လန်းပီတိ ခံစားရခြင်းတို့ကြောင့် အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းကို မိသားစုတိုင်းမဖြစ်မနေ ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။

**❖ အကယ်၍ အိမ်ခြံဝင်းအတွင်း စိုက်ပျိုးမြေဧရိယာအနည်းငယ်သာရှိပါက ဟင်းသီးဟင်းရွက်များကို ပျိုးအိတ်၊ ပျိုးခွက်များဖြင့် စိုက်ပျိုးခြင်း၊ အဆင့်လိုက်စိုက်ပျိုးခြင်း၊ အာဟာရရည်ဖြင့် စိုက်ပျိုးခြင်း စသည့်နည်းစနစ်များဖြင့်လည်း စိုက်ပျိုးနိုင်သည်။**

**❖ စိုက်ပျိုးမည့်ဟင်းသီးဟင်းရွက်များအား ရွေးချယ်ရာတွင် မိသားစုအတွက် အမှန်တကယ် လိုအပ်သော ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော အာဟာရဓာတ်ပြည့်ဝသည့် ဟင်းသီးဟင်းရွက် အမျိုးအစားများကို ရွေးချယ်စိုက်ပျိုးသင့်သည်။**

# ရန်ကုန်ဈေးကွက်သို့ သင်္ကြန်မတိုင်မီ နယ်စုံမှကြက်သွန်နီဝင်ရောက်မှုများပြားပြီး ဈေးနှုန်းသက်သာ

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်ဈေးကွက်သို့ နယ်စုံမှကြက်သွန်နီများ သင်္ကြန်မတိုင်မီကာလများတွင် ဝင်ရောက်မှုများပြားပြီး ဈေးနှုန်းမှာလည်း အများပြည်သူဝယ်ယူစားသုံးနိုင်သည့် ဈေးနှုန်းဖြစ်နေသည်ဟု ရန်ကုန်ကြက်သွန်နီပွဲရုံများနှင့် ကြက်သွန်နီဝယ်ယူသူများက ပြောသည်။

ကာလတူဖြစ်သော ၂၀၁၉ ခုနှစ် ဧပြီလဆန်းပိုင်းတွင် ဆိပ်ဖြူလက်ကား တစ်ပိသာ ငွေကျပ် ၃၅၀၊ ၅၂၅၊ ၅၅၀၊ ၅၇၅ ကျပ်နှုန်း၊ မြစ်သား ငွေကျပ် ၄၅၀၊ ၇၀၀၊ ၈၀၀၊ ၈၅၀ နှုန်းရှိခဲ့သည်။ ယခုနှစ် ဧပြီလဆန်းပိုင်းတွင် ဆိပ်ဖြူလက်ကားတစ်ပိသာ ငွေကျပ် ၆၀၀၊ ၇၀၀၊ ၇၀၀၊ ၇၀၀ ၊ မြစ်သားငွေကျပ် ၈၀၀၊ ၁၁၀၀၊ ၁၁၀၀၊ ၈၀၀ နှုန်းရှိရာ ကြက်သွန်စိုက်သူများအနေဖြင့် ယခင်နှစ်ကာလတူထက် ဈေးနှုန်းပိုရလာသည်။

၂၀၂၀ ဖေဖော်ဝါရီ ၇ရက်တွင် ဆိပ်ဖြူကြက်သွန်နီ တစ်ပိသာ လက်ကားဈေး ငွေကျပ် ၁၃၀၀၊ ၁၆၀၀၊ ၁၇၀၀၊ ၁၇၅၀ ၊ မြစ်သား ကြက်သွန်နီ တစ်ပိသာ ငွေကျပ် ၁၅၀၀၊ ၂၀၀၀၊ ၂၀၀၀၊ ၂၀၀၀ နှုန်းအထိ ဈေးမြင့်ခဲ့သည့်အတွက် စားသုံးသူများ ကြက်သွန်နီ ဈေးမြင့်မှုကို ကြုံတွေ့ခဲ့ရသည်။

မတ်လမှစ၍ ပြည်ပသို့ အပို့နည်းသွားပြီး ရန်ကုန်ဈေးကွက်သို့သာ တင်ပို့မှုများလာသည်။ မတ် ၁၆ ရက်တွင် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိသာချိန် ခြောက်သိန်းကျော်၊ မတ် ၁၇ ရက်တွင် လေးသိန်းခန့်၊ မတ် ၂၃ ရက်တွင် လေးသိန်းငါးသောင်းခန့် ဝင်ရောက်ခဲ့ရာ ပုံမှန်ရက်များအတွင်း ပျမ်းမျှဝင်ရောက်သည့်ပမာဏထက် များစွာများလာသည်။

ရန်ကုန်ဈေးကွက်သို့ နေ့စဉ်ပျမ်းမျှ ကြက်သွန်နီဝင်ရောက်မှုမှာ ပိသာချိန် နှစ်သိန်းဝန်းကျင်သာ ရှိတတ်ရာ ယခုနှစ် သင်္ကြန်မတိုင်မီကာလအတွင်း ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်နှစ်များထက် များပြားခြင်း၊ ပြည်ပအပို့နှင့် နယ်စပ်အပို့မရှိခြင်းတို့ကြောင့် ရန်ကုန်သို့ဝင်လာသော နယ်စုံကြက်သွန်နီများသည် ဈေးကွက်ဝယ်လိုအားထက် များပြားခဲ့သည်။ ပခုက္ကူဈေးကွက်တွင် ဧပြီ ၉ရက်က ကြက်သွန်နီပိသာ ၇၆၀၀၀ ဝင်ရောက်ပြီး တစ်ပိသာအမြင့်ဆုံးဈေးမှာ ငွေကျပ် ၄၇၅ သာ ရှိသည်ဟု သိရသည်။

အချို့ပွဲရုံများတွင် မြစ်သားကြက်သွန်နီငါးပိသာ အိတ်ကလေးများပြုလုပ်ကာ တစ်အိတ် ငွေကျပ် ခြောက်ထောင်နှုန်းဖြင့် ရောင်းချမှုမြင်တွေ့ရသည်။ မတ်လ လယ်အတွင်း ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာသော



တရုတ်ကြက်သွန်နီအလုံးကြီးအိတ်များမှာ ဝယ်သူမရှိ၍ ပွဲရုံအပြင်ဘက်တွင် အပင်ပေါက်ခြင်း၊ အောက်ခြေတွင် အရည်ထွက်ခြင်းများရှိနေသည်ကို မြင်ရသည်ဟု ကြက်သွန်နီအဝယ်တော်တစ်ဦးက ပြောသည်။ **ခင်ဆိုင်**

## ညောင်ဦးမြို့နယ် ငရုတ်စိုက်တောင်သူများ ငရုတ်သီးခြောက် ထုတ်ရောင်းချိန် ဈေးမကောင်း၍ တွက်ခြေမကိုက်

**ညောင်ဦး ဧပြီ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငရုတ်သီးစိုက်တောင်သူများ ငရုတ်သီးအခြောက်ပြန်လည်ရောင်းချချိန် ဝယ်ယူသည့်ပွဲစားများ ဈေးနှိမ်ဝယ်ယူခြင်းကြောင့် ကိုယ်တိုင် ငရုတ်စိုက်ပျိုးတောင်သူများ တွက်ခြေမကိုက်ဖြစ်နေကြကြောင်း လက်ပံခြေပေါ်အုပ်စု၊ တောင်ဖက်တန်းကျေးရွာ ငရုတ်စိုက်ပျိုးတောင်သူ ဦးမင်းညိုက ပြောသည်။

ညောင်ဦးမြို့နယ်တွင် ငရုတ်သီးဈေးကွက်ကောင်းမွန်လာခြင်းကြောင့် ငရုတ်စိုက်တောင်သူများပြားလာခဲ့ပြီး ငရုတ်သီးစိမ်းပေါ်ချိန်က တစ်ပိသာ ငွေကျပ် ၁၀၀၀ မှ ၁၂၀၀ အထိရောင်းချခဲ့ရရာ ငရုတ်စိုက်တောင်သူများ တွက်ခြေကိုက်ခဲ့ကြောင်း ငရုတ်စိုက်တောင်သူ ဦးဝင်းတင်က ပြောသည်။

ငရုတ်သီးများ လှိုင်လှိုင် ရင့်မှည့်ပေါ်ချိန် ငရုတ်သီးမှည့်များအခြောက်လှန်းကာ ဈေးကောင်းချိန်ဖြစ်သည့် မတ်လကုန် ဧပြီလတွင် ပြန်လည်ထုတ်၍ရောင်းကြကြောင်း၊ ငရုတ်သီးမှည့် ခြောက်တစ်ပိသာ ငွေကျပ် ၂၇၀၀ မှ ၃၀၀၀ သာ ရောင်းချရခြင်းကြောင့် ငရုတ်သီးတစ်ဆင့်ပြန်ရောင်းချသည့် လှောင်လက်ပွဲစားများ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း သူကောင်းတည်ကျေးရွာ ငရုတ်သီးခြောက်ပွဲစား ဦးမောင်နိုင်က ပြောသည်။

ငရုတ်သီးစိုက်ပျိုးရာတွင် မြေအောက်ရေတူးဖော် ရေသွင်းစိုက်ပျိုးခြင်း၊ မြစ်ရေပေးချိန်တွင် မြစ်ရေဖြင့် စိုက်ပျိုးခြင်းများရှိပြီး စိုက်ပျိုးသည့်မျိုးမှာ အိန္ဒိယပလပ်စ်၊ အိန္ဒိယ မိုးထောင်သီးများ စိုက်ပျိုးကြောင်း၊ ငရုတ်သီးရင့်မှည့် ဆွတ်ခူးချိန် သဘာဝအတိုင်း နေဖြင့်အခြောက်လှန်းခြင်း၊ ငရုတ်သီးကို ရေအနည်းငယ် မိုးဖြဲဒယ်ထဲထည့်ပြုတ်ကာ ဆယ်ယူနေလှန်းခြင်းနှစ်မျိုးဖြင့် အခြောက်လှန်းပြီး လှောင်ထားကြောင်း သိရသည်။ ငရုတ်သီးအစိုတစ်ပိသာ လှန်းလျှင် အခြောက်ထွက်လာပါက ၂၅ ကျပ်သားသာထွက်ရှိခြင်းကြောင့် အစို ရောင်းချိန်တစ်ပိသာ ငွေကျပ် ၁၀၀၀ မှ ၁၂၀၀ ရောင်းချခဲ့ရပြီး ငရုတ်သီးခြောက်ရောင်းချိန် တစ်ပိသာ ငွေကျပ် ၂၇၀၀ ကျပ်မှ ၃၀၀၀ သာ ရောင်းချရခြင်းကြောင့် ငရုတ်သီးခြောက်လှောင်သူများ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

လာရောက်ဝယ်ယူသည့် ဝယ်လက်ပွဲစားများကလည်း ဈေးနှုန်းနှိမ်ဝယ်ခြင်းကြောင့် မဖြစ်မနေ ငွေလိုသည့်သူများသာ ရောင်းချနေကြပြီး ငွေမလိုသည့် ကိုယ်တိုင်စိုက်ပျိုးသူများ ဈေးကောင်းချိန် မျှော်လင့်စောင့်ဆိုင်းနေကြောင်း ငရုတ်သီးခြောက်လှောင်ပွဲစားများထံမှ သိရသည်။

**မောင်ထိန်**

## ခရမ်းချဉ်သီးဈေးမကောင်း၍ တောင်သူများအရှုံးပေါ်

**မင်းဘူး ဧပြီ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာမှ တောင်သူများသည် ခရမ်းချဉ်သီးများ စိုက်ပျိုးရောင်းချရာတွင် ခရမ်းချဉ်သီးဈေး တစ်ပိသာ ငွေကျပ် ၅၀၀၊ ၆၀၀ ဖြင့် ဈေးပြန်တက်လာသော်လည်း ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းမှာ နည်းနေသည့်အတွက် အရှုံးပေါ်ကြောင်း ကျောက်တန်းကျေးရွာ ခရမ်းချဉ်စိုက်တောင်သူ တစ်ဦးထံမှ သိရသည်။

"အရင်နှစ်တွေက ခရမ်းချဉ်သီးတစ်ပိသာ ငွေကျပ် ၁၅၀၀၊ ၁၈၀၀ ဈေးနဲ့ ရောင်းချရပြီး အခုနှစ်ပေါ်ခါစ ငွေကျပ် ၁၂၀၀ ၊ ၁၃၀၀ ကနေ တဖြည်းဖြည်း ဈေးကျလာပြီး တစ်ပိသာငွေကျပ် ၁၀၀ ဈေးအထိ ကျဆင်းသွားပါတယ်။ အခုရက်ပိုင်း ဧပြီလထဲရောက်လာမှ ဈေးလေး ပြန်တက်လာတာပါ။ ပျိုးပင်ဖိုး၊ အလုပ်သမားခတွေနဲ့ ခရမ်းချဉ်ခင်း မြေဆွ(ခါးဆွ)တိုင် စိုက်၊ ဝါးတန်း၊ ဝါးဖိုး၊ နီးဖိုး၊ ပိုးသတ်ဆေး၊ အပင်အားဆေးနဲ့ဆို စားရိတ်စက ငွေကျပ် ၁၀ သိန်းရင်းပြီး စိုက်ပျိုးထားတာပါ။ ငွေအရင်းလေးပြန်ရဖို့ ဆိုင်တွေလည်း ဖောက်သည်ပေး၊ လက်လီလည်း ရောင်းချနေပေမယ့် အမြတ်မရှိဘဲ နှစ်သိန်းဖိုးလောက် အရှုံးရှိပါသေးတယ်"ဟု မင်းဘူးမြို့ ကျောက်တန်းကျေးရွာမှ ခရမ်းချဉ်စိုက်တောင်သူ ဦးဖိုးတုပ်က ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ် မာလကာခြံစိုက်တောင်သူများ ပင်စည်ရိုးပိုးဝင်ခြင်းများကြောင့် မာလကာခြံများပျက်စီး

**ကျောက်ပန်းတောင်း ဧပြီ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်နှင့် ပုပ္ပားတောင်မကြီးရှိ မာလကာခြံစိုက်တောင်သူများ ပင်စည်ရိုးပိုးဝင်ခြင်းကြောင့် မာလကာသီးခြံအများစုပျက်စီးကုန်ကြောင်း ညောင်ဖြူပင်ကျေးရွာ မာလကာခြံစိုက်တောင်သူ ဦးထိုက်က ပြောသည်။

ပုပ္ပားတောင် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် နတ်ကန်လည်ကျေးရွာ၊ ဆည်ပေါက်ကျေးရွာ၊ ညောင်ကန်ကျေးရွာ၊ ပုပ္ပားကျေးရွာနှင်ဆည်၊ စီးမကျေးရွာများ၊ ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် ဝွေးကုန်း၊ ရွာသစ်၊ လက်ပံအိုင့်၊ လဲဂွ၊ ညောင်ဖြူပင်၊ ဆပ်ပြာကျင်းကျေးရွာများသည် မာလကာခြံစိုက်ပျိုးသည့်ကျေးရွာများဖြစ်ကြကာ မြေအောက်ရေတူးဖော်ပြီး စီးပွားဖြစ် မာလကာခြံလုပ်ငန်း အများစုလုပ်ကိုင်ကြသည့် ကျေးရွာများဖြစ်ကြောင်း သိရသည်။

မာလကာပင်သည် နှစ်ရှည်သီးနှံပင်အမျိုးအစားထဲတွင်ပါဝင်ကာ အခြားသီးနှံများလည်း စိုက်ပျိုးကြသည့် အရပ်ဒေသဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံး ဥယျာဉ်ခြံမြေနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုးကိုလည်း ဆယ့်နှစ်ရာသီပတ်လုံးစိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကြောင်း သိရသည်။



ပျက်စီးနေသည့် မာလကာခြံကို တွေ့ရစဉ်။

မာလကာခြံစိုက်ပျိုးကြရာတွင် ခြောက်လ မာလကာပင်များအား ပျိုးပင်ရောင်းချသည့် ဆည်ပေါက်ကျေးရွာမှ ဝယ်ယူစိုက်ပျိုးခြင်း၊ ကိုယ်တိုင်ပျိုးထောင်ကာ စိုက်ပျိုးခြင်းများဖြင့် စိုက်ပျိုးကြပြီး အစေ့မဲ့မာလကာ၊ ခြောက်လမာလကာတို့ကိုသာ အဓိကစိုက်ပျိုးကြကြောင်း၊ ခြောက်လမာလကာဟုခေါ်ဆိုသော်လည်း တစ်နှစ်ကျော်မှသာ စတင်အပွင့်ပွင့်ကာ ရောင်းတန်းဝင်အသီး သီးကြောင်း သိရသည်။

မာလကာခြံစိုက်ကြရာတွင် ငါးပေပတ်လည် စိုက်ပျိုးကြခြင်းနှင့် ခြောက်ပေပတ်လည် စိုက်ပျိုးကြခြင်း၊ တစ်ဦးနှင့်တစ်ဦး မတူညီကြောင်း၊ မာလကာပင်များအား ရေမြောင်းစနစ်ဖြင့် ရေပေးသွင်းပြီး တစ်ပတ်တစ်ခါရေသွင်းကြကြောင်း၊ မာလကာသီးခူးဆွတ်ရာတွင်လည်း ငါးရက်တစ်ကြိမ်၊ သုံးရက်တစ်ကြိမ် ဆွတ်ခူးကြရပြီး အသီးကင်းများ စတင်သီးချိန်တွင် ပလတ်စတစ်အပျော့အိတ်များဖြင့် လိပ်ပြာစုပ်ခြင်း၊ ပိုးထိုးခြင်းများကာကွယ်နိုင်ရန် အိတ်စွပ်ပေးရပြီး အသီးများရင့်ချိန် ဆွတ်ခူးရောင်းချရကြောင်း လဲဂွကျေးရွာ မာလကာခြံပိုင်ရှင် ဦးစာပေါက်က ရှင်းပြသည်။

မာလကာခြံများအသီးသီးချိန် အလုံးကြီးစေရန် သီးကင်းများကို ခြွေချပေးရပြီး ပလတ်စတစ်စွပ်ပေးရကြောင်း၊ မာလကာသီးအသီးသီးလွန်းလျှင် မာလကာပင်သေသွားတတ်ကြောင်း၊ မာလကာခြံအများစု အသီးတအားသီးပြီးလျှင် မာလကာပင် ပင်စည်ရိုးပိုးဝင်ကာ ပျက်စီးသွားတတ်ကြောင်း၊ ယခုနှစ် ဆောင်းရာသီကုန်ဆုံးချိန်တွင် မာလကာခြံအများစု ပင်စည်ရိုးပိုးဝင်ကာ မာလကာပင်များသေသွားသည့် ခြံအတော်များကြောင်း၊ မာလကာခြံသက်တမ်း ဆယ်နှစ်ရှိပြီး သုံးနှစ်၊ လေးနှစ်လောက်ဖြင့် မာလကာခြံပျက်စီးခြင်းကြောင့် မာလကာခြံစိုက်ပျိုးမှုလျော့ကျလာကြောင်း မာလာကာခြံစိုက်တောင်သူများထံမှ သိရသည်။

ထွက်ရှိလာသည့် မာလကာသီးများကို မကွေးမြို့၊ မိတ္ထီလာမြို့၊ ညောင်ဦးမြို့တို့သို့ တင်ပို့ရောင်းချခြင်းနှင့် ကျောက်ပန်းတောင်းမြို့ မြို့မဈေးသို့ ကိုယ်တိုင်သွားရောက်ခြင်း၊ ဖောက်သည်သွင်းခြင်းများဖြင့် ရောင်းချကြပြီး ယခုနှစ်တွင် မာလကာခြံများ ပင်စည်ရိုးပိုးဝင်ခြင်း၊ အသီးများပြီး သေခြင်းများကြောင့် မာလကာခြံစိုက်ပျိုးမှုနည်းလာကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## သကြၤန်ရင်ခုန်သံအစီအစဉ်

# ‘မှုံရွှေရည်’ ရုပ်ရှင်ဇာတ်ကား စကားဝိုင်းဆွေးနွေးပွဲ

မှတ်တမ်း - သီတာဌေး (ပြန်/ဆက်)

**ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် သကြၤန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် ပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ရန်အတွက် မြန်မာ့ရိုးရာသကြၤန်၏ ပုံရိပ်ကိုထင်ဟပ်စေသည့် ‘မှုံရွှေရည်’ ရုပ်ရှင်ဇာတ်ကား၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသခဲ့သည်။**



“မှုံရွှေရည်” ရုပ်ရှင်ဇာတ်ကား စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်စဉ်။

အဆိုပါစကားဝိုင်းတွင် အစီအစဉ်မှူးအဖြစ် အကယ်ဒမီ ဆွေဇင်ထိုက်၊ “မှုံရွှေရည်” ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အကယ်ဒမီ ဦးအောင်လွင်တို့က ပါဝင်ဆွေးနွေးခဲ့ပြီး ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ဒေါ်စန္ဒာလင်းကလည်း အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ် ဖဲဖက်စ်မြို့မှ Video Call ဖြင့် ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ရပါသည်-

**အကယ်ဒမီ ဆွေဇင်ထိုက်**

ကျွန်မတို့ရဲ့ သကြၤန်ရင်ခုန်သံဆိုတဲ့ ဒီစကားဝိုင်းဆွေးနွေးပွဲမှာ ဒီကနေ့ ဆွေးနွေးဖို့အတွက် ရွေးချယ်ထားတဲ့ ရုပ်ရှင်ကားထုပ်ကတော့ မှုံရွှေရည်ကားထုပ် ဖြစ်ပါတယ်။ ကျွန်မတို့အတွက် ဂန္ထဝင်လည်းမြောက်တယ်။ ပါဝင်တဲ့ သရုပ်ဆောင်တွေကလည်း ထူးချွန်တယ်။ ပါဝင်ထားတဲ့၊ တီးခတ်ထားတဲ့ သီချင်းဂီတတွေကလည်း ဘက်စုံကနေပြီးတော့ တော်တာကို တွေ့ရပါတယ်။ မင်္ဂလာပါ ပါပါး။ မင်္ဂလာပါ မစန္ဒာရှင့်။ အခုလိုမျိုး ကျွန်မတို့ရဲ့သကြၤန်ရင်ခုန်သံအနေနဲ့ မှုံရွှေရည်ဇာတ်ကားနဲ့ ပတ်သက်ပြီးတော့ပြောတဲ့ စကားဝိုင်းလေးကို အမေရိကန်နိုင်ငံကနေပြီးတော့ ပါဝင်ဆွေးနွေးပေးတဲ့အတွက် ကျေးဇူးဥပကာရအထူးပဲ ကျေးဇူးတင်ရှိပါတယ်ဆိုတဲ့ အကြောင်း ပထမဆုံး ပြောလိုပါတယ်။ ရုပ်ရှင်ထဲမှာ မောင်နှမ နှစ်ယောက်က တစ်ယောက်ကလည်း စန္ဒရားတီး၊ တစ်ယောက်ကလည်း ကပေါ့။ ဒီလိုမျိုးကို ကိုယ်ရိုက်ခဲ့ရတာဟာ ဒီရုပ်ရှင် ကားထုပ်ကြီးရဲ့ Main Theme ကြီး ဖြစ်ပါတယ်။ အဲဒီ Story ပေါ့၊ မှုံရွှေရည်ဘယ်လိုလေးများ ဖြစ်လာလဲဆိုတာကို မှတ်မိသလောက်ကလေး သိချင်ပါသေးတယ်။

**သရုပ်ဆောင် စန္ဒာလင်း**

ဟုတ်ကဲ့ မှတ်မိသလောက်ဆိုရင်တော့ အဲဒီတုန်းကလည်း ဦးဝင်းဦးပဲ ပြန်ပြောပြတာပေါ့။ သူ မှုံရွှေရည် ဇာတ်လမ်းလေးကို ဘယ်လိုရေးဖြစ်သွားသလဲဆိုတာ ပြောပြတော့ အဲဒီတုန်းက တိုင်းနဲ့ ပြည်နယ် ဘောလုံးပွဲတွေ ရှိတယ်လေ။ ရောဂတီတိုင်းက အဲဒီနှစ်မှာ ဖလားရသွားတော့ ဒီဘောလုံးသမားတွေကို ဂုဏ်ပြုတဲ့ပွဲ လုပ်ပါတယ်။ ဒက်ဒီတို့၊ ပါပါးတို့က ရောဂတီသားတွေ၊ ဘိုကလေးသားတွေ ဖြစ်နေတော့ ဒက်ဒီတို့ ပါပါးတို့ကပဲ သီဆိုကခုန်တာကို တာဝန်ယူပြီး လုပ်ရပါတယ်။ လုပ်ရတဲ့ အခါကျတော့ ဦးဝင်းဦးကိုလည်း ဖိတ်တယ်။ အဲဒီအချိန်မှာ ကျွန်မကလည်း ပန်တျာကျောင်းမှာ အကသင်နေပြီဆိုတော့ ညဘက်အငြိမ့်ကို လူပြက်ကြီးတွေဖြစ်တဲ့ ဦးပလာတာတို့၊ ဦးစံမတူတို့နဲ့ အငြိမ့်သွားကရတာပေါ့နော်။ ဦးရွှေရိုးရယ်၊ ဦးစံမတူရယ်၊ ဦးပလာတာရယ်၊ ဦးသော်တာရယ် လေးယောက်ပါ။ အဲဒီလူပြက်ကြီးလေးယောက်နဲ့ အငြိမ့်ကရတယ်။ ပြီးတော့ ဒက်ဒီက စန္ဒရားတီးပေးတယ်။ နောက်တစ်ခါ အကသွားသင်ရင် ကိုကိုကြီးကလည်း ကျောင်းဆင်းတော့ လိုက်လိုက်လာတယ်။ အစ်ကိုကြီး ကိုမြတ်သူကလေ။ လိုက်လာတော့ သူအားနေတော့ ဒက်ဒီတို့ မာမီတို့က သူ့ကို ဖုံဝင်ဝင်တီးခိုင်းတယ်။ သူကလည်း အဲဒီမှာ ဗုံတီးသင်တော့။ အဲဒီ Dinner ညမှာလည်း ကျွန်မက ကတယ်၊ ကိုကိုကြီးက ဗုံတီးတယ်၊ ဒက်ဒီက စန္ဒရားတီးတယ်ပေါ့။ ဦးဝင်းဦးက အဲဒီမြင်ကွင်း ကို မြင်သွားပြီးတော့ ဒီမှုံရွှေရည်ဇာတ်လမ်းလေးကိုရေးဖို့ အကြံရသွားတယ်လို့ ပြောပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

တကယ့် Inspiration ဟာ ဂီတလုလင်ဦးကိုကိုနဲ့ မိသားစုကို အခြေတည်ပြီး ရိုက်ထားတဲ့ အတွက်ကြောင့် တကယ့်ကို ကျွန်မတို့ သဘင်ထဲမှာပါနေတဲ့ သဘင်ပညာရှင်တွေရဲ့ အခန်းကဏ္ဍကိုလည်း တွေ့ရတယ်။ နောက် မြန်မာ့ဂီတရဲ့ အခန်းကဏ္ဍကိုလည်း တွေ့ရတယ်။ နောက် စန္ဒရား ဆရာတစ်ယောက်ရဲ့ ပုံရိပ်ကိုလည်း သေသေချာချာ မြင်ရတာဖြစ်ပါတယ်။ နောက်သီချင်းလေးလည်း ဆိုတယ်နော်။ ကိုယ်တိုင်ဆိုထားတဲ့သီချင်းလေးကို စင်ပေါ်မှာတော့ သီချင်းဟာ Play Back အနေနဲ့ ဆိုထားတာလို့ ထင်ပါတယ်။ အဲဒီသီချင်းသွင်းခဲ့တဲ့ အကြောင်းလေးလည်း မှတ်မိသလောက် ပြောပြပါဦး။

**သရုပ်ဆောင် စန္ဒာလင်း**

အဲဒီမှုံရွှေရည်ထဲက သီချင်းတွေကတော့ များသောအားဖြင့် စမ်းချောင်းမှာရှိတဲ့ မဟာမြိုင် ရုပ်ရှင်ခြံ၊ အေဝမ်းခြံလို့လည်း ခေါ်တယ်။ မဟာမြိုင်ခြံမှာ သွင်းပါတယ်။ သီချင်းသွင်းပြီဆိုရင်တော့ ထုံးစံအတိုင်းပဲ ဒက်ဒီက အသံချပေးတယ်။ အသံသွင်းတယ်။ စင်ပေါ်မှာကတဲ့ သီချင်းတွေ အကုန်လုံးကတော့ Play Back သွင်းထားတာပေါ့နော်။ ကြိုပြီးသွင်းထားပြီးတော့မှ သီချင်းဖွင့်ပြီး ကတာပါ။ ထန်းတောထဲမှာ တုန်းကတော့ တိုက်ရိုက် အဲဒီမှာပဲဆိုပြီးတော့၊ အဲဒီမှာပဲ ကပြီးတော့ လုပ်တာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်**

သိပ်တော်တာပဲ။ ချက်ချင်းကြီးကို ဆိုနိုင်တာ။ မစန္ဒာတို့ရိုက်ခဲ့တဲ့ မှုံရွှေရည်ကားကို ကြည့်တဲ့အခါ ကျွန်မ သေသေချာချာ သတိထားမိတဲ့အခန်း နှစ်ခန်းပါတယ်။ ပထမတစ်ခန်းကတော့ မှုံရွှေရည်ဆိုတဲ့ ရေပက်ခံကားကြီးနဲ့ ကရင်းကနေဝင်လာကြပြီးတော့ မန္တလေးထန်းတောထဲမှာ ရိုက်တာပေါ့နော်။ အဲဒီမှာ ဝင်လာရင်းကနေပြီးတော့ အဖေလုပ်တဲ့သူနဲ့တွေ့တဲ့အခါကျတော့ ပျော်ရွှင်စရာ ကောင်းတဲ့ သီချင်းသံလေးကနေ ဝမ်းနည်းစရာကောင်းတဲ့ သီချင်းသံလေးကို ပြောင်းသွားတာ တွေ့တယ်ပေါ့။ အဲဒီမှာ အဲဒီနေ့တုန်းကရိုက်ခဲ့တဲ့ ဒီသီချင်းအကြောင်းတွေ၊ သရုပ်ဆောင်ရတဲ့ ခံစားမှုအကြောင်းတွေပေါ့နော်။ အဲဒါတွေကို ဘယ်သူတွေက ဘယ်လိုသင်ပြီးတော့ ဘယ်လောက်ထိအောင်တောင်မှ အားစိုက်ပြီးတော့ လုပ်ခဲ့သလဲဆိုတဲ့အကြောင်းကို မျှဝေပြောပြပါဦး။

**သရုပ်ဆောင် စန္ဒာလင်း**

ရိုက်တုန်းက ဒီသီချင်းနဲ့ ရေပက်ခံကားကြီးနဲ့ လျှောက်သွားကြမယ်။ ပြီးရင် အဲဒီထန်းတောထဲကို ဝင်လာမယ်။ ထန်းတောထဲကို ရောက်လို့ရှိရင် ကားရပ်လိုက်ရင် အဖေကို တွေ့တဲ့အချိန်မှာ ပျော်ပျော်ရွှင်ရွှင်ကြီးနဲ့ ကပြီးတော့ အဖေဆီကို ဆင်းလာတဲ့ပုံစံလုပ်ပေါ့ဆိုပြီးတော့ ပြောတယ်။ သီချင်းသင်ပေးတာကတော့ ဒက်ဒီနဲ့ ဦးဝင်းဦးနဲ့က သင်ပေးပါတယ်။ ဒါပေမယ့် ဘယ်လို အမူအရာလေးနဲ့ သွားရမယ်။ ဘယ်လိုပြုံးပြုံးရွှင်ရွှင်လေးနဲ့ သွားရမယ်ဆိုတာတော့ ဦးဝင်းဦးနဲ့ ကျွန်မအမေ မာမီနဲ့က သင်ပေးတာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်**

သိပ်ကို ကောင်းပါတယ်။ အဲဒီအချိန်လေးမှာလေ အိုက်တင်က ချက်ချင်းပြောင်းသွားတယ်နော်။ အိုက်တင်လေးက စိတ်ပျော်ရွှင်စွာနဲ့လာနေရင်းကနေ ပြောင်းသွားတယ်။ ပြောင်းသွားပြီးတော့ အသံလေးကပါ ဝမ်းနည်းစရာလေး ဖြစ်သွားတယ်။ အဲဒီလိုဖြစ်သွားဖို့ကို ဘယ်လိုမျိုး ရိုက်ခဲ့ရလဲဆိုတာ ပြောပြပါဦး။

**သရုပ်ဆောင် စန္ဒာလင်း**

အဲဒီတုန်းကလေ တကယ်ကြီးဖြစ်သွားတာ ဆိုတော့ သိပ်ပြီးတော့တောင် ဟန်ဆောင် မလေ့ကျင့်လိုက်ရဘူး။ အနားလည်းရောက်ရော ဖြုန်းစားကြီး ဆံပင်ဆွဲပြီး ပါးရိုက်တာခံလိုက်ရတော့ ကိုယ်လည်း ဒီလိုမျိုးခံရမယ်ဆိုတာ မမျှော်လင့်ထားဘူးလေ။ သိပ်လည်း လန့်သွားတာပေါ့နော်။ လဲကျသွားအောင်ကို သူက ရိုက်ထည့်လိုက်တာ။ ကြောင်ကြောင်ကြီး ဖြစ်သွားပြီးတော့မှ တစ်ခါ ချက်ချင်း ပြန်ဆွဲထခိုင်းပြီးတော့မှ သူက ဆက်တိုက်စကားတွေ မေးတာပေါ့နော်။ မေးတဲ့အချိန်မှာ ကိုယ်က ပြန်ဖြေရတာတွေကို သင်ရတာပေါ့လေ။ သိပ်ကြောက်နေတာ။ နောက်ပြီးတော့ အဲဒီအချိန်မှာ နာတော့ တကယ်လည်း ငိုနေတဲ့အချိန်ဆိုတော့ ဟန်ဆောင်တာတွေ ဘာတွေ သိပ်မလုပ်လိုက်ရဘူး။ တကယ်လိုမျိုး ဖြစ်သွားတာ။

**အကယ်ဒမီ ဆွေဇင်ထိုက်**

သရုပ်ဆောင်မှုက ပြောင်မြောက်သွားတာပေါ့။ အဲဒီအချိန်မှာ ဦးဝင်းဦးက သူ့သမီးလေးကို သူဘယ်လို မျှော်လင့်ထားသလဲဆိုတဲ့ Definition လေးကို ပြောပြသွားတာပေါ့။ ဘယ်လို ယဉ်ကျေးရမယ်။ အငြိမ့်မင်းသမီးအဖြစ် မလိုချင်ဘူး။ သန့်ရှင်းရမယ်ဆိုတဲ့ဟာတွေကို ပြောပြတာပေါ့။ အဲဒီအချိန်လည်းပဲ သရုပ်ဆောင်တဲ့ ကလေးက ကြည်လင်စွာနဲ့ပဲ အပေးအယူမျှမျှနဲ့ သရုပ်ဆောင်တာ တွေ့ရတယ်။ ကျွန်မကလေ အလွန်မှ ချီးကျူးပါတယ်။ ဒီရုပ်ရှင်ကားထုပ် မှုံရွှေရည်ကို ထုတ်ဖို့လုပ်တာက အပေါင်းလက္ခဏာရုပ်ရှင် ဖြစ်ပါတယ်။ အဲဒီ အပေါင်းလက္ခဏာရုပ်ရှင်မှာလည်း နောက်ကြောင်းလေးတွေ ပရိသတ်သိဖို့အကြောင်းလေးတွေ လိုတယ်လို့ ထင်ပါတယ်။ ဒါလေးကို ရှင်းပြပေးပါဦး ပါပါး။

**အကယ်ဒမီ အောင်လွင်**

အပေါင်းလက္ခဏာရုပ်ရှင်ဆိုတာက ၁၉၅၈ ခု၊ ကျွန်တော်တို့ မခင်နှင်းဆီတို့ ရေးခဲ့တဲ့ သီချင်းရေးဆရာ၊ ဒါရိုက်တာ၊ မင်းသား ကိုမြတ်လေးရဲ့ ကုမ္ပဏီနာမည် ဖြစ်ပါတယ်။ ဒီအပေါင်းလက္ခဏာ နာမည်ကိုတော့ ပထမဆုံး သူ့ရဲ့ ဇာတ်ကားဖြစ်တဲ့ ပင်လုံထိပ်ထားဦးဆိုတဲ့ ဇာတ်ကားကို ထုတ်လုပ်ခဲ့တဲ့ ကုမ္ပဏီဖြစ်ပါတယ်။ အပေါင်းလက္ခဏာသည် ဦးမြတ်လေးရိုက်ပြီးတော့ အတော်လေးပြန်မှိန်သွားပါတယ်။ ဒါကို ပြန်ဖော်ထုတ်ဖို့ ဦးမြတ်လေးကို နောက်ပိုင်းမှာ ပိုင်ရှင်ဖြစ်လာတဲ့ ဦးကိုကိုကြီးက ခေါ်ပြီးတော့ သူငယ်ချင်း အချင်းချင်း ပြောတယ်။ ဒီဇာတ်လမ်းကျဖို့၊ ထုတ်လုပ်ခွင့် ကျဖို့ကို ခေါင်သူကြီးတစ်ယောက်လိုတယ်။ အဲဒီမှာ ကျွန်တော်တို့ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရဲဘော် သုံးကျိပ်ထဲက ဗိုလ်မှူးတာရာ (ဗိုလ်တာရာ) ကို ခေါင်းတပ်ပြီးတော့ အပေါင်းလက္ခဏာ ပြန်လျှောက်တယ်။ အပေါင်းလက္ခဏာရုပ်ရှင်ကျတယ်။ ကျတဲ့အခါမှာ ၁၉၆၇ ခု ကျွန်တော်နဲ့ ဦးဝင်းဦးနဲ့က ဆောင်းအိပ်မက်ကား ဆက်နေစဉ် ကာလ ဖြစ်တယ်။ အနီးစပ်ဆုံးအဖြစ် ဦးဝင်းဦးကို မင်းသားအဖြစ်၊ ဒါရိုက်တာအဖြစ် တာဝန်ပေးဖို့ သူတို့ စိတ်ကူးကြတယ်။ စိတ်ကူးတဲ့အခါကျတော့လည်း ဘယ်ကစလဲဆိုရင် အောင်လွင်ကြီးပြောရင် ဝင်းဦးက ရပါတယ်ကွာ ဆိုပြီးတော့ အပေါင်းလက္ခဏာက စခဲ့တာပါပဲ။

ဒီမှုံရွှေရည်ကိုလည်း ဦးဝင်းဦးအနေနဲ့ ဇာတ်တစ်ခုအနေနဲ့ ရွေးထားတာကြာပြီ။ သူက ဘယ်လိုဖြစ်လဲဆိုတော့ ကျွန်တော်တို့နဲ့ အတူတူ သွားသွားလာလာနေတဲ့အခါမှာ သူ့ကိုယ်သူ ဇာတ်လမ်းပြောသလိုလို၊ ကိုယ်တွေကို ပြောသလိုလို သူပြောတတ်တယ်။ တစ်ခါတလေ မေးရတယ်၊ ခင်ဗျားဘာသာ ခင်ဗျားပြောနေတာလား၊ ကျုပ်ကို ပြောနေတာလားပေါ့။ အဲဒီလိုမေးရတာပေါ့နော်။ အဲဒီလို မွေးထားတဲ့ဇာတ်လေးရှိတယ်။ အပေါင်းလက္ခဏာကို ဒါကိုရိုက်ပေးမယ်ဆိုပြီးတော့ မှုံရွှေရည်ဆိုတာ ဇာတ်လမ်းစခဲ့တာပဲ ဖြစ်ပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ဟုတ်ကဲ့ပါ။ ကျွန်မသတိထားမိတာတော့ အနုပညာသည် မှတ်တမ်းဆိုတဲ့ အယ်လ်ဘမ်လေး တစ်ခုကို လှန်လိုက်တာနဲ့ အနုပညာသည်မှတ်တမ်းဆိုတဲ့ အယ်လ်ဘမ်လေးကို ပြန်ပိတ်လိုက်တာနဲ့ ဆုံးသွားတာပေါ့နော်။ ဂီတလုလင်ဦးကိုကိုတို့၊ ဗိုလ်ကလေးတင့်အောင်တို့ဆိုတာ အင်မတန်မှ၊ အလွန်တရာမှ၊ ကျွန်မတို့ရဲ့ အနုပညာလောကမှာ၊ ဂီတလောကမှာ အားကိုးရတဲ့ဂန္ထဝင်ဆရာတွေ ဖြစ်ပါတယ်။ သူတို့ရဲ့သီချင်းတွေက ဇာတ်ကားတွေရဲ့ နိမိတ်ပုံကို ပြတယ်လို့ ပြောတာကို ကြားဖူးတယ်ပေါ့။ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ ပြောပြပေးပါဦး ပါပါး။

**အကယ်ဒမီ အောင်လွင်**

ပထမတစ်ခုပြောချင်တာကတော့ မှုံရွှေရည်ဆိုတဲ့ သီချင်းက နှစ်ပုဒ်ရှိတယ်။ ပထမ ဒဂုံတင်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရေးတာ ရှိပါတယ်။ သူကတော့ မှုန်ရွှေရည် ခိုင်မာလာနှင်းဆီ မိုင်ဒါလင် ဆွိတီ ဘာညာနဲ့ စာသားမတူပါဘူး။ သူကတော့ မဟာထိုး တစ်ချောင်းငင် နသတ်နဲ့ မှုန်ထားတယ်။ သေးသေးတင်နဲ့ မှုံတာကတော့ ဂီတလုလင်ဦးကိုကိုက ရေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ဆရာ ဗိုလ်ကလေးတင့်အောင်ကို မေးကြည့်တဲ့အခါကျတော့ ဒီနေ့ ဂန္ထဝင်သီချင်းထဲမှာ ပါသွားပြီ။ မျက်ဝန်းလဲ့ပြာပြာဆိုတဲ့သီချင်းဟာ မေးကြည့်တော့ အစ်ကိုလေး ဒီသီချင်းကို ဘာဖြစ်လို့ ဒီလိုရေးတာလဲဆိုတော့ ဒီကောင်ငါ့ကို အဲဒီလို လာပြောတယ်ကွ၊

*စာမျက်နှာ ၂၅ သို့*



“မှုံရွှေရည်” ဇာတ်ဝင်ခန်းတစ်ခန်း။

*စာမျက်နှာ ၂၄ မှ*

သူ့ရဲ့ ဇာတ်အနေအထား၊ သူက မင်းသမီးကို ကြိုက်နေတယ်၊ မပြောရဲဘူး။ ဟိုကလည်း သူ့ကို ကြိုက်နေတယ်၊ ဟိုကလည်း မပြောရဲဘူး။ ဒါပေမယ့်လို့ ဒီသီချင်းနဲ့ ဖော်ချင်တယ်။ မြန်မာ့ရုပ်ရှင်ဟာ အများအားဖြင့် ဟိုးစဉ်တည်းကိုက တေးဂီတနဲ့ သရုပ်ဖော်တာများတယ်။ ချစ်တယ်၊ မုန်းတယ်၊ ဝမ်းနည်းတယ်၊ လွမ်းတယ်၊ ဆွေးတယ် စသည်အားဖြင့် ဖော်တာများတော့ ဒီဇာတ်ကို မျက်ဝန်းလဲ့ပြာပြာနဲ့ ဖော်တယ်။ ဖော်တဲ့အခါမှာလည်း တစ်ယောက်က ဇာတ်ဆရာ၊ သူ့ကို အချိန်မရွေးပြောလို့ရတယ်၊ မပြောရဲဘူး။ တစ်ယောက်ကလည်း ကိုယ့်ထက် အကြီး ဖြစ်နေတယ်၊ ဇာတ်ဆရာဖြစ်နေတယ်၊ ကျွန်မရှင့်ကိုကြိုက်တယ်လို့ မပြောရဲဘူး။ အဲဒီ မျက်ဝန်းလဲ့ပြာပြာ သီချင်းလေးက ဆရာဗိုလ်ကလေးတင့်အောင် ရေးခဲ့တယ်။ ဒီသီချင်းဟာ ပရိသတ်ခေါင်းထဲမှာ စွဲသွားတဲ့အချိန်မှာ ဒီတစ်ယောက်နဲ့ ဒီတစ်ယောက်နဲ့ဟာ ကြိုက်နေမှန်းသိပြီးတော့ အုံ့ပုန်းဖြစ်နေတယ်ဆိုတဲ့ Character လေးကို ဖော်ထားတာ တွေ့ရပါတယ်။

ဒီမှုံရွှေရည်ဇာတ်ကားဟာ ရုပ်ရှင်သာပြောတယ်။ ဇာတ်သဘင်နဲ့ ပြဇာတ်နဲ့ နွှယ်တဲ့ ရုပ်ရှင် ဖြစ်နေတဲ့အတွက် ဦးကိုကိုအတွက် အပြီးအပိုင် သူလုပ်ချင်သလို လုပ်လို့ရတဲ့ အခွင့်အရေးကြီး တစ်ခုရသွားတယ်လို့ မြင်တယ်။ နောက်တစ်ခါ ဒီကားထဲမှာ အဓိက မြင့်သူလို့ခေါ်တဲ့ တီးဝိုင်းဆရာအတွက် ပြဿနာဖြစ်မယ့် သားနဲ့ သမီးကလည်း ဦးကိုကိုရဲ့ သားနဲ့သမီး ထည့်ထားတဲ့အတွက် သူက ကလေးတွေအတွက်ပါ သူက အားရှိပြီးတော့ ဂီတကို အမျိုးစုံဖန်တီးပါတယ်။ ဆရာဦးကိုကို အကြောင်းပြောမယ်ဆိုရင် တေးသရုပ်ဖော်တီးတဲ့နေရာမှာ သူ့ကို ဘယ်သူမှ မမီဘူး။ ဒီကားထဲမှာလည်း ဦးဝင်းဦးက ဇာတ်ကို အသေလုပ်တာ။ သူက ဂီတကို အသေလုပ်တာ။ ကျွန်တော်က ကားဆက်တာကို ဒုက္ခခံတယ်။ အဲဒီတော့ ကားပိုင်းက ပေါင်းလိုက်တဲ့အခါမှာ ၂၆ ပိုင်းတိတိ ရှိတယ်။ မှတ်မှတ်ရရပေ့ါနော်။ ညလုံးပေါက် ကျွန်တော်တို့ ဒီဇာတ်ကြီးကို ဆင်ဆာကြည့်ဖို့ အဲဒီတုန်းက လေတပ်က ဗိုလ်ချုပ်သောင်းဒန် ရှိသေးတယ်။ လူကြီးတွေပါ လာကြည့်တာ။ ည ၁ နာရီအထိ ကြည့်နေတုန်း။ ကားကူးတာဆေးတာ မပြီးသေးဘူး။ ဖြုတ်ပြီးတော့ ယူသွားပြီး ပြရတဲ့ ဘဝကို ရောက်တယ်။ အဲဒီကနေမှ ၁၂ ပိုင်း၊ ၁၃ ပိုင်း ကျန်အောင် ကျွန်တော်တို့ လုပ်ခဲ့ရတယ်။ ဂီတ လုလင်သည် ဥပမာ ရွှေနွယ်ရိုးဆိုတဲ့သီချင်းကို ဂီတသမားပဲ သိပါတယ်။ အဲဒီလို သီချင်းမျိုးကိုလည်း သူက ကောင်မလေး ခိုးရာလိုက်တဲ့နေရာမှာ ပြန်တီးထားတယ်။ သီချင်းကိုလည်း သူက ပုံစံအမျိုးမျိုးနဲ့ တီးတယ်။ ဒီဇာတ်ကားမှာ ပေါ်ပေါက်မယ့်အကြောင်းအရာတွေမှာ သုံးစွဲမယ့်ဂီတတွေကို အဖွဲ့ အဖွဲ့လေးတွေ Pice by Pice ထည့်ပြီးတော့ ပြန်ကစားတာပါ။ အဲဒီတော့ မှုံရွှေရည်ကို ပြန်ကြည့် မယ်ဆိုလို့ရှိရင် မှုံရွှေရည်ဆိုတဲ့ သီချင်းတစ်ပုဒ်တည်းကို အတီးမျိုးစုံနဲ့ လက်ဆော့ထားတာ တွေ့ရပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

Version အမျိုးမျိုးပေ့ါ။ အဲဒီ Version အမျိုးမျိုးကလည်း အဲဒီအခန်းတွေက Theme နဲ့ လိုက်ပါတယ်။ အဲဒီလိုမျိုး တီထွင်မှုကို ကျွန်မ ဘာလင်မှာ ဂျိမ်းစ်ဘွန်းရဲ့ Score ကိုလေ တီထွင်ခဲ့တဲ့ ဆရာကြီးရဲ့ အင်တာဗျူးဟောပြောပွဲကို ကျွန်မသွားခဲ့ပါတယ်။ သွားတုန်းက ကြည့်ရင်း ကြည့်ရင်းနဲ့ ဒီကားကို ပြန်သတိရသွားတယ်။ ဒီအချိန်တုန်းကသာ ဂီတဆိုတာကို အကယ်ဒမီပေးခဲ့မယ်ဆိုရင် ဒီကားက ရမှာပဲလို့။ ဘာလို့လဲဆိုတော့ ဦးကိုကိုရဲ့ အချိန်ကို ရောက်လာတဲ့အချိန်မှာ ဒီမှုံရွှေရည်ကနေ စပြီးတော့မှ နောက်ခံတေးဂီတတီးတဲ့ Wave တစ်ခု ပြောင်းသွားတယ်။ အချိုးအကွေ့တစ်ခုကို ရောက်သွားတယ်။ Theme Song ကိုလည်း Theme Score ကိုလည်း ဂရုပြုရမယ်ဆိုတဲ့ဟာကိုလည်း တွေ့လိုက်ရတယ်။ ကျွန်မစိတ်ထဲမှာ အော်ပရာကြီးဆိုတာ မြန်မာပြည်မှာလေ မြို့မတို့ ဘာတို့လည်း စိတ်ကူးယဉ်ခဲ့ဖူးတာပေ့ါ။ ဒီမှုံရွှေရည်ထဲမှာတော့ အော်ပရာကြီးတစ်ခုပါတာပေ့ါ။ နိမိတ်ပုံလေးနဲ့ပြထားတာ။ အဲဒီအကြောင်းလေး ပြောပြပါဦး။

**အကယ်ဒမီ အောင်လွင်**

ဒီဇာတ်ကားမှာ သူဖြစ်စေချင်နေတဲ့ သူ့စိတ်ထဲမှာ ခံစားနေရတဲ့ အကြောင်းအရာကို အော်ပရာလုပ်ပြီး ကချင်တယ်။ ပရိသတ်ကိုလည်း ပြမယ်။ သူ့ရဲ့ဇနီးဖြစ်နေပြီဖြစ်တဲ့ မှုံကို သံသယ ရှိနေတယ်။ အဲဒီအတွက်ကို သူက ဘာလုပ်မလဲ။ ဒီအတွက်က ရိုးရိုးမဟုတ်ဘူး။ ပထမဆုံး မှုံရွှေရည်စဖွင့်လိုက်တဲ့အချိန်မှာ သိကြားမင်းလုပ်မယ့် ကျွန်တော်တို့ပြဇာတ်မင်းသား အသံကောင်းတဲ့ ခင်မောင်မြင့်ပျောက်နေတယ်။ အိမ်သာထဲမယ် အရက်သွားသောက်နေတယ်။ နောက်တစ်ခါကျတော့ သိကြားမင်း လုပ်တော့ နတ်ပြည်ရှစ်ထပ်လို့ ပြောတယ်။ ခင်ဗျားကို ဘယ်သူပြောလဲဆိုတော့ ဇာတ်ဆရာရဲ့ ဩဇာလွှမ်းမိုးမှုကို ပြန်ပြတယ်။ ဒီအော်ပရာမှာ သူဘယ်လိုသုံးမလဲ။ ဒီသိကြားမင်းကို သိကြားမင်းမှာ ဘဝဟောင်းက သားတစ်ယောက်ရှိတယ်။ ဣလိသပေ့ါ။ ဣလိသဟာ



သရုပ်ဆောင် စန္ဒာလင်း

အရက်မူးပြီးတော့ ဆိုးပေနေတယ်။ အလှူအတန်းမရှိဘူး။ အဲဒီတော့ သူ့သားယောင်ဆောင်ပြီးတော့ ကိုယ်ပွားစိတ်တူတစ်ယောက်ကို လွှတ်လိုက်တယ်။ ဒီပြဇာတ်ကို ကမယ် ကျွန်တော်တို့ ဆရာဦးဖိုးပါကြီး စပြောတဲ့အချိန်မှာ မယားကတစ်ယောက် လင်ကနှစ်ယောက်ဆိုတဲ့ စကားကို ပြောတယ်။ နိမိတ်ပေးခဲ့တာပေ့ါနော်။ နိမိတ်ပေးတာ အရမ်းမိုက်တယ်။ သိပ်စိတ်ကူးကောင်းတယ်။ အဲဒါအပြင်ကို အော်ပရာမှာ ဝိုင်းထဲက တီးဝိုင်းဆရာကလည်း ဝင်ပြောလို့ရတယ်။ အဲဒီမှာ မောင်မောင်က ဣလိသလုပ်တဲ့သူက ဒွိစိတ္တလုပ်တဲ့ ခင်သန်းနုဆီကိုလာတယ်။ လာတဲ့အချိန်မှာ အရက်မူးပြီးတော့ စံမတူတို့၊ ရွှေရိုးတို့နဲ့ ပြန်လာတယ်။ အဲဒီအချိန်မှာ နှစ်ကိုယ်ခွဲ လုပ်ထားတော့ တခြားတစ်ယောက်နဲ့ အလှူအတန်းတွေလုပ်နေတော့ သူက ပြဿနာဖြစ်တယ်။



မှုံရွှေရည် ဇာတ်ဝင်ခန်းတစ်ခန်း

အဲဒီအချိန်မှာ သူက အောက်ကနေ ဘာတီးလဲဆိုတော့ မောင့်အပြင် နောက်လင်ထားပါလို့ နောက်မှ ပေါ်တဲ့ရွှေကြာ ပစ်သွားတဲ့အခါကျ ကိုယ့်မှာ သေဖို့ပဲရှိတယ်လို့ သူက နိမိတ်ပြပြောခဲ့တယ်။ ပြဇာတ်စင်ပေါ်မှာ လုပ်လို့မရတဲ့ နှစ်ကိုယ်ခွဲကို ဦးဝင်းဦးက လူလည်ကျပြီးတော့ ရုပ်ရှင်နဲ့ ညာချသွားတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ဒီဇာတ်လမ်းလေးကို ကြည့်လိုက်တဲ့အခါကျတော့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကို ရိုက်တဲ့နေရာမှာ ဦးဝင်းဦးရဲ့တန်ဖိုးထားမှု၊ လူ့ဘဝကြီးမှာ တန်ဖိုးထားမှု အနုပညာသည်ဆိုတာ သူ့ရဲ့ Personal Life နဲ့ သူ့ပုဂ္ဂလိက ခံစားချက်နဲ့ သူ့ရဲ့ Professional Pride ပေ့ါ။ အဲဒါနဲ့ ယှဉ်တွဲထားတာ တွေ့ရတယ်။ အဲဒီတော့ အဲဒီနေရာမှာ ပါပါးက Endergonic ဆိုတဲ့ နေရာကနေ ပါရတာပေ့ါနော်။ ပါပါးက ချောလည်းချောတယ်၊ ဆံပင်လေးကလည်း ကောက်ကောက်ကလေးနဲ့ စစ်ဗိုလ်ကြီး၊ အလွန်တရာမှ Smart ဖြစ်တယ်။ နောက်ပြီးတော့ သဘောထားလည်း တအားကြီးတယ်ဆိုတဲ့ ဟာကို ပေါ်တယ်ပေ့ါ။ အဲဒီ Character ကို သရုပ်ဆောင်ဖို့အတွက် ပါပါး ဘယ်လိုပြင်ဆင်ခဲ့သလဲ ဆိုတာလည်းပဲ ကျွန်မသိချင်ပါတယ်။

**အကယ်ဒမီ အောင်လွင်**

အဲဒါကတော့ ခုနပြောသလိုပေ့ါ။ ဦးဝင်းဦးနဲ့သွားရင်းကနေ သူကပြောတယ်။ မင်းက ဘာလုပ်ပါ၊ ငါက ဘာလုပ်မယ်။ အဲဒီလိုပြောရင်းကနေပြီးတော့ Inspiration ရတယ်ဆိုပါတော့။ နောက်အမှတ်တရပြောမယ်ဆိုလို့ ရှိရင် ဗိုလ်မှူးလှအုန်းတို့ ဘာတို့ကလည်း ယူနီဖောင်းတွေ ဘာတွေ ဖြည့်ပေးတာပေ့ါ။ နောက်တစ်ခုက ဘာလုပ်ရလဲဆိုတော့ ကျွန်တော့်ရဲ့ ဆံပင်က အရမ်းကောက်တယ်။ အရမ်းကောက်ကွေးပြီးတော့ Wave တွေများတယ်။ အဲဒီတော့ Gentelman ရုပ်မထွက်ဘူး။ အဲဒါလည်း ရုပ်ရှင်ရူးမလေးထဲမှာ ထည့်ပြောဖူးပါတယ်။ Gentelman မဖြစ်တဲ့ အခါကျတော့ ကိုယ့်ဟာကိုယ် Spray တွေ ဖျန်းပြီးတော့ တည်တည်တံ့တံ့နေတဲ့ စစ်ဗိုလ်လေးတစ်ယောက် ရုပ်ဖြစ်အောင် ကိုယ့်ကိုယ်ကိုယ်ဖန်တီးရတာပေ့ါနော်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

မမနုရဲ့ Character ဆိုရင် သိပ်ကို Feminist ဖြစ်တာပဲ။ အမျိုးသမီးပီသတဲ့ Secondary Human Being ဒုတိယ အမျိုးအစားအနေနဲ့ နေတယ်။ မြန်မာအမျိုးသမီးတစ်ယောက်ရဲ့ တန်ဖိုးထားမှုပုံစံလေးကို တွေ့ရပါတယ်။ ပါပါးအနေနဲ့ နောက်ဆုံးခန်းကိုပေ့ါနော်။ ရိုက်တဲ့နေရာမှာ သိပ်ကိုကောင်းတာ တွေ့ရပါတယ်။ အဲဒီတော့ နောက်ဆုံးခန်းလေးမှာရှိတဲ့ တစ်ယောက်နဲ့တစ်ယောက် လွန်ဆွဲတဲ့အခန်းကလေးကို ပြောပြပါဦး။

**အကယ်ဒမီ အောင်လွင်**

ဦးဝင်းဦးသည် အရက်သမားဖြစ်နေပြီ။ သံသယတွေများပြီးတော့ အရက်သမားဖြစ်နေပြီ။ သူက ဒါပြီးရင် သေရတော့မယ်။ အဲဒီအခါကျတော့ သူကတွဲရမှာ အဲဒီအချိန် အဲဒီကာလမှာ ရက်ကျပ်တဲ့ မင်းသမီး ခင်သန်းနုနဲ့ တွဲရမှာ။ သူရတုန်းပြီးအောင်ရိုက်ရမှာ။ အဲဒီတော့ သူဘာလုပ်လဲဆိုတော့ အရက်တွေဖိသောက်တယ်။ ထမင်းမစားဘူးနေတယ်။ ဝမ်းတွေပျက်တယ်။ မျက်တွင်းတွေကျတယ်။ အဲဒီအတိုင်းနေတယ်။ နေတော့ အခုပြန်ကြည့်ပါ ဇာတ်သိမ်းခန်းကို အကုန်စုတ်ပြတ်နေတာ။ သူက မျက်တွင်းတွေကျပြီးတော့ သေခါနီးကို အလိုလို သိနေတယ်။ အဲဒီအတွက်ကို ရိုက်တယ်။ အဲဒီလိုဇာတ်သိမ်းကို ရိုက်တယ်။ သူ့ရဲ့လူလည်ကျတာကို ပြောပြချင်တာ ရှိတယ်။ ဘာလဲဆိုတော့ အဲဒီကာလမှာ သူက သူသန့်သန့်ရှင်းရှင်း ကောင်းကောင်းမွန်မွန်နေတဲ့ ရုပ်တွေကို မရိုက်ဘူး။ ဖယ်ထားခဲ့တယ်၊ ချန်ထားခဲ့တယ်။ သေတဲ့အခန်းကို အရင်ရိုက်တယ်။ ပြီးသွားပြီ။ အဲဒီကာလ ကျမှ သူ့ကိုယ်သူ စားသောက်ဝဖြိုးပြီးတော့မှ ငါ့အဲဒီအခန်းတွေ ပြန်ရိုက်မယ်ဆိုပြီးတော့မှ အဲဒီအခန်းတွေ အဲဒီ Close up တွေ ပြန်ထည့်တာ။ အဲဒီတော့ ကားဆက်က မပြီးဘူး။ ရန်ဖြစ်ကြတယ်။ ဒါတွေ မပြီးသေးဘူးလား။ ဟာ ဟိုအရုပ်တွေ မရသေးဘူးလေ။ မရသေးရင် ကျော်ဆက်ထားလို့ မရဘူးလား။ ကျွန်တော် ကားဆက်သမား Editing Continuity ရှိတယ်။ ဒေါ်ဆွေဇင်ထိုက် ဘာနဲ့ကျမလဲ၊ အဲဒီအပေါ်မှာ ဘာနဲ့အရုပ်တွဲရမလဲဆိုတာ Continuity ရှိတယ်။ အဲဒီတော့ ခင်ဗျားဘာသာ ဖယ်ထားပေမယ့် ကျွန်တော်ဆက်လို့မရဘူး။ ရတယ်ကွ၊ ခုချက်ချင်း ရချင်ရင် ရတယ်ဆိုပြီးတော့ ချက်ချင်းလှမ်းပြီးဆင်ပြီးတော့ သူ့ Close up တွေရိုက်ပြီး လာပေးတယ်။ အဲဒီလို ဒုက္ခတွေ ရောက်ခဲ့တယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ဒါ သင်ခန်းစာယူစရာပဲ။ ကျွန်မ ဒီလိုမျိုး Character ထဲမှာနေတဲ့ သရုပ်ဆောင် နောက်တစ်ဦးကိုလည်း တွေ့ဖူးပါတယ်။ ဦးကျော်ဟိန်းပေ့ါနော်။ သူဆိုလည်း ဒီလိုပဲ။ သူတို့ရဲ့ တီထွင်မှုနဲ့ တွေးခေါ်မှုလို့ပဲ ပြောရမှာဖြစ်ပါတယ်။ ပါပါးအနေနဲ့ အဲဒီကားကို ရိုက်တဲ့အခါမှာ နောက်ဆုံး ဇာတ်သိမ်းခန်းလေးမှာ ဆွယ်တာအဖြူလေး ဝတ်ထားတယ်။ အဲဒီ ဆွယ်တာအဖြူလေးကိုလည်း မမနုက ဆွယ်တာလေးထိုးပြီးတော့ စကားပြောတာကိုလည်း ရိုက်ထားတာ ပါတယ်ပေ့ါ။ အဲဒီတော့ အဲဒီအချိန်တုန်းက ရုပ်ရှင်ရိုက်ကူးမှုရဲ့ စီစဉ် တဲ့ နေရာမှာ Plot လို့ ခေါ်တဲ့ ဇာတ်ဝင်ပစ္စည်းတွေ၊ ဇာတ်ဝင် Continuity တွေကို သိပ်ကိုဂရုစိုက် သတိထားကြတာ တွေ့တယ်ပေ့ါနော်။ အဲ့ဒီဆွယ်တာလေး အကြောင်းကိုလည်း နောက်ဆုံးဇာတ်သိမ်းပိုင်းမှာ ပြောပြသွားတယ်နော်။ ဦးဝင်းဦးရဲ့ ဒီဇာတ်သိမ်းပိုင်းမှာ ပြောသွားတာတွေဟာ လူ့ဘဝရဲ့ Definition တွေကို အများကြီး ပြောသွားတယ်။ အနုပညာသည်ဆိုတာ အနုပညာသည်တစ်ဦးအနေနဲ့ ဆိုတာလည်းပါတယ်။ နောက် Generation ကိုလည်း ပြောပြသွားတယ်။ သူတို့ စန္ဒရားတီးတယ်။ သားကလေးက တီးတယ်။ အငြိမ့်မင်းသမီး အမေကနေပြီးတော့ သမီးလေးကနေ အငြိမ့်ကတယ်ဆိုတဲ့ဟာကို ပြောသွားတဲ့အခါမှာ ကျွန်မလေ ဒီရုပ်ရှင်ကို ကြည့်လိုက်တဲ့အခါမှာ မြန်မာ့အနုပညာဆိုတာဟာ မျိုးဆက်တစ်ဆက်ကနေ တစ်ဆက်ပေ့ါနော်။ သယ်ရတယ်လို့လည်းပဲ မြင်ပါတယ်။

**အကယ်ဒမီ အောင်လွင်**

သူပြောတဲ့စကားမှာ အင်္ဂလိပ်လိုပြောရင် သိပ်လွယ်တယ်။ The Show Must Go On ။ ကောင်းပြီ မှုံရွှေရည်မှာ ဘယ်မှာလဲ ပဋိပက္ခ၊ မှုံရွှေရည်မှာ မှုံကိုလာ တစ်ဖက်သတ်ပိုးနေတဲ့ ဗိုလ်ကြီးရဲ့အောင်လည်း မဟုတ်ဘူး။ ဘာလဲ Inner Conflict။ Suspiciousness is the cancer of Mind။ သံသယသည် စိတ်ရဲ့ကင်ဆာ ဖြစ်တယ်။ သံသယပျောက် မသွားဘူး။ ကြီးကြီး ကြီးကြီးလာတယ်။ သံသယ သံသရာ မဆုံးဘူး။ အဲဒီရဲ့ မှုံရွှေရည်ဇာတ်သိမ်းသည် ဒီသံသယကြောင့် လူဒုက္ခ ရောက်ရပါတယ်။ ဒါကိုလည်း လှလှပပ တင်ဆက်သွားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

အမေကဆိုခဲ့တဲ့ သီချင်းကိုပဲ သမီးကလေးက ဆိုတယ်။ ဆိုပြီးတော့ အမေကသွားတဲ့ ကကွက်တွေ အတိုင်းပဲသမီး လေးကကတာကိုကျွန်မတွေ့လိုက်ရတယ်။ အဲဒီအကြောင်းလေးကို ပြောပြပါဦး။ အကဆရာတွေနဲ့ ဘယ်လို ပြင်ဆင်ခဲ့ရလဲဆိုတာ။

**သရုပ်ဆောင် စန္ဒာလင်း**

ဟုတ်ကဲ့ အကဆရာမကြီးတွေကတော့ ရန်ကုန် ပန်တျာကျောင်းက ဆရာမကြီးဒေါ်ခင်ညွှန့်နဲ့ ဆရာမ ဒေါ်ဝင်းတင်တို့က သင်ပေးတာပါ။ အဲဒီဆရာမကြီးတွေကို ရိုက်ကွင်းထဲကို တစ်ခါတလေကျရင် ဖိတ်ပြီးတော့ သင်ခိုင်းပါတယ်။ တစ်ခါတလေကျရင်လည်း ရိုက်မယ့်နေ့ မတိုင်မီ ကြိုပြီးတော့ သွားသင်ရတာတွေလည်း ရှိပါတယ်။ အကကွက်တွေ တူအောင်ဆိုတာလည်း အဲဒီလိုပဲ။ အန်တီက ထဘီလေးဆွဲပြီးတော့ ကတဲ့အခန်းမျိုးဆိုလည်း ကိုယ့်ကို အဲဒီလိုမျိုး သင်ပေးတယ်။ နောက်အဲဒီမှာ ထူးခြားတာ အဲဒီမှာ ကကွက်စလိုက်တာ ပဝါကို ဒူးခေါင်းလေးထိချလိုက်ပြီးတော့ တံခါက်ကွေး နားလေးကိုလေ အဲဒီလိုမျိုး ဆွဲချတယ်ဆိုတာ သားအမိနှစ်ယောက်ပုံစံ တူအောင်ပေ့ါနော်။ ဒီအကွက်ကို ရအောင်လုပ်ပေးပါ ဆိုပြီးတော့ အဲဒီလိုမျိုး သင်ပေးတာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်**

အဲဒီတုန်းက ကသွားတဲ့ကကွက်တွေဟာ အခုထိ ကျွန်မတို့ရဲ့ သကြ်ၤန်မဏ္ဍပ်တွေပေါ်မှာ တွေ့နေရတုန်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီတီထွင်မှုကလည်းပဲ ဂုဏ်ပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ဒီကားဟာ ကျွန်မတို့ရဲ့ သကြ်ၤန်တိုင်းမှာပဲ အမှတ်တရအနေနဲ့ ပြရတဲ့ ဂန္ထဝင်မြောက်ကားဖြစ်တယ်။ ဒီကားမှာ ပါဝင်ခဲ့တဲ့ မစန္ဒာနဲ့ စကားအခုလိုပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ရှင့်။

**သရုပ်ဆောင် စန္ဒာလင်း**

ဟုတ်ကဲ့ ကျွန်မကလည်း အခုလို တကူးတကကြီး ဒီကိုလှမ်းမေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**အကယ်ဒမီ အောင်လွင်**

၁၉၉၆ ခုနှစ် (၄၆) ကြိမ်မြောက် ဘာလင်ရုပ်ရှင်ပွဲတော်ကို ကျွန်တော်ကိုယ်တိုင် တက်ရောက်ခဲ့ပါတယ်။ အဲဒါကို ပြောချင်တာထက် ဒေါ်ဆွေဇင်ထိုက်သိပါတယ်။ မြဂနိုင်သည် ဖလင်ကနေ တိုက်ရိုက် Digitize လုပ်ပြီးပြီ။ ကျွန်တော်တို့ ပြန်ရောက်လာပြီ။ နိုင်ငံခြားမှာ ရောက်နေတဲ့ မှုံရွှေရည်လည်း Digitize လုပ်ပြီး မြန်မာပြည်ကို ပြန်ရောက်ခဲ့တဲ့အတွက် ကျွန်တော့်ရဲ့ အပင်ပန်းခံမှုကို ကျွန်တော်ဝမ်းသာပါတယ်။

*စာမျက်နှာ ၂၇ သို့*

# Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာအခမဲ့ ပြသလျက်ရှိ

နေပြည်တော် မေ ၁၂

ABC Content Solution Co.,Ltd (Mahar Mobile Application) မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာအခမဲ့ ပြသလျက်ရှိသည်။

ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများနေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ် မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာအခမဲ့ ပြသနေသည်။ အဆိုပါ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများကို မေ ၃၀ ရက် အထိ တစ်လတာကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို ယင်းကုမ္ပဏီက လှူဒါန်းပေးဝေလျက်ရှိရာ Mahar Mobile App - Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ကြည့်ရှုနိုင်သည်။ ပြသလျက်ရှိသည့် ရုပ်ရှင်ဇာတ်ကားများအနက် အချို့မှာ -



ရည်းစားလာ ဂါထာရွတ်တဲ့ လိပ်ပြာ
ဇေရဲထက်၊ ပက်ထရစ်ရှာ



မုရင်းမှားတဲ့ မိတ္တူ
လူမင်း၊ ရန်ကျော်၊ နေဆန်း၊ စိုးရန်အောင်၊ နန်းဆုဦး



ကျွန်တော်နှင့် ဆွေတော်မျိုးတော်များ
နေဒွေး၊ ဝင့်ယမုံလှိုင်



သည်းခြေကြိုက်
ကောင်းပြည့်၊ ယမင်းမေဦး



ကမ္ဘာကြီးနှစ်ခြမ်းကွဲစေဦးတော့
နေထူးနိုင်၊ ဖူးစုံ၊ ဆုမြတ်နိုးဦး၊



ကတုံးက ဖုံးကြမှာ
အောင်ရဲလင်း၊ ပိုင်ဖြိုးသု



ကျော်ဇေယျာထွန်း မလွဲဘူး
အောင်ရဲလင်း၊ ပိုင်ဖြိုးသု၊ ယွန်းရွှေရည်



သုံးနာရီ စတုဂံ(ပီတိ)
ပြေတီဦး၊ အိချောပို၊ ဖူးပွင့်သခင်



နောင်ဂျိန်(ပီတိ)
လူမင်း၊ ပက်ထရစ်ရှာ၊ ဘေဘီမောင်



နှင်းဆီပိုင်
လွင်မိုး၊ တင့်တင့်ထွန်း



အစိမ်းရင့်ရင့်လမင်း
နိုင်းနိုင်း၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်



ချစ် ချစ် ချစ်
ရဲအောင်၊ ခင်သန်းနု၊ မေသန်းနု၊ စိုးမြတ်သူဇာ



ပင်လယ်ကို ဖြတ်၍
နိုင်းနိုင်း၊ ရန်အောင်၊ အိန္ဒြာကျော်ဇင်



ပြဒါးမဲ့ မှန်
နိုင်းနိုင်း၊ နန္ဒာလှိုင်



ပုဂံပြည်မှ ပန်းနှံ့သာ
နိုင်းနိုင်း၊ နန္ဒာလှိုင်

# မြန်မာ့ရိုးရာ ကြေးဇွန်းခတ်လုပ်ငန်း

**မောင်သောင်း(မြို့ပြ)**

တစ်ချိန်က တစ်ရွာလုံး နေ့မီး၊ ညမီး ဆက်ပြီးလုပ်ခဲ့ရသော လုပ်ငန်း၊

တူခတ်သံတတောက်တောက် မပြတ်ကြားနေရသောလုပ်ငန်း၊

ထွက်ရှိသမျှ မြန်မာပြည်အရပ်ရပ်သို့ တင်ပို့ရသောလုပ်ငန်း၊

အိမ်ရှိလူကုန် မနားမနေ ဝိုင်းဝန်းလုပ်ကိုင်ရသောလုပ်ငန်း၊

ယခုအချိန်မှာတော့ တစ်ရွာလုံးတွင် ကြေးဇွန်းခတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးတည်းသာ ရှိတော့သည့်လုပ်ငန်း၊



မြန်မာ့ရိုးရာကြေးဇွန်းများကိုတွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မင်းလမ်း(မြောက်)ရွာတွင် မြန်မာ့ရိုးရာ ကြေးဇွန်းခတ်လုပ်ငန်းကို လုပ်ကိုင်ပါသည်။ ရှေးမြန်မာမင်းများလက်ထက်ကပင် စတင်လုပ်ကိုင်ခဲ့သည်ဟု ဆိုပါသည်။ အင်္ဂလိပ်အုပ်စိုးစဉ်ကလည်း ချစ်တီးများက ရိုးတံအရှည်၊ ခွက်နက်သော ဇွန်းပုံစံပေး၍ ပြုလုပ်စေကာ အိန္ဒိယသို့တင်ပို့ခဲ့သည်ဟု ဆိုပါသည်။

**ပျောက်ကွယ်လုနီးပါးဖြစ်နေ**

ယခင်က အသေးဆုံး ဆေးဇွန်း(ဆေးကော်သည့်ဇွန်း)မှ အကြီးဆုံး လိုက် ဇွန်း(ဟင်းများထည့်ပေးသည့် ဇွန်း) အထိ ပြုလုပ်ခဲ့ရသည်ဟု သိရသည်။ ယခုအခါမှာ အသေးဆုံး လက်ဖက်စားဇွန်း၊ အကြီးဆုံး ဟင်းခပ်ဇွန်းသာ ထုတ်လုပ်ပါသည်။ ယခင်က အိမ်တိုင်းတွင် မရှိမဖြစ် အသုံးပြုခဲ့ကြသော ကြေးဇွန်းသည် စတီးဇွန်းများ၏ ဝါးမျိုခြင်းကိုခံခဲ့ရကာ ပျောက်ကွယ်လုနီးပါးဖြစ်နေပါပြီ။ နောက်ဆုံးခံတပ်အနေဖြင့် မန္တလေးစာသင်တိုက်များမှ သံဃာတော်များ အသုံးပြုနေဆဲဟု သိရသည်။ စာသင်တိုက်များမှတစ်ဆင့် ကျေးရွာဘုန်းတော်ကြီးကျောင်းများသို့လည်း ပျံ့နှံ့ရောက်ရှိသွားပါသည်။ ကြေး(ကြီး)ဇွန်းသုံးမှ ကြီးပွားမည်ဟု အယူရှိကြသော ရှေးရိုးစွဲမြန်မာများကလည်း ယခုထက်တိုင် သုံးစွဲလျက်ရှိသည်။ ထုတ်လုပ်ပြီး ကုန်ချောများကို မန္တလေးဘုရားကြီးစောင်းတန်းနှင့် ဈေးချို သို့တင်ပို့သည်။ ယခင်က ကြေးခက်ရင်းပြုလုပ်ခဲ့သော်လည်း လုပ်ရသည်မှာ လက်ဝင်ခြင်း၊ ဈေးကြီးမြင့်၍ အသုံးနည်းခြင်းတို့ကြောင့် ယခုအခါ မလုပ်ရတော့ဟုဆိုပါသည်။ အပ်ချုပ်စက်သမားသုံး ကော်ကပ်တံကိုတော့ ပြုလုပ်ပါသည်။

မင်းလမ်း(မြောက်)ရွာရှိ ဦးတင်မောင်ဆွေ-ဒေါ်နော်ကြည်တို့၏ မိသားစုလုပ်ငန်းဖြစ်ပါသည်။ မိသားစုလုပ်ငန်းဟုဆိုသော်လည်း သားများသည် လုပ်ငန်းကို စိတ်ဝင်စားမှုမရှိတော့ချေ။ ဝမ်းပူ၊ ကျောအေးသည့် လုပ်ငန်း၊ တစ်နေကုန် အညောင်းထိုင်ရခြင်းနှင့် မီးရောင်ကို မျက်စိဖြင့်တိုက်ရိုက် ကြည့်နေရခြင်းတို့ကြောင့် ဖြစ်ပါသည်။ တစ်နေကုန် ထိုင်ရသည့်အတွက် ထိုင်ခုံကို လေဝင်စေရန် ဝါးခြမ်းဖြင့်သာ ပြုလုပ်ထားသည်။

**ကြေးဇွန်းပြုလုပ်ရန် အသုံးပြုသောကြေး**

ကြေးဇွန်းပြုလုပ်ရန် အသုံးပြုသောကြေးမှာ ခတ်ကြေး(ကြေးကြွပ်)ကို အသုံးပြုသည်။ ကြေးညို ဟူ၍လည်း ခေါ်ပါသည်။ ခတ်ကြေးဖြင့် ပြုလုပ်ထားသည့် မောင်းအကွဲ၊ လင်းကွင်းအကွဲ၊ ကြေးရေဖလား၊ ကြေးဇွန်းအကျိုး တို့ကို ကုန်ကြမ်းအဖြစ် အသုံးပြုသည်။ ခတ်ကြေးကို တူဖြင့်ထုလျှင် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားသည်။ အသုံးပြုမည့် ကုန်ကြမ်းထဲတွင် ကြေးဝါ၊ မသန့်စင်သည့်ခဲ စသည်တို့ပါခဲ့လျှင် ဇွန်းခတ်ပုံစံဖော်၍မရဘဲ ပျက်စီးသွားသည်ဟု ဆိုပါသည်။

**ကြေးဇွန်းပြုလုပ်ရန် အဆင့်လေးဆင့်**

ပထမအဆင့်တွင် ကုန်ကြမ်းဖြစ်သည့် မောင်းကွဲ၊ လင်းကွင်းကွဲ၊ ကြေး ဖလားအကွဲ၊ ကြေးဇွန်းအကျိုးများကို ထုချေပြီး လိုအပ်သည့်အလေးချိန်အတိုင်း အတိအကျချိန်တွယ်သည်။ ထို့နောက် လုံအတွင်းသို့ထည့်၍ အရည်ကျိုရပါသည်။ ဇော်ဂျီလက်ထိုးဖိုကို အသုံးပြု၍ မီးသွေးမီးဖြင့် အရည်ကျိုပါသည်။ ဖားဖို၊ လျှပ်စစ်ဖိုသုံး၍ အဆင်မပြေဟု သိရပါသည်။

> “ကြေးဇွန်းပြုလုပ်ရန် အသုံးပြုသောကြေးမှာ ခတ်ကြေး (ကြေးကြွပ်) ကို အသုံးပြုသည်။ ကြေးညို ဟူ၍လည်း ခေါ်ပါသည်။ ခတ်ကြေးဖြင့် ပြုလုပ်ထားသည့် မောင်းအကွဲ၊ လင်းကွင်းအကွဲ၊ ကြေးရေဖလား၊ ကြေးဇွန်းအကျိုးတို့ကို ကုန်ကြမ်းအဖြစ် အသုံးပြုသည်။ ခတ်ကြေးကို တူဖြင့်ထုလျှင် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားသည်။ အသုံးပြုမည့် ကုန်ကြမ်းထဲတွင် ကြေးဝါ၊ မသန့်စင်သည့် ခဲ စသည်တို့ပါခဲ့လျှင် ဇွန်းခတ်ပုံစံဖော်၍မရဘဲ ပျက်စီးသွားသည်ဟု ဆိုပါသည်”

ကြေးများအားလုံး အရည်ပျော်သွားသည့်အခါ အုတ်ခဲပေါ်တွင်ပုံဖော်ထားသည့် ကြေးတောင့်ပုံစံထဲသို့ လောင်းထည့်သည်။ ကြေးရည်မလောင်းခင် ရေနံချေးအနည်းငယ်ကို ပုံစံထဲသို့ ထည့်ပေးရသည်။ သို့မှသာ ကြေးအရည်သည် ပုံစံထဲသို့ညီညာစွာပြန့်သွားပါမည်။ အေးသွားသည့်အခါ ပုံစံထဲမှထုတ်လိုက်လျှင် ကြေးတောင့်ကိုရရှိသည်။ ကြေးတောင့်ပြုလုပ်ရာတွင် တစ်ရက် လျှင် ၂၅၀ ခန့်ပြီးစီးပါသည်။

ဒုတိယအဆင့်အနေဖြင့် ရရှိလာသောကြေးတောင့်ကို မီးဖြင့်ထပ်မံ၍ အပူပေးရသည်။ မီးပေးရာတွင် မျက်စိအမြင်ဖြင့် လိုအပ်သလောက်သာ အတိအကျအပူပေးရသည်။ ကျွမ်းကျင်မှုရှိရန်လိုအပ်သည်။ သပြေသီးမှည့် အရောင်ရသည်အထိ အပူပေးရသည်ဟု ဆိုပါသည်။ မီးများလျှင် အရည်ပျော် သွားနိုင်ပြီး မီးနည်းလျှင် ဇွန်းခတ်ရာမှာ ပျက်စီး(ကွဲ၊ ကြေ)တတ်သည်။ လိုအပ်သလောက်သာ မီးပေးပြီး ပထမဆုံး ဇွန်းအမြီးကို လိုအပ်သလိုတူဖြင့်ထု၍ ပုံဖော်သည်။ ထို့နောက် ခေါင်းပိုင်းကို ပေပေါ်တင်၍ အပြားဖြစ်အောင် ခတ်ပြီး သစ်သားပုံစံခွက်ပေါ်တင်ကာ ကြေးတူဖြင့် ခတ်၍ အခွက်ပုံဖော်သည်။ အကယ်၍ မီးပေးနည်းခဲ့လျှင် နှုတ်ခမ်းသားများကွဲသွားနိုင်ပါသည်။ အခွက် ပုံစံဖော်ရာတွင် ကြေးတူ ထိပ်လုံးကို အသုံးပြုသည်။ ပုံကြမ်းကို ကြေးတူဖြင့် ခတ်ရာတွင် အလယ်ခွက်ကို အပါးညီစေ၍ ဘေးနှုတ်ခမ်းသားကို အနည်းငယ် ထူပေးထားရသည်။ ခွက်ပုံဖော်ပြီးလျှင် နှုတ်ခမ်းသားကို ညှပ်ဖြင့် လိုသလို ပုံဖော်၍ ညှိပေးရသည်။ ကြေးဇွန်း တစ်ချောင်းပြီးစီးရန်အတွက် မီးဖြင့်တစ်ဆင့်ပြီး တစ်ဆင့် ပြုလုပ်ရာတွင် လက်တစ်ဖက်က မီးညှပ်ဖြင့်ကိုင်၍ ကျန်လက်တစ်ဖက်က တူဖြင့်ထုလုပ်ရပါသည်။ စိတ်ကြိုက် ပုံဖော်ပြီးပါက မီးဖြင့် နီရဲအောင်အပူပေးပြီး ရေထဲထည့်ကာ မီးဆေးရသည်။ မီးမဆေးပါက ဇွန်းတစ်ချောင်းလုံးပြီးစီးသည်အထိ လုပ်ဆောင်ရာတွင် ကွဲကြေ ပျက်စီးတတ်သည်။ မီးဆေး၊ ရေထဲချပြီးပါက ကြေးကြောစေ့ရန် ဇွန်းအမြီး၊ အခွက်အားလုံးတို့ကို တူဖြင့် ချက်ရာ (ရိုက်ချက်)မကျန်အောင် ထုပေးရသည်။ ဘေးနှုတ်ခမ်းသား ပတ်လည်ကိုလည်း ညီအောင်တူဖြင့် ရိုက်ပေးရသည်။ ဇွန်းနှုတ်ခမ်း၏ အတွင်းဘက်မှ စီရိုက်ရ သည်။ ဘေးနှုတ်ခမ်းပေါ်ရိုက်လျှင် ကွဲသွားနိုင်သည်။ တူကိုလည်း စောင်း၍ ရိုက်ပေးရသည်။ ကျွမ်းကျင်မှုရှိရန် လိုအပ်ပါသည်။ နှုတ်ခမ်းသားကို တင်၍ ရိုက်ခြင်းဖြင့် နှုတ်ခမ်းသားကို ထူလာစေသည်။ ယခင် အဆင့် ပုံစံခတ်ရာတွင် တစ်နေ့ ၅၀ ခန့် ပြီးပါသည်။

တတိယအဆင့်အနေဖြင့် ကြေးဇွန်းအကြမ်းပေါ်တွင်ရှိနေသော အမည်းရောင်များကို ဂိုက်ထိုး၍ ကြေးရောင်ပေါ် လာစေရန် ပြုလုပ်ရသည်။ ဂိုက် အသွားလေးမျိုးရှိ သည်။ အခွက်၊ အခုံး၊ အပြားတို့ကို ဂိုက်အသွားမှန်အောင် ထည့်၍ ဂိုက်ထိုးကာ ကြေးရောင်ပေါ်လာစေပြီး အချော အသွားဖြင့်ညီအောင် ညှိပေးရသည်။ ထို့နောက် ဇွန်းအမြီး၊ ဇွန်းနှုတ်ခမ်းသားတို့ကို တံစဉ်းဖြင့် အပြီး သတ် အချောညှိပေးရသည်။ ဇွန်းအကြမ်းမှ ဇွန်းအချော ဖြစ်လာပြီး တစ်ရက်လျှင် ၅၀ ခန့်ပြီးအောင် ဂိုက်ထိုးနိုင်ပါသည်။

နောက်ဆုံးအဆင့်အနေဖြင့် အရောင်တင်ခြင်း ပြုလုပ်ရပါသည်။ အုတ်နီ ခဲအမှုန့်ကို ဆီအနည်းငယ် ထည့်၍ ရောမွှေရသည်။ ထိုအရောကို ဇွန်း၏ အပေါ်ဘက်၊ အောက်ဘက်သုတ်လိမ်းပြီး ချည်စောင်ကြမ်း နှစ်ဖက်ခံ၍ ခြေဖနောင့်ဖြင့် ပွတ်ပေးရသည်။ လုံးဝပြောင်လက်သွားပြီဆိုပါက Brasso ကို ဂွမ်းစပေါ် တင်၍ ပွတ်ပေးခြင်းဖြင့် အရောင်ထွက်လာပြီး ကြေးဇွန်း တစ်ချောင်းပြီးစီးခြင်း သို့ ရောက်ပါသည်။

ကြေးကုန်ကြမ်း ၃ ကျပ်သား ပြုလုပ်လျှင် ဇွန်းအချောတွင် ၂ ဒသမ ၂၅ ကျပ်သားခန့် တင်ကျန်ပါသည်။ ဖောက်သည်ဈေးအနေဖြင့်–

- ၃ ကျပ်သား တစ်ချောင်း ၁၂၀၀ိ/–
- ၄ ကျပ်သား တစ်ချောင်း ၂၀၀၀ိ/–
- ၁၀ ကျပ်သား တစ်ချောင်း ၅၀၀၀ိ/–
- လက်ဖက်စားဇွန်း တစ်ချောင်း ၁၀၀၀ိ/–
- အပ်ချုပ်စက်သမားသုံးကော်ကပ်တံ ၁၅၀၀ိ/–တို့ဖြစ်ပါသည်။

**ပျောက်ကွယ်လုနီးပါး ကြေးဇွန်းဖြစ်နေသည့် ကြေးဇွန်း**

မင်းလမ်း(မြောက်)ရွာ၏ ရွာဘုံတွင် ၁၂၉၉ ခုနှစ်က ဆြာမြိုင် ပြုလုပ်ခဲ့သော ၂၀ ကျပ်သား အလေးချိန်ရှိ ဟင်းလိုက်ကြေးဇွန်းကြီးကို ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ရာအဖြစ် တွေ့ရသည်။ နှစ်ပေါင်း ၈၀ ကျော် ထိန်းသိမ်းထားနိုင်သည့် ရွာဘုံအတွက်လည်း ဂုဏ်ယူစရာပါ။ ထို့ပြင် ၁၃၂၁ ခုနှစ်က ဆရာတိုက် ပြုလုပ်ခဲ့သည့် နှစ် ၆၀ ရှိပြီဖြစ်သော ဟင်းလိုက် ကြေးဇွန်းကြီးလည်း ရှိပါသေးသည်။ တစ်ချိန်က မြန်မာ့လူမှုဘဝနယ်ပယ်တွင် ကြေးဇွန်းသည် မရှိမဖြစ် ပါဝင်ခဲ့သည့် ပုံရိပ်ဖြစ်ပါသည်။ ယခုအခါမှာတော့ ဟင်းလိုက် ကြေးဇွန်းကြီးကို အနားပေးထားပြီး စတီးဇွန်းကြီး (ယောက်ချို)များက နေရာဝင်ယူလိုက်ပြီဖြစ်ပါသည်။

**ပြတိုက်မှာသာ ကြည့်ကြရ**

တစ်ချိန်က မင်းလမ်း(မြောက်)ရွာသူများ၏ ခြေဖနောင့်မှာ အမည်းရောင်စွဲသည်အထိ ပြုလုပ်ခဲ့ရသည်။ ကြေးပန်းပဲ(ခေါ်) ကြေးဇွန်းလုပ်ငန်းသည် ကုန်ကြမ်းဝယ်ယူရာတွင် အခက်အခဲရှိခြင်း၊ ကုန်ချောရောင်းချရာ တွင်လည်း တွင်ကျယ်မှုမရှိခြင်းတို့ကြောင့် တစ်ချိန်က တစ်ရွာလုံး၏ စီးပွားရေးလုပ်ငန်းဖြစ်ခဲ့သော်လည်း ယခုအခါမှာတော့ ပြတိုက်မှာ မှတ်တမ်းတင်ထားရတော့မည့် အခြေအနေသို့ရောက်နေပါပြီ။ ယခုလုပ်ကိုင်နေသူမှာလည်း လုပ်ငန်းကို ဆက်ခံမည့်သူမရှိဘဲ ကြေးဇွန်းလုပ်ငန်း၏ နောက်ဆုံးမျိုးဆက်ဖြစ်သွားနိုင်ပါသည်။ နောက်ဆိုလျှင် ကြေးဇွန်းသည် ပြတိုက်မှာသာ ကြည့်ကြရပါတော့မည်။ ။

---

*စာမျက်နှာ ၂၅ မှ*

**အကယ်ဒမီ ဆွေဇင်ထိုက်**

ကျေးဇူးအများကြီးတင်ပါတယ် ပါပါး။ အဲဒီ မှုံရွှေရည် ကားကို သိပ်ကို အချိုးအကွေ့ကောင်းလေးပေါ့။ ရုပ်ရှင်ရဲ့ Turning Point တစ်ခုကို၊ ရုပ်ရှင် Flow ရဲ့ Turning Point တစ်ခုကိုလုပ်ခဲ့တဲ့ ကားလို့လည်း ယူဆတာပေါ့။ အဲဒါကြောင့်မို့လို့ အလွန်အင်မတန်မှ အမှတ်တရ ရုပ်ရှင်ပွဲတော်မှာ ပြချင်တာပါ။ ပြချင်တဲ့အခါကျတော့ သူငယ်ချင်းကပြောတယ်။ ဂရေ့စ်ရေ ငါတို့ကတော့ Arsenal Berlin က Archive မှာ ဒီကားရှိတယ်။ အဲဒါကို ငါတို့တွေ ကူးကြရင် ကောင်းမလားဆိုပြီး ပြင်သစ်က သူငယ်ချင်း S’everine က ပြောပါတယ်။ အဲဒီတော့ ကျွန်မ ဒီဘက်ကနေပြီးတော့မှ ရအောင်ဆိုပြီးတော့ ကြိုးစားပြီးတော့ Berlin မှာ ဂျာမနီကနေပြီးတော့မှ ပြင်သစ်ကို ကားပို့ရတာပေါ့နော်။ အဲဒါကို ပိုင်ရှင်ကနေပြီးတော့မှ ဘာဖြစ်လို့ ပို့တာလဲ။ ကျွန်တော်တို့က ရောင်းတာ Berlin တင်ပဲ ရောင်းတာ။ ဟုတ်တယ်။ မူပိုင်ခွင့်အရ ဟုတ်တယ်။ ဒါပေမယ့် ကျွန်မတို့က ကူးပေးမယ့် လူ၊ အလှူရှင်က ပြင်သစ်မှာရှိနေတဲ့ Emergical Lab က ကူးပေးတာ ဆိုတော့ အဲဒီကို ရောက်အောင် ပို့ရတာပေါ့နော်။ အဲဒီကို ပို့ပြီးသွားတော့မှ ဒီဘက်ကို ပြန်ယူလာတယ်။ မှုံရွှေရည်ကို ကျွန်မတို့ ရိုက်ကူးရေးတင် မဟုတ်ဘဲနဲ့ ပြသရေးကိုပါ ကြည့်မယ်ဆိုလို့ရှိရင် သူက နိုင်ငံတကာအထိကို သွားခဲ့နိုင်တဲ့ကားဖြစ်တယ်။ ပြီးသွားတော့ အမှတ်တရအနေနဲ့လည်း နိုင်ငံတကာကနေ အသိအမှတ်ပြုပြီးတော့မှ ဒီတိုင်းပြည်မှာ ပြန်လာပြီးတော့ ပြပေးနိုင်တဲ့ကား တစ်ခုလည်း ဖြစ်တယ်။ သကြ်နန်နဲ့ပတ်သက်လာရင်တော့ ကျွန်မတို့က ဒီရုပ်ရှင်ကားထုပ်ဟာ အမှတ်တရလည်း ဖြစ်တယ်။ နောက် ပညာရှင်များရဲ့စေတနာ၊ ပညာရှင်များရဲ့ အားစိုက်မှုတွေကိုလည်း မြင်ရတယ်။ ရုပ်ရှင်ဇာတ်လမ်းတင်ဆက်မှုမှာ၊ အထူးသဖြင့် ရုပ်ရှင်ဇာတ်လမ်းနောက်ခံတေးဂီတ တင်ဆက်မှုမှာ အချိုးအကွေ့ အသစ်တစ်ခုကိုလည်းပဲ တွေ့ရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သကြ်နန်ကာလတိုင်းမှာ ဒီကားကို ပြရပါတယ်။ ဒီကားနဲ့ပတ်သက်ပြီးတော့လည်း နောက်ကြောင်းပေါ့။ ကျွန်မတို့ မသိခဲ့တဲ့ အကြောင်းတွေကိုလည်း လာရောက်ပြီးတော့ ပြောပြပေးခဲ့တဲ့အတွက် ပါပါးကိုလည်း ကျေးဇူးဥပကာရ အထူးပဲတင်ရှိပါတယ်။

**အကယ်ဒမီ အောင်လွင်**

ကျွန်တော်လည်း ကျေးဇူးတင်ပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ကျွန်မတို့ရဲ့ သကြ်နန်ရင်ခုန်သံ အမှတ်တရ မှုံရွှေရည် ဇာတ်ကားနဲ့ပတ်သက်တဲ့ အကြောင်းအရာများကို ဆွေးနွေးခဲ့တာကို နားထောင်ခြင်းအားဖြင့် ကျေနပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင့်။

# သင်္ကြန်ရက်များအတွင်း PUBG ဂိမ်း အခမဲ့ကစားနိုင်မည့် ဒေတာပရိုမိုးရှင်းကို MPT ပြုလုပ်



**ရန်ကုန် မေ ၁၂**
သင်္ကြန်ကာလ အားလပ်ရက်ရှည်များတွင် MPT သုံးစွဲသူများအနေဖြင့် PUBG မိုဘိုင်းဂိမ်းကို ဒေတာသုံးစွဲခ ကျသင့်ငွေ ပေးဆောင်ရန်မလိုဘဲ စိတ်တိုင်းကျ အခမဲ့ ဆော့ကစားနိုင်မည့် အထူးအစီအစဉ်တစ်ရပ်ကို MPT က ပြုလုပ်ပေးထားကြောင်း မေ ၉ ရက်က MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် ပြည်သူများအနေဖြင့် တတ်နိုင်သမျှ အိမ်၌သာ နေထိုင်ရန် နိုင်ငံတော်အစိုးရက တိုက်တွန်းနှိုးဆော်ထားခြင်းကို အထောက်အကူဖြစ်စေရန်အတွက် အဆိုပါ ပရိုမိုးရှင်း အစီအစဉ်ကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အရ MPT အင်တာနက်ကို သုံးစွဲနေသူများအနေဖြင့် pay-as-you-go အစီအစဉ်ကို အသုံးပြုနေသည်ဖြစ်စေ၊ Data Pack နှင့် Bonus Data ကို ဝယ်ယူအသုံးပြုနေသည်ဖြစ်စေ မေ ၁၀ ရက်မှ ၁၉ ရက်အတွင်း PUBG ဂိမ်းကို ဆော့ကစားခြင်းအတွက် ဒေတာအသုံးပြုခ ကုန်ကျခြင်းမရှိဘဲ စိတ်တိုင်းကျ ဆော့ကစားနိုင်မည်ဖြစ်သည်။

"MPT ဟာ မြန်မာနိုင်ငံမှာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာတဲ့ အီလက်ထရောနစ်အားကစားကဏ္ဍ(E-Sports)ကို တစ်ဖက်တစ်လမ်းကနေ ထောက်ပံ့ပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အခုလို PUBG MOBILE နဲ့ တွဲဖက်လုပ်ဆောင်မှုတွေဟာ ဒီရည်မှန်းချက်ရဲ့ သက်သေတစ်ခုပဲဖြစ်ပါတယ်။ PUBG MOBILE ဟာ မြန်မာနိုင်ငံရဲ့ မိုဘိုင်းဂိမ်းဖျော်ဖြေရေးလောကကို မုန်တိုင်းတစ်ခုလိုပဲ လှုပ်ခတ်စေခဲ့တဲ့ အလွန်ထူးခြားတဲ့ ဂိမ်းတစ်ခု ဖြစ်ပါတယ်။ MPT သုံးစွဲသူတွေအတွက် စိတ်လှုပ်ရှား ပျော်ရွှင်စရာကောင်းတဲ့ အတွေ့အကြုံတွေ ယူဆောင်ပေးလိုတာကြောင့် အခုလို အထူး PUBG ဒေတာ ပရိုမိုးရှင်းကို မိတ်ဆက်ပေးဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ ဂိမ်းဝါသနာရှင်တွေအနေနဲ့ MPT ကွန်ရက်ကို အသုံးပြုပြီး သင်္ကြန်အားလပ်ရက်တွေမှာ အိမ်မှာနေရင်း ဒေတာသုံးစွဲခ ကျသင့်မှာကို ပူစရာမလိုဘဲ PUBG မိုဘိုင်းဂိမ်းကို စိတ်တိုင်းကျ အခမဲ့ ဆော့ကစားနိုင်မှာဖြစ်ပါတယ်"ဟု MPT-KSGM JO ၏ စီးပွားရေးဌာနကြီးမှ အရာရှိချုပ်က ပြောကြားသည်။

ထို့အပြင် သုံးစွဲသူများအတွက် အကောင်းဆုံးသော ဂိမ်းကစားမှု အတွေ့အကြုံများကို ပေးအပ်နိုင်ရန် PUBG Data Pack ကိုလည်း ရောင်းချလျက်ရှိပြီး အဆိုပါ အစီအစဉ်ကို ဝယ်ယူသူများအနေဖြင့် PUBG ဂိမ်းထဲမှ Item များကို ကံစမ်းခွင့်ကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။ 900 MB ဒေတာ ပါဝင်သော PUBG Pack တစ်ခုလျှင် ၉၄၅ ကျပ် ကျသင့်မည်ဖြစ်ပြီး ရက်ပေါင်း ၃၀ သက်တမ်းရှိမည်ဖြစ်ကာ ကြိုတင်ငွေဖြည့်ကတ်စနစ် သုံးစွဲသူများအနေဖြင့် *8005# ကို ခေါ်ဆိုခြင်းဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။

MPT အနေဖြင့် မြန်မာနိုင်ငံ၏ အီလက်ထရောနစ်အားကစားကဏ္ဍ(E-Sport) ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပြီး ယခုပြုလုပ်သော PUBG ဒေတာပရိုမိုးရှင်း အစီအစဉ်နှင့် PUBG Data Pack နှင့် ပတ်သက်သည့် အသေးစိတ်အချက်များကို ထပ်မံသိရှိလိုပါက MPT ၏ တရားဝင် ဖေ့စ်ဘုတ်စာမျက်နှာဖြစ်သည့် www.facebook.com/mptofficialpage/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဈေးကျသော်လည်း ကိုဗစ်-၁၉ ကြောင့် အရောင်းအဝယ်အေးလျက်ရှိ

**ရန်ကုန် မေ ၁၂**
နှစ်စဉ် မတ်လနှင့် ဧပြီလသည် မြန်မာနိုင်ငံအတွင်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ဈေးကွက်တွင် အရောင်းအဝယ်ကောင်းလေ့ရှိသည့် အချိန်ကာလဖြစ်သော်လည်း ယခုနှစ်တွင်မူ ကိုဗစ်-၁၉ အကျိုးသက်ရောက်မှုကြောင့် နိုင်ငံခြားငွေဈေးကျ၍ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများလည်း ဈေးကျနေသည့်တိုင် ယခင်နှစ်များလောက် အရောင်းအဝယ်မဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့၏ အဓိက ကွန်ပျူတာဈေးကွက်ဖြစ်သည့် ဆိပ်ကမ်းသာလမ်းမှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်ရှင်တစ်ဦးက "ဒီနှစ်မှာတော့ ကိုဗစ်-၁၉ ကြောင့် ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလ လောက်ကတည်းက ဒီနှစ်တော့ ဈေးကွက်အခြေအနေ သိပ်မကောင်းနိုင်ဘူးလို့ ကျွန်တော်တို့ ခန့်မှန်းခဲ့ပါတယ်။ ကျွန်တော်တို့ မှန်းထားသလိုပဲ ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းတွေအားလုံးရော၊ လက်ပ်တော့ပ်တွေရော အရောင်းအဝယ်အေးခဲ့ပါတယ်။ ဈေးကွက်က ပုံမှန်ဆို ဖေဖော်ဝါရီလကုန်နဲ့ မတ်လဆန်းအချိန်က အရောင်းအဝယ်အကောင်းဆုံးပါ။ သင်တန်းတွေ၊ သင်တန်းဖွင့်မယ့် ပရဟိတအဖွဲ့တွေက များများစားစား ဝယ်ကြသလို ကလေးတွေ ကျောင်းပိတ်ကုန်လို့ မိဘတွေက ကွန်ပျူတာ ဝယ်ပေးကြတာလည်း ရှိတယ်။ အခုလည်း မိဘတွေက ကလေးတွေ အိမ်မှာသုံးဖို့ ဝယ်ပေးကြတာမျိုးတော့ ရှိပါတယ်။ ဒါပေမယ့် အရေအတွက်များများဝယ်မယ့် သင်တန်းတွေဘက်က ကိုဗစ်-၁၉ ကြောင့် သင်တန်းတွေ ရပ်ထားကြရလို့ အသစ်မဝယ်ကြတော့ဘူးပေါ့။ အရောင်းအဝယ်ကတော့ ဒီလို ခပ်အေးအေးပဲ ဆက်သွားနေဖို့များပါတယ်။ ကိုဗစ်-၁၉ ဂယက်ပြီးမှပဲ တစ်မျိုးပြောင်းနိုင်မယ်ထင်တယ်"ဟု လက်ရှိ ဈေးကွက်အခြေအနေနှင့် ရှေ့အလားအလာကို ခန့်မှန်းပြောကြားသည်။

ရန်ကုန်မြို့ ကွန်ပျူတာဈေးကွက်မှ ဆိုင်များအနေဖြင့် ဖေဖော်ဝါရီ လကုန်ပိုင်းမှ ယခု သင်္ကြန်ပိတ်ရက်များမတိုင်မီအထိ အရောင်းအဝယ်အေးနေသည့်ကြားမှပင် ပုံမှန် ဆိုင်ဖွင့်၍ ရောင်းချခဲ့ကြပြီး လက်ရှိအချိန်တွင်မူ သင်္ကြန်ပိတ်ရက် စတင်ပြီဖြစ်၍ ကွန်ပျူတာဆိုင်များကိုလည်း ပိတ်ထားကြပြီဖြစ်သည်။

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၏ ဈေးနှုန်းအပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်သော ဒေါ်လာဈေးနှုန်းသည် မတ်လဆန်းက ၁၄၃၀ အထက်ရှိခဲ့သော်လည်း နောက်ပိုင်းတွင် အနည်းငယ်စီ ဈေးကျခဲ့ကာ ဧပြီလ ပထမပတ်ကုန်ခါနီးတွင်မူ အနည်းငယ် ဈေးနှုန်းပြန်တက်ခဲ့သည်။ ငွေလဲနှုန်းအရ မတ်လ ၁ ရက်က တစ်ဒေါ်လာလျှင် ကျပ် ၁၄၃၀ ဝန်းကျင်၊ ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၃၅၀ ဝန်းကျင်၊ ၂၀ ရက်တွင် ၁၄၀၅ ကျပ်ဝန်းကျင်၊ ၂၅ ရက်တွင် ၁၃၆၂ ကျပ်ဝန်းကျင်၊ ၃၀ ရက်တွင် ကျပ် ၁၃၆၀ ဝန်းကျင်၊ ဧပြီ ၁ ရက်တွင် ကျပ် ၁၃၈၀ ဝန်းကျင်နှင့် ဧပြီ ၆ ရက်တွင် ၁၄၁၅ ကျပ်ဝန်းကျင် ရှိခဲ့ပြီး ဧပြီ ၇ ရက်မှ ၉ ရက်အတွင်း ကျပ် ၁၄၂၀ ဝန်းကျင်အထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

New Product

# Xiaomi ရဲ့ စွမ်းဆောင်ရည်မြင့်မားတဲ့ တန်ဖိုးမြင့် စမတ်ဖုန်းသစ် Mi 10 5G




Mi 10 5G ဟာ နိုင်ငံတကာဈေးကွက်မှာ ဖေဖော်ဝါရီလကတည်းက စတင်ရောင်းချခဲ့ပေမယ့် ပြည်တွင်းဈေးကွက်ကိုတော့ မတ်လကုန်ပိုင်းမှာမှ ဝင်ရောက်လာတဲ့ စမတ်ဖုန်းမော်ဒယ်သစ်တစ်ခု ဖြစ်ပါတယ်။ Xiaomi ကနေ Redmi ကို ခွဲထုတ်လိုက်ပြီးနောက် Xiaomi ဟာ Mi တံဆိပ်နဲ့ တန်ဖိုးမြင့်ဖုန်းတွေပဲ ထုတ်ခဲ့ရာမှာ Mi 10 5G ဟာလည်း စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်သလို တန်ဖိုးအနေနဲ့လည်း အတော်များတဲ့ ဖုန်းသစ်တစ်ခု ဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၆၇ လက်မရှိလို့ အရွယ်အစားကြီးမားပြီး မျက်နှာပြင်မှာ အောက်ဘက် ဘောင်နေရာ အနည်းငယ်ကလွဲရင် အပေါ်ဘက်နဲ့ ဘေးဘက်တွေမှာ ဘောင်နေရာမရှိဘဲ စခရင်အပြည့် ဖြစ်ပါတယ်။ Resolution ပိုင်းအနေနဲ့ 1080x2340 pixels ရှိပြီး Super AMOLED စခရင် အမျိုးအစားဖြစ်လို့ ရုပ်ထွက်အရည်အသွေး အထူး ကောင်းမွန်ပါတယ်။ မျက်နှာပြင်ကို ထိခိုက်မှုတွေက ကာကွယ်နိုင်ဖို့ Corning Gorilla Glass 5 နဲ့ ဖုံးအုပ်ထားပါတယ်။ မျက်နှာပြင်သာမက ကျောဘက်ကိုယ်ထည်ဟာလည်း ဖန်သားဖြစ်ပြီး ဖရိမ်က အလူမီနီယမ်ဖြစ်ပါတယ်။

ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး ကွန်ရက်ချိတ်ဆက်မှုကတော့ နာမည်အတိုင်းပဲ 5G ကွန်ရက်ကိုပါ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ 5G ဟာ စမ်းသပ်ဆဲပဲရှိသေးတာကြောင့် လက်ရှိအချိန်မှာတော့ 4G ပဲ သုံးနိုင်မှာဖြစ်ပေမယ့် 5G ရလာတဲ့အခါမှာပါ အဆင်ပြေစေမှာဖြစ်ပါတယ်။ အန်းဒရွိုက်ဗားရှင်းအနေနဲ့ Android 10.0 ကို Xiaomi ရဲ့ နောက်ဆုံးထွက် MIUI 11 နဲ့တွဲပြီး အသုံးပြုပေးထားပါတယ်။ Chipset ပိုင်းမှာ လက်ရှိ စွမ်းဆောင်ရည် အမြင့်ဆုံးဖြစ်တဲ့ Qualcomm SM8250 Snapdragon 865(7 nm+)ကို သုံးထားပြီး CPU ကလည်း စွမ်းဆောင်ရည်မြင့်တဲ့ Kryo Octa-core CPU တွေကို သုံးထားတဲ့အတွက် ဂိမ်းအမျိုးမျိုးနဲ့ အက်ပလီကေးရှင်းအမျိုးမျိုးကို ပေါ့ပေါ့ပါးပါး အသုံးပြုနိုင်ပါတယ်။ RAM နဲ့ အင်တာနယ်မင်မိုရီပိုင်းမှာတော့ နိုင်ငံတကာဈေးကွက်မှာ 8GB/128GB , 8GB/256GB နဲ့ 12GB/256GB လို့ သုံးမျိုးခွဲပြီး ထွက်ထားပေမယ့် လက်ရှိ ပြည်တွင်းဈေးကွက်မှာတော့ 12GB/256GB တစ်မျိုးတည်းကိုပဲ တွေ့ရပါသေးတယ်။ LPDDR5 RAM အမျိုးအားဖြစ်တာကြောင့် RAM အမြန်နှုန်းလည်း အကောင်းဆုံးအမျိုးအစား ဖြစ်ပါတယ်။ ဒီဖုန်းရဲ့ အားနည်းချက်ကတော့ မင်မိုရီကတ် ထပ်စိုက်သုံးလို့မရတာ ဖြစ်ပါတယ်။

ကင်မရာပိုင်းမှာလည်း တန်ဖိုးမြင့်ဖုန်းဖြစ်တာနဲ့အညီ အရည်အသွေးကို အကောင်းဆုံး ပြုလုပ်ထားပါတယ်။ ကျောဘက်ကင်မရာဟာ ၁၀၈ မဂ္ဂါပစ်ဇယ် ပင်မကင်မရာ၊ ၁၃ မဂ္ဂါပစ်ဇယ် (ultrawide)ကင်မရာ၊ ၂ မဂ္ဂါပစ်ဇယ် (macro) ကင်မရာနဲ့ ၂ မဂ္ဂါပစ်ဇယ် (depth sensor)ကင်မရာတွေ ပါဝင်တဲ့ Quad Cam အမျိုးအစားဖြစ်ပါတယ်။ ဓာတ်ပုံတွေကို အရည်အသွေးအကောင်းဆုံး ရိုက်ကူးနိုင်သလို ဗီဒီယိုကိုလည်း 4320P(4K) အရည်အသွေးနဲ့ ရိုက်ကူးနိုင်ပြီး လက်ရှိဈေးကွက်အတွင်းက ကင်မရာအကောင်းဆုံးဖုန်း စာရင်းထဲမှာ ပါဝင်ပါတယ်။ ဆယ်လ်ဖီကင်မရာကလည်း ၂၀ မဂ္ဂါပစ်ဇယ်ရှိလို့ ဆယ်လ်ဖီဝါသနာရှင်တွေ စိတ်ကျေနပ်နိုင်မှာဖြစ်ပြီး ဆယ်လ်ဖီကင်မရာကို Notch ဒီဇိုင်းမျိုးမဟုတ်ဘဲ မျက်နှာပြင်မှာ အပေါက်ဖောက်ထည့်ထားတဲ့ punch hole ဒီဇိုင်း လုပ်ထားပါတယ်။

ဘက်ထရီပိုင်းမှာလည်း 4780 mAh Li-Po ဘက်ထရီကို သုံးထားလို့ အချိန်ကြာမြင့်စွာ အသုံးပြုနိုင်မှာဖြစ်ပြီး အားပြန်သွင်းရာမှာလည်း 30W အမြန်နှုန်းနဲ့ သွင်းနိုင်မှာဖြစ်ပါတယ်။ ကြိုးနဲ့ရော ကြိုးမဲ့ပါ အားသွင်းနိုင်မယ့်စနစ် ပါဝင်ပါတယ်။ USB ချိတ်ဆက်မှုကတော့ Type-C 1.0 reversible connector ဖြစ်ပြီး On-The-Go စနစ်ကိုလည်း ထောက်ပံ့ပေးထားပါတယ်။ Fingerprint Sensor ဟာ စခရင်အောက်မှာပဲ under-display အနေနဲ့ ပါဝင်ပြီး မျက်လုံးကို scan ဖတ်ပြီး ဖွင့်နိုင်တဲ့ optical sensor စနစ်လည်း ပါဝင်ပါတယ်။ အသံပိုင်းမှာလည်း stereo speaker နှစ်လုံး ပါဝင်လို့ အကောင်းဆုံး အသံအရည်အသွေးကို ရနိုင်မှာဖြစ်ပါတယ်။

ကိုယ်ထည်အရောင်အနေနဲ့ နိုင်ငံတကာမှာ အစိမ်းရောင်၊ ရွှေရောင်၊ မီးခိုးရောင်၊ အနက်ရောင်နဲ့ အပြာရောင်လို့ ထွက်ထားပြီး ပြည်တွင်းမှာတော့ အရောင်စုံမရသေးတာ တွေ့ရပါတယ်။ ဈေးနှုန်းက 128GB/256GB အတွက် ကျပ် ၉၃၅၀၀၀ ဝန်းကျင် ရှိပါတယ်။

**သူရဖြိုး**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် Mytel မှတစ်ဆင့် လှူဒါန်းနိုင်

**ရန်ကုန် မေ ၁၂**
ပြည်တွင်းမှ Mytel ကွန်ရက်ကို အသုံးပြုနေသူများအနေဖြင့် စာတိုပေးပို့ခြင်းဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေ လှူဒါန်းပံ့ပိုးနိုင်မည့် အစီအစဉ်ကို Mytel က ဧပြီ ၇ ရက်က စတင်မိတ်ဆက်ကြေညာထားသည်။ Mytel အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သည့်နေရာများတွင် တတ်စွမ်းသရွေ့ ကူညီပံ့ပိုးလျက်ရှိသလို Mytel အသုံးပြုသူများအနေဖြင့်လည်း တစ်ထောင့်တစ်နေရာမှ အတူတကွ ဝိုင်းဝန်းပါဝင် ကူညီနိုင်ရန် ယခုအစီအစဉ်ကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုအစီအစဉ်တွင် Mytel အသုံးပြုသူမည်သူမဆို ပါဝင်နိုင်မည်ဖြစ်ပြီး တစ်ကြိမ်လျှင် ကျပ် ၁၀၀၀ လှူဒါန်းနိုင်မည်ဖြစ်ကြောင်း၊ လှူဒါန်းလိုသူများအနေဖြင့် နံပါတ် 111 သို့ CV19 ဟု စာတိုတစ်စောင် ပေးပို့ခြင်းဖြင့် လှူဒါန်းနိုင်ကြောင်း၊ လှူဒါန်းမှုများမှရရှိသော အလှူငွေများကို ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ Mytel က လွှဲပြောင်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းအစီအစဉ်သည် ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်အတွင်း ပြည်သူများနှင့် နိုင်ငံတော်အစိုးရအား တတ်စွမ်းသည့်ဘက်မှ အကောင်းဆုံး ကူညီပံ့ပိုးရန်နှင့် ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်နိုင်ရန် ရည်ရွယ်သည့် အစီအစဉ်ဖြစ်ပြီး ပြည်သူပြည်သားများအားလုံး စည်းလုံးညီညွတ်စွာ ပါဝင်နိုင်သော Mytel ၏ #TogetherWeFightCovid19 စီမံကိန်းများထဲမှ တစ်ခုလည်းဖြစ်ကြောင်း၊ Mytel အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပြည်သူများ အိမ်တွင်နေထိုင်ရေးကို အထောက်အကူဖြစ်စေရန် ၅၀ ရာခိုင်နှုန်း ငွေဖြည့် အပိုလက်ဆောင်အစီအစဉ်နှင့် ၂၀၀ ရာခိုင်နှုန်း ဒေတာအပိုဆုပက်ကေ့ချ်အစီအစဉ် စသည့် ပရိုမိုးရှင်းများစွာကိုလည်း ပြုလုပ်ထားကာ ငွေကြေးလှူဒါန်းမှုများနှင့် အခြား လူမှုအကျိုးပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဇင်ဦး**

## ကျိုင်းတုံမြို့နယ်မှ အခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားကုန် ငါးမျိုး ထောက်ပံ့ပေး

**ကျိုင်းတုံ မေ ၁၂**

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်သူများ အိမ်၌သာနေထိုင်ရေးကို အထောက်အကူဖြစ်စေရန် ပုံမှန်ဝင်ငွေ မရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများထံသို့ အခြေခံစားကုန် ငါးမျိုးကို နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌လည်း မေ ၁၁ ရက်မှစ၍ ရပ်ကွက်၊ ကျေးရွာများတွင် စတင်ထောက်ပံ့ပေးလျက်ရှိသည်။

ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းနှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများသို့သွားရောက်၍ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ သား၊ ဆား ၅၀ သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန် တစ်ပိဿာတို့ကို အိမ်အရောက် လိုက်လံပေးအပ်ခဲ့ကာ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မိမိအိမ်၌သာ နေထိုင်ခြင်းဖြင့် ပူးပေါင်းပါဝင် ကူညီပေးကြရန်လည်း တာဝန်ရှိသူများက ပြည်သူများအား တိုက်တွန်းပြောကြားခဲ့ကြသည်။

ကျိုင်းတုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၈ စု၌ ထောက်ပံ့မှုရယူရန် စာရင်းပေးသွင်းထားသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၄၅၂၂ စုရှိသည့်အနက် မေ ၁၁ ရက် နံနက်ပိုင်းတွင် အိမ်ထောင်စု ၄၀၂ စုထံ ဖြန့်ဝေပေးနိုင်ခဲ့ပြီး ကျန်ရှိသော အိမ်ထောင်စု ၄၁၂၀ ထံသို့လည်း ဆက်လက် ဖြန့်ဝေသွားမည်ဖြစ်သည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



## သင်္ကြန်ပိတ်ရက်ရှည်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားကုန် ငါးမျိုးကို မြို့နယ်အသီးသီး၌ ထောက်ပံ့ပေးအပ်

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအနေဖြင့် အိမ်တွင်နေထိုင်နိုင်ရန် နိုင်ငံတော်အစိုးရ၏ စီစဉ်မှုဖြင့် တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာတို့ကို မေ ၁၀ ရက်မှစ၍ တစ်နိုင်ငံလုံးရှိ မြို့နယ်အသီးသီး၌ ထောက်ပံ့ပေးအပ်နေပြီဖြစ်သည်။**

### သာစည်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ဖြန့်ဝေထောက်ပံ့ပေးမည့် စားသောက်ကုန်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်နှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များထံသို့ မေ ၁၀ ရက်က ဖြန့်ဝေပေးခဲ့ပြီး ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပြည်သူများထံသို့ အိမ်အရောက် လိုက်လံဖြန့်ဝေသွားမည်ဖြစ်သည်။ သာစည်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအုပ်စု ၈၀ ၌ အိမ်ထောင်စုပေါင်း ၄၂၆၂၄ စုရှိကာ ထောက်ပံ့မှုရယူမည့် အခြေခံလူတန်းစား အိမ်ထောင်စု ၁၉၁၈၀ ရှိကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



### ရှားတော

ကယားပြည်နယ် ရှားတောမြို့နယ်အတွင်းမှ အိမ်ထောင်စုများအတွက် ထောက်ပံ့မည့် အခြေခံစားသောက်ကုန် ငါးမျိုးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်မောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်မိုးအောင်နှင့် တာဝန်ရှိသူများက ရပ်/ကျေး အုပ်ချုပ်ရေးမှူးများထံသို့ မေ ၁၁ ရက်က ခွဲဝေပေးအပ်ခဲ့သည်။ ရှားတောမြို့နယ်အတွင်း ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စု သုံးစု၌ ထောက်ပံ့မှုရယူမည့် အခြေခံလူတန်းစား အိမ်ထောင်စု ၂၄၄ စုရှိပြီး ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက အဆိုပါ အိမ်ထောင်စုများထံသို့ လက်ရောက် ဆက်လက်ဖြန့်ဝေပေးလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

### လဲချား

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်မှ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စားသောက်ကုန် ငါးမျိုးကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရင်းများအလိုက် မေ ၁၀ ရက်မှစ၍ ထောက်ပံ့ပေးလျက်ရှိသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၃ ခုတွင်ရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၈၉၉ စုထံသို့ အိမ်အရောက် လိုက်လံဖြန့်ဝေ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကြည့်မြင်တိုင်

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်းမှ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စားကုန် ငါးမျိုးကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များက မေ ၁၁ ရက် ညနေပိုင်းမှစ၍ အိမ်အရောက် လိုက်လံဖြန့်ဝေပေးလျက်ရှိသည်။ ကြည့်မြင်တိုင်မြို့နယ်အတွင်း ရပ်ကွက် ၂၂ ခု၌ ထောက်ပံ့မှုကို ရယူမည့် အိမ်ထောင်စုပေါင်း ၃၁၈၅ စုရှိကြောင်း သိရသည်။ **တင်ဝင်းလေး**

### ငါးသိုင်းချောင်း

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်မှ အခြေခံလူတန်းစား အိမ်ထောင်စုများအနက် အောင်ဆန်းရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၃၀၀ အတွက် အခြေခံစားသောက်ကုန် ငါးမျိုးကို မြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဌေးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက မေ ၁၁ ရက်က အိမ်အရောက် လိုက်လံထောက်ပံ့ ပေးအပ်ခဲ့သည်။ ငါးသိုင်းချောင်းမြို့ပေါ်နှင့် ပတ်ဝန်းကျင်မှ ကျေးရွာအုပ်စု ၃၈ စု၌ ထောက်ပံ့မှုကိုရယူမည့် အိမ်ထောင်စုပေါင်း ၉၄၅၅ စုရှိရာ ကျန်ရှိသော အိမ်ထောင်စုများကိုလည်း ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

### မိုင်းဆတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ပေါ် ရပ်ကွက်ခြောက်ခုမှ အခြေခံလူတန်းစား အိမ်ထောင်စု ၂၃၁ စုအတွက် အခြေခံစားကုန် ငါးမျိုးကို ခရိုင်အုပ်ချုပ်ရေးမှူးဦးနေမျိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မေ ၁၁ ရက်က အိမ်အရောက် လိုက်လံဖြန့်ဝေပေးခဲ့သည်။ မိုင်းဆတ်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၀ ၌ အိမ်ထောင်စုပေါင်း ၁၇၅၈၉ စုရှိပြီး ထောက်ပံ့မှုရယူရန် စာရင်းပေးသွင်းထားသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၁၉၁၄ စု ရှိသည့်အနက် မြို့ပေါ်ရပ်ကွက် ခြောက်ခုသို့ စတင်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကာ ကျေးရွာများတွင်ကျန်ရှိနေသော အိမ်ထောင်စု ၁၆၈၃ စုထံသို့လည်း ဆက်လက် ဖြန့်ဝေပေးနေပြီဖြစ်သည်။

**မြင့်မောင်(ပြန်/ဆက်)**



### မချမ်းဘော

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်အတွင်းမှ အခြေခံလူတန်းစား ပြည်သူများအတွက် စားကုန် ငါးမျိုးကို ရပ်/ကျေး အုပ်ချုပ်ရေးမှူးများထံသို့ မေ ၁၁ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မလိခခန်းမ၌ ပြုလုပ်သည့် ထောက်ပံ့ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်အချက်များ၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ ရှိပါက ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအနေဖြင့် အဆင့်ဆင့် တင်ပြကြရန်နှင့် ယခု အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်ကထောက်ပံ့သည့် စားကုန်များကို ပြည်သူများထံ အမြန်ဆုံးရောက်အောင် ဖြန့်ဝေပေးရန် တိုက်တွန်းပြောကြားကာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများထံသို့ စားကုန်များကို ခွဲဝေပေးအပ်ခဲ့သည်။ မချမ်းဘောမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် လေးခုနှင့် ကျေးရွာအုပ်စု ၁၇ စု၌ ထောက်ပံ့မှုကို ရယူသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၅၁၀ ရှိကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

### မြို့လှ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မြို့လှမြို့ မြို့ပေါ်ရပ်ကွက် လေးခုမှ အခြေခံလူတန်းစား အိမ်ထောင်စု ၂၁၁ စုအတွက် စားကုန် ငါးမျိုးကို မြို့ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက မြို့လှမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၁ ရက်က ဖြန့်ဝေပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### ခန္တီး

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ပေါ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စားကုန် ငါးမျိုးကို မြို့ပေါ်ရပ်ကွက်သုံးခုဖြစ်သော ဇီးဖြူကုန်း၊ မြို့မနှင့် ပေါ်မိုင်း ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ မေ ၁၁ ရက်က တစ်ပြိုင်တည်း ဖြန့်ဝေပေးခဲ့သည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန်းစိန်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ဝင်းနှင့် ခန္တီးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးတို့ ဦးဆောင်သည့် တာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့ကြခြင်းဖြစ်ပြီး ခန္တီးမြို့ပေါ် ရပ်ကွက်သုံးခု၌ ထောက်ပံ့မှုရယူသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၉၁၀ ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



### ကလော

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်အတွင်းမှ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စားကုန် ငါးမျိုးကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မေ ၁၀ ရက်က အိမ်အရောက် လိုက်လံထောက်ပံ့ပေးခဲ့သည်။ မေ ၁၀ ရက်တွင် အောင်ပန်းမြို့ပေါ်ရပ်ကွက်များ၊ ကမ္ဘားနီကျေးရွာအုပ်စု၊ ရေချိုကျေးရွာအုပ်စု၊ သူရဲကျေးရွာအုပ်စု၊ လယ်ကြားကျေးရွာအုပ်စု၊ သာမိုင်းခမ်းကျေးရွာအုပ်စု၊ လွယ်မောကျေးရွာအုပ်စု၊ ငုတ်ကျေးရွာအုပ်စု၊ ငုံးသုံ ကျေးရွာအုပ်စုနှင့် ပဲရင်းတောင်ကျေးရွာအုပ်စုတို့ရှိ အိမ်ထောင်စု ၁၆၈၃ စုနှင့် ဟဲဟိုးမြို့ အမှတ်(၅)ရပ်ကွက်ရှိ အိမ်ထောင်စု ၅၃ စုထံသို့ ဖြန့်ဝေပေးနိုင်ခဲ့ပြီး ကလောမြို့နယ်၌ ထောက်ပံ့မှုရယူမည့် အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၄၈၁၄ စုရှိရာ ကျန်ရှိသော ၃၀၇၈ စုထံသို့ ဆက်လက် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

### တွန်းဇံ

ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းမှ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ဆန်များကို မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆလိုင်းထောင်နှင့် တာဝန်ရှိသူများ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် လူငယ်အသင်းအဖွဲ့များ ပူးပေါင်း၍ မေ ၁၁ ရက်မှ စတင်ကာ အိမ်အရောက် လိုက်လံဖြန့်ဝေပေးလျက်ရှိသည်။ နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် စားကုန် ငါးမျိုးအနက် ဆန်တစ်မျိုးတည်းသာ ရောက်ရှိလာသေးသဖြင့် ဦးစွာ ဖြန့်ဝေထားခြင်းဖြစ်ပြီး ကျန်သော စားကုန်လေးမျိုး ထပ်မံရောက်ရှိလာပါက အမြန်ဆုံး ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် တွန်းဇံမြို့နယ်၌ ထောက်ပံ့မှုရယူမည့် အခြေခံလူတန်းစား အိမ်ထောင်စု ၁၉၂ စုရှိကြောင်း သိရသည်။ **ဝေဖြိုး(ဇလပ်မြေ)**



## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကို ကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာ ရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကို မထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့်ပါးစပ်တို့ကို တစ်ရှူးဖြင့်အုပ်၍ ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျ ပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေး ပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူ လိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံ ကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့် နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများ ရရှိနိုင်သမျှ သိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန


### အများသိစေရန်ကြေညာချက်

မုံရွာမြို့နယ်၊ ရောင်တော်ထုံးကျေးရွာနေ ဦးဇော်မင်းထက် ၅/မရန(နိုင်)၁၂၉၃၄၆ နှင့် ဇနီးဖြစ်သူ ဒေါ်ညီညီဝင်း ၅/မရန(နိုင်)၀၄၇၉၉၃၊ စက်သုံးဆီရောင်းဝယ်ရေးတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မောင်အောင်ခန့်ဇော် ၅/မရန(နိုင်)၃၀၅၂၁၁ သည် ဦးဇော်မင်းထက်နှင့် ဒေါ်ညီညီဝင်းတို့၏သား ဖြစ်ပါသည်။ ၎င်းသည် မိဘများနှင့်အတူ နေထိုင်ရာက ၂-၁-၂၀၂၀ ရက်တွင် မိဘများ၏ အုပ်ထိန်းမှုအောက်မှ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်သွားခဲ့ပါသည်။

သားဖြစ်သူ မောင်အောင်ခန့်ဇော်သည် မိဘများအားစိတ်ဆင်းရဲစေရန်၊ စိတ်ငြိုငြင်စေရန်၊ စိတ်အနှောင့်အယှက်ဖြစ်စေရန်တို့ကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် မိဘတို့၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်ခဲ့ပါသည်။

သားဖြစ်သူ မောင်အောင်ခန့်ဇော်နှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ အခြားမည်သည့်ကိစ္စအရပ်ရပ်ကိုမဆို မိဘများဖြစ်သော ဦးဇော်မင်းထက်-ဒေါ်ညီညီဝင်းတို့တွင် တာဝန်မရှိကြောင်း အောင်ခန့်ဇော်ပြုမူဆောင်ရွက်ခဲ့သည့် ကိစ္စအရပ်ရပ်နှင့် ပတ်သက်၍ မိဘများနှင့်သက်ဆိုင်ခြင်းမရှိကြောင်း ဆက်စပ်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့ကြောင့် အောင်ခန့်ဇော်နှင့် သက်ဆိုင်ပတ်သက်သည့်ကိစ္စများကို မိဘများဖြစ်သော ဦးဇော်မင်းထက်-ဒေါ်ညီညီဝင်းတို့မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းနှင့် ဤကြေညာချက်ထုတ်ပြန်သည့်ရက်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ သားဖြစ်သူမောင်အောင်ခန့်ဇော်မှ အမွေဆက်ခံခွင့်မရှိကြောင်း ၎င်းအား မိဘများမှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| (လွှဲအပ်ညွှန်ကြားသူများ) | (လွှဲအပ်ညွှန်ကြားချက်များအရ) | |
|---|---|---|
| ဦးဇော်မင်းထက် | ဦးသန်းထွန်း | ဒေါ်အေးအေးဆွေ |
| ၅/မရန(နိုင်)၁၂၉၃၄၆ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| ဒေါ်ညီညီဝင်း | စဉ်-၃၈၆၄ | စဉ်-၈၇၅၁ |
| ၅/မရန(နိုင်)၀၄၇၉၉၃ | ဗဟိုမီးသတ်တောင်ဘက် | လမ်းသွယ်(၅) |
| | ကျောက္ကာလမ်း၊ အလယ်ရပ်၊ | ချမ်းမြသာစည်ရပ် |
| | မုံရွာမြို့ | မုံရွာမြို့ |

### အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့၊ စာရေးတန်းရပ်၊ ရပ်ကွက်(၆)၊ အရှေ့လားသော်-ဦးပိုင်အမှတ်(၉၉-၁၀၀)မြေအစပ်၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးပိုင်အမှတ်(၈၉)မြေအစပ်၊ မြောက်လားသော်-ဦးပိုင်အမှတ် (၉၁)မြေအစပ်စသည့် နယ်(၄)ရပ်အတွင်းတည်ရှိသည့် ဦးပိုင်အမှတ် (၉၀) ဂရန်မြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်ဖွန်း(ဘ)ဦးရန်ရှောက်ကြွင်း ၁၃/ နခန(နိုင်)၀၃၅၇၃၇ ၏ ဇနီး ဒေါ်ခွေ့လှူ(ဘ)ဦးကျိုကျင်း ၁၃/နခန(နိုင်)၀၃၅၇၃၈ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။

အထက်ပါဂရန်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်း၏ဇနီးဖြစ်သူတို့သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်းမရှိဘဲ နေထိုင်လျက်ရှိရာ ယခုအချိန်တွင် အဆိုပါ ဦးပိုင်အမှတ် (၉၀) ဂရန်မြေကွက်၏ စာရွက်စာတမ်းများရှာဖွေမတွေ့ရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်ပြီး စာရွက်စာတမ်းများ လက်ဝယ်ကိုင်ဆောင်ထားသူများအနေဖြင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဥပဒေအရအရေးယူခံရမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးရန်ဖွန်း | ဦးသက်ထွန်းဦး(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၈၃၂၈) |
| ၁၃/နခန(နိုင်)၀၃၅၇၃၇ | ၈၄လမ်း၊ ၃၇x ၃၈လမ်းကြား၊ |
| | မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ |
| | ဖုန်း-၀၉-၇၉၇၂၅၃၁၄၅ |

### ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဦးမြင့်မောင်မောင်

**နာယက မြန်မာနိုင်ငံဆရာဝန်အသင်း-သားဖွားမီးယပ်ပညာအဖွဲ့**

ဒေါက်တာခင်ဆွေတင်၏ ချစ်လှစွာသောခင်ပွန်း ပါမောက္ခ ဦးမြင့်မောင်မောင် (နာယက၊ မြန်မာနိုင်ငံဆရာဝန်အသင်း-သားဖွားမီးယပ်ပညာအဖွဲ့) သည် ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခများနှင့်
သားဖွားမီးယပ်အထူးကု ဆရာဝန်များ
ဆေးတက္ကသိုလ်၊ မန္တလေး

### ကိုတ္တိမသမီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဦးသိန်းထွန်း ၁၂/မဂတ(နိုင်)၀၀၄၃၀၉ သည် ၁၃-၁-၂၀၂၀ ရက်တွင် မခင်မာသန်း ၁၁/ကဖန(နိုင်)၀၀၁၂၃၅ အား ကိုတ္တိမသမီးအဖြစ် မွေးစားခြင်း စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မခင်မာသန်း
၁၁/ကဖန(နိုင်)၀၀၁၂၃၅

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/8219 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၄၇၅)၊ မြေဧရိယာ ၀ ဒသမ ၁၆၃ ဧကရှိ ဒေါ်ဆွေဆွေမြင့်(ဘ)ဦးကျော်ညွှန့် ၁၃/မမတ(နိုင်)၀၂၉၀၅၅ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်ဆွေဆွေမြင့်(ဘ)ဦးကျော်ညွှန့် ၁၃/မမတ(နိုင်)၀၂၉၀၅၅ မှ မြေငှားစာချုပ်မူရင်းတင်ပြ၍ ဒေါ်လေးလေးနိုင် ၉/ပဘန(နိုင်)၁၁၁၇၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

အောင်လံမြို့၊ ဇေယျာဝတီရပ်ကွက်၊ အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ် (ခ/၁၄၉)၊ ဧရိယာ ၀ ဒသမ ၀၈၉ ဧကရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဒေါ်သောင်းကြည်၊ ဒေါ်မမ အမည်ပေါက်ပြီး ၎င်းတို့အမည်မှ အောင်လံမြို့ ဈေးကုန်းရပ်ကွက်နေ ဦးခင်မောင်ငွေ၊ ဒေါ်ငွေးရီ၊ ဒေါ်တင်တင်ဝင်းတို့အမည်သို့ အမည်ပြောင်းလဲလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အမည်ပြောင်းလဲ လျှောက်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်ငွေ
၈/မထန(နိုင်)၀၀၄၇၀၄

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျောက်တလုံးကျေးရွာ၊ နဂါးမောက်လမ်း၊ အိမ်အမှတ်(၄၇)နေ (ဦးတင်ဇော်လွင်(ခ)သားငယ်)-ဒေါ်ရီရီခိုင် ၁၀/မဒန(နိုင်)၁၁၃၆၉၆ တို့၏သား မောင်အောင်ပိုင်ဖြိုး ၁၀/မဒန(နိုင်)၂၆၃၇၃၂ သည် မိခင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘအပေါ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်း၏စိတ်ဆန္ဒအလျောက် နေအိမ်ပေါ်မှ ဆင်းသွားသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်အကြောင်းကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(ဦးတင်ဇော်လွင်(ခ)သားငယ်)-ဒေါ်ရီရီခိုင်

### ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးမြင့်မောင်မောင်(ငြိမ်း)
### BC-၃၄၆၄
### မြောက်ဥက္ကလာဆေးရုံအုပ်ကြီး(ငြိမ်း)
### သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး
### အသက်(၇၈)နှစ်

ရွှေဘိုမြို့၊ ပျဉ်ဈေးရပ်နေ(ဦးရွှင်-ဒေါ်သောင်းသောင်း)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နေ (ဦးမောင်ဦး-ဒေါ်ခင်စု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဟုမ်းလမ်း၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ 203/R4နေ ဒေါက်တာခင်ဆွေတင်၏ ချစ်လှစွာသောခင်ပွန်း၊ U.S.A Los Angeles နေ ဒေါက်တာပပစန္ဒီ-ဦးမျိုးဝင်းကျော်၊ U.S.A Los Angels နေ ရူပကလျာ- Mr. Derek တို့၏ ဖခင်သည် ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၂၀ရက် နံနက် ၁၀ နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

[အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၀ ရက်(ကြာသပတေးနေ့) ရက် နံနက် ၈နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဦးတင်ထွန်း
### ( St. Francis Boys' School ကျောင်းသားဟောင်း)
### အသက်(၇၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ် ၉(မြောက်လွှာ-က)နေ (ဦးစိန်တင်-ဒေါ်တင်ရီ)တို့၏သား၊ (ဦးကိုကိုကြီး-ဒေါ်ညိုညိုထွန်း)၊(ဦးကိုကိုလေး)-ဒေါ်မော်လီဝင်းတို့၏ညီ၊ ဦးခင်မောင်ဌေး-ဒေါ်ကြည်ကြည်ချို၊ ဒေါ်တင်တင်လတ်၊ ဦးသိန်းဆွေ-ဒေါ်သင်းသင်းလတ်(ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန-ရုံးချုပ်)တို့၏ အစ်ကို၊ ဒေါ်မေသန်းနွယ်-ဦးမိုးလှိုင်ဝင်း၊ ဒေါ်မေသက်လွင်-ဦးတင်ကိုကိုမြင့်၊ ကိုကျော်မိုးဝင်း-မကေသီတာနွယ်၊ မလတ်ဖြိုးဖြိုးအိ၊ ကိုဖြိုးဝေလတ်၊ ကိုအောင်ကိုကို၊ ကိုနန္ဒကျော်၊ ကိုဟိန်းဇော်ဆွေတို့၏ ဘကြီးသည် ၁၁-၄-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၂၀ရက်နံနက်တွင်ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဦးထွန်းအောင်
### ဆောက်လုပ်ရေး/အငယ်တန်း အင်ဂျင်နီယာ
### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် (၂၅၅/၂၅၇)နေ (ဦးကြီးမောင်-ဒေါ်အေး)တို့၏သား၊ (ဦးတင်ဦး-ဒေါ်သန်းကြင်)တို့၏ညီ၊ (ဒေါ်ခင်ကြည်)၊ (ဦးသန်းတင်-ဒေါ်စန်းရီ)၊ (ဦးဖေသိန်း)၊ (ဦးခင်လှိုင်-ဒေါ်ခင်ခင်ဝင်း)၊ (ဦးသောင်းထွန်း -ဒေါ်လှမေ)၊ ဒေါ်လှမြင့်(အလက-၂၊ ဗဟန်း)၊ (ဒေါ်ကြည်ကြည်နွဲ့)၊(ဦးမောင်မောင်)တို့၏အစ်ကို၊ (ဒေါ်ကြည်ကြည်ရွှေ)၏ခင်ပွန်း၊ ဒေါ်သဇင်အောင်၊ ဦးမျိုးထွန်း၊ ဦးသက်ရွှေအောင်၊ဒေါ်နှင်းဖြူဖြူ၊ ဦးကျော်ကျော်မိုး၊ ဒေါ်ခင်သူဇာအောင်၊ ဦးဟန်လင်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၁၀-၄-၂၀၂၀ရက် (သောကြာနေ့) ည ၁၀:၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အနိစ္စ

### ဒေါ်လှကြည် (အုန်းနဲ့)
### အသက် (၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာနေ (ဦးဘမောင်-ဒေါ်ရင်)တို့၏သမီး၊ (ဦးအောင်မြတ်-ဒေါ်လှလှ)၊ (ဦးစိုးအောင်-ဒေါ်သောင်းကြည်)၊ (ဦးဘလှ-ဒေါ်သောင်း)၊ (ဦးမောင်ချစ်-ဒေါ်လေးခင်)တို့၏ညီမသည် ၁၁-၄-၂၀၂၀ရက် (စနေနေ့) နံနက် ၁:၂၀နာရီတွင် အမှတ် ၄၅(B-3)၊ အောင်မင်္ဂလာလမ်း ဦးလေးလွင်-ဒေါ်ခင်ဥမ္မာသွင်တို့၏ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၀ရက် (စနေနေ့) ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဦးတင်ညွန့်
### မြို့နယ်ပညာရေးမှူး၊
### မော်လမြိုင်(ငြိမ်း)
### အသက် (၇၅)နှစ်

မော်လမြိုင်ခရိုင်၊ မုဒုံမြို့၊ ကွမ်တုံရပ်နေ၊ (ဦးကျင်-ဒေါ်စိန်)တို့၏သား (ဒေါ်ခင်အေးမော်)၏ခင်ပွန်း၊ ဒေါ်ခင်သန်းဆွေ (အထပြ-ငြိမ်း)၏အစ်ကို၊ ဦးဝင်းမြတ်စိုး-ဒေါ်သီရိဆွေ (မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန)၊ (ကိုမြတ်သူ)-မသီသီစန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၁-၄-၂၀၂၀ရက် ည ၁၁:၃၀နာရီတွင် မော်လမြိုင် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် မော်လမြိုင်မြို့၊ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ရော သိမ်းထိုက်
### (ဒု-ရဲအုပ်)
### အသက်(၃၇)နှစ်

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ နယ်မြေ(၈) ရေကြည်၊ အမှတ် (၈/၂၄)နေ ဦးအောင်ရှိန်-ဒေါ်ဆန်းကြည်တို့၏သား၊ မယုယုဆွေ၊ ကိုညာဏ်လွင်(ခ)ကိုဇော်တို့၏ မောင်/ညီ၊ တာလောကြီးရဲစခန်းနေ မသန္တာသီရိထက်၏ ခင်ပွန်း၊ မောင်ညာဏ်လင်းထိုက်၏ဖခင်သည် ၁၁-၄-၂၀၂၀ရက် နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၅-၄-၂၀၂၀ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

### ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်
### အသက်(၇၈)နှစ်

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာကြီး ဒေါက်တာမြင့်မောင်မောင် အသက် (၇၈) နှစ်သည် ၁၂-၄-၂၀၂၀ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

### ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင် (ငြိမ်း) သည် ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာမိသားစု**
**တပ်မတော်ဆေးတက္ကသိုလ်**

### ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်(ငြိမ်း) သည် ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါ်ရင်ရင်ဇော်နှင့်မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဦးမြင့်မောင်မောင်
### နာယက
### မြန်မာနိုင်ငံဆရာဝန်အသင်း-သားဖွားမီးယပ်ပညာအဖွဲ့

ဒေါက်တာခင်ဆွေတင်၏ ချစ်လှစွာသောခင်ပွန်း ပါမောက္ခ ဦးမြင့်မောင်မောင် (နာယက၊ မြန်မာနိုင်ငံဆရာဝန်အသင်း-သားဖွားမီးယပ်ပညာအဖွဲ့)သည် ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

### ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဦးမြင့်မောင်မောင်
### နာယက မြန်မာနိုင်ငံဆရာဝန်အသင်း-သားဖွားမီးယပ်ပညာအဖွဲ့

ဒေါက်တာခင်ဆွေတင်၏ ချစ်လှစွာသောခင်ပွန်း ပါမောက္ခ ဦးမြင့်မောင်မောင် (နာယက၊ မြန်မာနိုင်ငံဆရာဝန်အသင်း-သားဖွားမီးယပ်ပညာအဖွဲ့) သည် ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခများနှင့်**
**သားဖွားမီးယပ်အထူးကု ဆရာဝန်များ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

### ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဦးမြင့်မောင်မောင်
### နာယက မြန်မာနိုင်ငံဆရာဝန်အသင်း-သားဖွားမီးယပ်ပညာအဖွဲ့

ဒေါက်တာခင်ဆွေတင်၏ ချစ်လှစွာသောခင်ပွန်း ပါမောက္ခ ဦးမြင့်မောင်မောင် (နာယက၊ မြန်မာနိုင်ငံဆရာဝန်အသင်း-သားဖွားမီးယပ်ပညာအဖွဲ့) သည် ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခ များနှင့်**
**သားဖွားမီးယပ်အထူးကု ဆရာဝန်များ**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

### ဘုရား၊ တန်ဆောင်း၊ စေတီ၊ ပုထိုး ဒါယိကာမကြီး
### ဒေါ်ခင်တင့်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်း၊ သုံးခွရပ်ကွက်နေ (ဦးစိန်မောင်-ဒေါ်ကျင်မြိုင်)တို့၏ သမီး၊ (ဦးအောင်ဇံ-ဒေါ်စိန်) တို့၏သမီးချွေးမ၊ နေပြည်တော်နေ ဦးအောင်ကျော်တင့် (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်ဦးစီးဌာန)-ဒေါ်နန်းလှသူဇာ၊ နေပြည်တော်နေ ဗိုလ်မှူးအောင်ကျော်ဆင့်-ဒေါ်သန်းသန်းနွယ်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ ဦးအောင်သန်းလင်း [ ဦးစီးအရာရှိ၊ စုံစမ်းစစ်ဆေးရေး(စ.စ.စ၊ ပဲခူးတိုင်းဒေသကြီးရုံး]-ဒေါ်ဝါဝါဝင်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ ပဲခူးမြို့၊ ဗိုလ်ကုန်း (၁၈) ရပ်ကွက်၊ ကျိုက္ကလွန်ပွန်းလမ်းနေ ဦးထွန်းရင်၏ ချစ်လှ စွာသောဇနီးသည် ၁၂-၄-၂၀၂၀ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ပဲခူးမြို့၊ ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ ကျိုက္ကလွန်ပွန်းလမ်း၊ အမှတ် ၅၂၉ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက်တွင် ပဲခူးမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဗိုလ်မှူးကြီး ခင်အောင်(ငြိမ်း)
### O.T.S (52)
### အသက် (၆၉)နှစ်

မြင်းခြံမြို့နေ (ဦးမွေး-ဒေါ်သိန်းခင်)တို့၏သား၊ သရက်မြို့နေ (ဦးမြဟန်) -ဒေါ်ခင်နုတို့၏ သားသမက်၊ ဦးထွန်းကြူ-ဒေါ်တင်ညွန့်၊ ဦးစိုးမြင့်-ဒေါ်တင်ပိုင်တို့၏ ညီမောင်၊ သရက်မြို့၊ ရွှေဘုံသာရပ်၊ ပန်းဘဲလမ်းနေ ဒေါ်နုနုဟန်(ဒုရဲအုပ်-ငြိမ်း)၏ခင်ပွန်း (ကြည်း-၁၄၁၇၄) ဗိုလ်မှူးကြီးခင်အောင်သည် ၁၁-၄-၂၀၂၀ရက် (စနေနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် သရက်မြို့၊ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီး ခင်အောင်(ငြိမ်း)
### O.T.S (52)
### အသက် (၆၉)နှစ်

ကြည်း ၁၄၁၇၄ ဗိုလ်မှူးကြီး ခင်အောင်(ငြိမ်း)သည် ၁၁-၄-၂၀၂၀ရက် (စနေနေ့) နံနက်ပိုင်းတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့အရာရှိ၊ စစ်သည်များ**

### ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်(ငြိမ်း) သည် ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဝဏ္ဏသော်၊ ဒေါက်တာ မူမူဝင်း**

## သင့်သွေးဖြင့် အသက်ကယ်ပါ

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ထွေးရီ (ဘီးလင်း)
### အသက် (၈၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့်ဇနီး ဒေါ်ဝင်းစန္ဒာဆွေတို့၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ထွေးရီ အသက် (၈၉)နှစ်သည် ၁၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူရ ဦးမြင့်မောင် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့် ဇနီးဒေါ်အေးအေးထွန်း**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ထွေးရီ (ဘီးလင်း)
### အသက် (၈၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့်ဇနီး ဒေါ်ဝင်းစန္ဒာဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ဇနီးဒေါ်ခင်ခင်သိုက်တို့၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ထွေးရီ အသက် (၈၉)နှစ်သည် ၁၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် မြန်မာသံရုံးဝန်ထမ်းများ၊ ဒါကာမြို့**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်တင့်
### အသက်(၇၅)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်တင့်-ဇနီး ဒေါ်နန်းလှသူဇာတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်တင့်သည် ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်တင့်
### အသက်(၇၅)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်တင့်-ဇနီး ဒေါ်နန်းလှသူဇာတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်တင့်သည် ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

### ဗိုလ်ကြီး ထွန်းတင်(ငြိမ်း) အသက် (၅၉)နှစ်
### (ကြည်း-၂၄၄၇၁)
### ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၆)
### လက်ထောက်မန်နေဂျာ၊ တာဝန်ခံ၊
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊ နေပြည်တော်(ရုံးခွဲ)

နေပြည်တော်၊ မင်္ဂလာသီဒ္ဓိရပ်ကွက်၊ ကံ့ကော်အိမ်ရာ၊ တိုက်အမှတ် (၂၃၁)၊ အခန်း (၀၄)နေ ဒေါ်အေးအေးမြင့်၏ချစ်လှစွာသော ခင်ပွန်း၊ ကိုဇင်မင်းထွန်း-မချောချောခိုင်၊ ကိုကျော်မင်းထွန်းတို့၏ ဖခင်ကြီး၊ မောင်ရဲရင့်ဘုန်းမြတ်(ခ)ဘုန်းပြည့်စုံ၏ အဘိုးသည် ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၄:၂၀နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် -၁၀၀၀)၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ကြည်း-၂၄၄၇၁ ဗိုလ်ကြီးထွန်းတင်(ငြိမ်း) အသက်(၅၉)နှစ်
### ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၆)
### လက်ထောက်မန်နေဂျာ၊ တာဝန်ခံ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊
### နေပြည်တော်(ရုံးခွဲ)

နေပြည်တော်၊ မင်္ဂလာသီဒ္ဓိရပ်ကွက်၊ ကံ့ကော်အိမ်ရာ၊ တိုက်အမှတ်(၂၃၁)၊ အခန်း (၀၄)နေ ဒေါ်အေးအေးမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုဇင်မင်းထွန်း-မချောချောခိုင်၊ ကိုကျော်မင်းထွန်းတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ရဲရင့်ဘုန်းမြတ်(ခ)ဘုန်းပြည့်စုံ၏ အဘိုး သည် ၁၂-၄-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၄:၂၀နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုများနှင့်အတူထပ်တူ ဝမ်းနည်းပူဆွေးရပါသည်။

သူငယ်ချင်းကောင်းရာ သုဂတိလားပါစေ-----

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၆)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ကိုဗစ်-၁၉ ရောဂါရှိသူများနှင့် အနီးကပ် ထိတွေ့ခဲ့သူများကို စစ်ဆေးမှုမြှင့်တင်မည်

စာ » ၁၀

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၂-၄-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

စာ » ၁၅

## နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အိမ်ထောင်စုများထံ အခြေခံစားသောက်ကုန်များ ဆက်လက်ထောက်ပံ့ပေးအပ်



လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာ၌ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။ ဓာတ်ပုံ- ကျော်ဇင်ထိုက်

**နေပြည်တော် မေ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများထံ နိုင်ငံတော်က လှူဒါန်းသည့် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန် စားသောက်ကုန်များကို မေ ၁၀ ရက်မှ စတင်ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့တွင်လည်း ဆက်လက်ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့ မဟာဝိသုတာရာမ မြို့မ ဈေးကုန်းကျောင်းတိုက်၌ ထောက်ပံ့ပေးအပ်ရန် ကျန်ရှိနေသည့် ပျဉ်းမနားမြို့ ဘိုကုန်းရပ်ကွက် နယ်မြေ (၃) ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၂၂၇ စုကို အုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန် တစ်ပိဿာနှုန်းဖြင့် ထောက်ပံ့ပေးအပ်ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❍

## ငါးသိုင်းချောင်းမြို့ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများသို့ အခြေခံစားသောက်ကုန်များ အိမ်တိုင်ရာရောက်ထောက်ပံ့

**ငါးသိုင်းချောင်း မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၈ စု၌ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၉၄၅၅ စုရှိရာ နိုင်ငံတော်က ထောက်ပံ့သည့် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ၊ ဆား အခြေခံစားသောက်ကုန်ငါးမျိုးကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းက ငါးသိုင်းချောင်းမြို့ပေါ်ရပ်ကွက်များရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုဝင်များ၏ နေအိမ်များသို့ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်သည်။ (အောက်ပုံ)

*စာမျက်နှာ ၉ ကော်လံ ၁* ◆



## မရမ်းကုန်းမြို့နယ်၌ အခြေခံစားသောက်ကုန်ငါးမျိုး ပြည်သူများထံ ဖြန့်ဝေပေး

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန်ငါးမျိုးကို ပြည်သူများထံ ဖြန့်ဝေပေးမှုအစီအစဉ်ကို ယနေ့ နေ့လယ်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်၌ ဆောင်ရွက်သည်။

ထိုသို့ ဖြန့်ဝေပေးမှုအနေဖြင့် အဆိုပါ ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများအနက်မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၄၄၁ စုကို အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန် တစ်ပိဿာ စုစုပေါင်း အခြေခံစားသောက်ကုန်ငါးမျိုးတို့ကို သက်ဆိုင်ရာ၏ ကြီးကြပ်မှုဖြင့် ပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့မှုများ ပြုလုပ်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✪



## ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ဟယ်ရီကိန်းအား မန်ယူအသင်းသို့ စပါးရောင်းချဖွယ်ရှိ

စပါးအသင်းဥက္ကဋ္ဌ ဒန်နီရယ် လီဗိုင်းသည် အသင်း၏ ဘဏ္ဍာရေးအခက်အခဲကြောင့် အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ ဖြင့် မန်ယူအသင်းသို့ ရောင်းချဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

စပါးအသင်း၏ ဘဏ္ဍာရေးအကျပ်အတည်းမှာ အခြားသော ပရီမီယာလိဂ်အသင်းများထက် ပိုမိုမြင့်မားနေပြီး ကွင်းသစ်အတွက် ကြွေးမြီ တစ်ဘီလီယံပေးချေရန် ရှိနေကြောင်း သိရသည်။ ထွက်ပေါ်လာသော သတင်းများအရ စပါးအသင်းသည် ကွင်းသစ်အတွက် ပေါင် ၆၃၇ သန်းနှင့် ကစားသမားအပြောင်းအရွှေ့တွင် ပေါင် ၈၃ သန်း ပေးချေရန် ရှိနေကြောင်း သိရသည်။

ဟယ်ရီကိန်းကလည်း မကြာသေးမီက စပါးအသင်းမှ ထွက်ခွာမည်ဟု အရိပ်အမြွက် ပြောကြားထားကြောင်း သိရသည်။ ဟယ်ရီကိန်း၏ အဆိုပါ အပြောင်းအရွှေ့ဖြစ်မြောက်လာပါက ယခင် ၂၀၁၇ ခုနှစ်တွင် ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို နေမာ၏ အပြောင်းအရွှေ့အတွက် ပေါင် ၁၉၈ သန်းပေးချေပြီး *စာမျက်နှာ ၁၁ ကော်လံ ၂* ❐

